
www.burmeseclassic.com



# တို့ငယ်ဝရတနာသိုက်

# တောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၅၁၀၃၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၄၂၀၅၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၀၉၊ နိုဝင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း ၊ထောင်မှူးကြီး
တုံ့ယယ်ဝရတနာသိုက် / ထောင်မှူးကြီးသိန်းဝင်း ။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၁၉၂ - စာ ၊ ၁၂ . ၃ စင်တီ x ၁၈ စင်တီ။
(၁) တုံ့ယယ်ဝရတနာသိုက်

# စာရေးသူ၏ အမှာ

ဤဝတ္ထုသည် ကျွန်ုပ်၏ (၁၀)အုပ်မြောက် ဖြစ်ပါသည်။ ""သစ်တောအရေးပိုင် ဦးနေအောင်နှင့် ရှာပုန်းများ"" ဝတ္ထုအား ရေးသားပြီးနောက် ကျွန်ုပ်အနေဖြင့် မိတ်ဆွေကြီး ဦးနေအောင်၏ သစ်တောဌာနနှင့် ကျွန်ုပ်လုပ်ကိုင်ခဲ့သော အကျဉ်းဌာန အကြောင်းကို ဆက်စပ်ရေးသားလိုစိတ် ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ကသာမြို့တွင်ရှိသော အပေါင်းအသင်းများဖြစ်ကြသည့် ထောင်မှူးဦးမြင့်ဆွေ၊ တောအုပ်ကိုဇော်မင်းနှင့် သစ်တော အရေးပိုင် ဦးနေအောင်၊ စာရေးကိုကျော်စိန်ဝင်းတို့အား အမှတ်တရ အဖြစ် ဤဇာတ်လမ်းအား ရေးသားခြင်း ဖြစ်ပေသည်။

ရေးသားရာတွင်လည်း အကျဉ်းထောင်လုပ်ငန်း အကြောင်း သစ်တောလုပ်ငန်းများ အကြောင်းကို စာဖတ်သူများ ဗဟုသုတဖြစ်စေရန် အလို့ငှာ တင်ပြထားပါသည်။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

သစ်တောဌာန လုပ်ငန်းများအကြောင်းကို စိတ်ရှည်လက်ရှည် အသေးစိပ်ပြောပြခဲ့သော သစ်တောအရေးပိုင်(ငြိမ်း) ဦးစန်းအောင်နှင့် ကသာမြို့ ယင်းခဲ မြတောင်၊ သစ်တောကြိုးဝိုင်းများ အကြောင်း မြေပုံနှင့်တကွ ရှင်းပြခဲ့သော သူငယ်ချင်း ကိုကျော်မိန်ဝင်းအားလည်း ကျေးဇူးအထူး တင်ရှိပါကြောင်း –

တောင်မှူးကြီးသိန်းဝင်း

တောင်မှူးကြီးသိန်းဝင်း

# ကိုငယ်ဂ ရတနာသိုက်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကျွန်ုပ်တောင်မှူးပေါက်စဘ၁၀ ၁၉၅၆–ခုနှစ်က ကသာမြို့သို့ ပြောင်းရွှေ့အမှုထမ်းရသည်။ ရန်ကုန်မှ မန္တလေးသို့ ရထားစီးပြီး မန္တလေးထောင်(နန်းတွင်း)တွင် ညအိပ်တည်းခိုရသည်။

မန္တလေးမှ ကသာသို့ မီးရထားလမ်းရှိသော်လည်း ထင်း၊ မီးသွေး၊ စက်ခေါင်းကြီး များဖြစ်၍ စိတ်မချရသောကြောင့် ရေလမ်းခရီးမှသွားရန် ဆရာသမား မိတ်ဆွေများက တိုက်တွန်းကြသဖြင့် ရေလမ်းခရီး အတွေ့အကြုံရစေရန် (P) အမျိုးအစား၊ အငယ်စားများ ဖြစ်ကြသည့် သင်္ဘောများ၊ ပပဝင်း၊ ပုဏ္ဏားပျံနှင့် ပဒုမ္မာတို့အနက်မှ အစောဆုံး ထွက်မည်ဖြစ်သည့် "ပပဝင်းသင်္ဘော"ကလေးကို ရွေးခဲ့သည်။

မနက် (၆)နာရီတွင် ဂေါ်ဝိန်ဆိပ်မှ သင်္ဘောထွက်မည်ဖြစ်၍ မနက်(၅)နာရီတွင်အိပ်ယာထရပြီး၊ ထောင်မှလိုက်ပို့သည့် Toyopet ကားလေးဖြင့် ဆိပ်ကမ်းသို့ ဆင်းရသည်။





သင်္ဘောမထွက်သေး၍ ဆိပ်ကမ်းပေါ်တွင် မနက်စာ လက်ဖက်ရည်နှင့် ထမင်းကြော်စားသောက်ပြီးမှ ကျွန်ုပ်လိုက်ပို့သူများကို နှုတ်ဆက်ပြီး သင်္ဘောဆင်းခဲ့တော့သည်။ 'ပပဝင်းသင်္ဘော'မှာ အငယ်စားဖြစ်၍ မော်တော်ထက် အနည်းငယ်သာကြီးသော တစ်ထပ်သင်္ဘောကလေးသာဖြစ်သည်။

ဤလမ်းခရီးတွင် ဗန်းမော်မြို့အထိ (P) အမျိုးအစား အကြီးများဖြစ်ကြသည့် ပွင့်ဖြူ၊ ပြည်သူ၊ ပတ္တမြား၊ ပြဒါးပျံ၊ ပုညာနှင့် ပြဒါးရှင် သင်္ဘောကြီးများလည်း ရှိသည်။ ၎င်းသင်္ဘောကြီးများက လူနှင့်ကုန်ပါ တင်သဖြင့် အလွန်နှေးသည်။

မန္တလေးမှ စဉ့်ကူ၊ သပိတ်ကျင်း၊ တကောင်း၊ ထီးချိုင့်ကို ကျော်ပြီး နှစ်ညအိပ် (၃)ရက်ကြာမှ ကသာသို့ ရောက်သည်။ ရေဆန်ခရီးဖြစ်၍ ကြာခြင်းဖြစ်သည်။ ရေလမ်းခရီးတွင် ဖေါင်မျှောလာခြင်းကိုလည်း စောင့်စားရှောင်ရသေးသည်။

သင်္ဘောကြီးများစီးလျှင်တော့ လေးငါးရက်ကြာသည်ဟု သိရသည်။ ရထားလမ်းကတော့ ဤမျှကြာမည်မထင်။ စိတ်မချရသော စက်ခေါင်းကြီးများဖြစ်၍ ကျွန်ုပ်မစီးရဲခဲ့ပါ။ တစ်ကိုယ်တော် လူလွတ်ဖြစ်၍ ပြဿနာတော့ မရှိပါ။ ရောက်ချိန်တန်၍ ချောမောစွာ ရောက်ရန်သာ အရေးကြီးပေသည်။

ကသာမြို့ကို ဖက်ဆွတ်တောင် စိမ်းညို့ညို့ကြီးက ကာလနားသတ်ထားသည်။ ရောဝတီအနောက်ဘက်ကမ်းတွင် တည်ထားသည့် ကသာမြို့ကို မြစ်ယံအတွင်းက မျှော်ကြည့်လိုက်မှ ပို၍လှမှန်း သတိပြုမိသည်။

မြို့ပတ်ကမ်းနားတွင် မြစေတီတော်နှင့် တာဝတိံသာ၊ မဟာအဘယစေတီတို့ကို ကြည်နူးစွာ ဖူးတွေ့ရသည်။ ထို့အပြင် ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



တွင် မော်တော်များ၊ လှေများနှင့် ရေကြောင်းပြသင်္ဘောများ ဆိုက်ကပ်ထားသည်။

ထို့ကြောင့်ပင် ရှေးအခါက ကသာကို "ကမ်းသာ"ဟု ခေါ်ဝေါ် သမုတ်ခဲ့ကြသည်ဟု သိရသည်။ ရှမ်းဘာသာစကားဖြင့်လည်း "ကပ်ဆာ"ဟု ခေါ်ခဲ့ကြဖူးသည်။ အမိပ္ပါယ်မှာ "မိုင်းသာဈေးမြို့"ဟု အဓိပ္ပါယ်ရသည်။

ထို့အတူ ကဒူးရာဇဝင်တွင် "ကဆာ"များမြို့ဟုလည်း ခေါ်တွင်ခဲ့ကြောင်း သိရသည်။ မြန်မာသက္ကရာဇ် ၃၉၅–ခုနှစ်တွင် ပုဂံအနော်ရထာမင်းစောတည်ခဲ့သည့် ကင်းမြို့ကြီး(၄၃)မြို့အနက် "ကသာ"သည်လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

ထိုစဉ်က ကင်းမြို့များဖြစ်ကြသည့် မိုးတားနှင့် ယင်းခဲတို့သည်လည်း ဧရာဝတီ၏ အရှေ့ဘက်ကမ်းတွင် ရွာကြီးများအဖြစ် ယခုအချိန်အထိ တည်ရှိနေဆဲဖြစ်သည်။

ကသာမြို့၏ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အရှေ့ဘက်တွင် ရွှေကူမြို့နယ်နှင့် ရှမ်းပြည်နယ်၊ မဘိန်းမြို့နယ်၊ တောင်ဘက်တွင် ထီးချိုင့်မြို့နယ်၊ အနောက်ဘက်တွင် အင်းတော်မြို့နယ်က ဝန်းရံနေသည်။

ကသာမြို့အား မင်းဝံတောင်တန်းကြီး၊ ဖက်ဆွတ်တောင်တန်းကြီးနှင့် လွယ်ကူးတောင်တန်းကြီးတို့က ကာရံထားသည်။ ကသာမြို့နယ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ယင်းမာ၊ ယမနေနှင့် ရုံးစသည့် အဖိုးတန်သစ်များအပြင် ကမ်းစပ်၌ မိုးမခ၊ ရေချင်းယား၊ ထရော်ပင်နှင့် တဖင်းပင်များလည်း အုံနှင့်ကျင်းနှင့် ပေါက်ရောက်နေသည်။ မြို့နယ်တစ်ခုလုံး၏ လေးပုံသုံးပုံမှာ သစ်တောကြီးများဖြစ်၍ ကသာမြို့ရာသီဥတုမှာ အေးချမ်းလှသည်။





ကသာဆိပ်ကမ်းရောက်တော့ မွန်းတည့် (၁၂)နာရီကျော်ခန့်ရှိပြီဖြစ်၍ နီးစပ်ရာဆိုင်တွင် ထမင်းဝင်စားရာ၊ သားငါးမျိုးစုံရသည်။ တောကောင်သားများသာမက ငါးဟင်းအမျိုးမျိုးရသည်။

ထူးဆန်းသည်မှာ ငါးဖန်းမငါးများမှာ လက်ဖဝါးခန့်အရွယ်ရှိ၍ ကင်ထားသည်မှာ အဆီရွှဲရွှဲစိုပြီး ဝင်းဝါနေသည်။ လတ်ဆတ်သဖြင့် စား၍ အလွန်စိမ့်သည်။

စားသောက်ပြီးနောက် ဆိုက်ကားငှား၍ ကသာထောင်သို့ ပို့ခိုင်းရသည်။ လမ်းမှာလည်း ကတ္တရာလမ်းမဟုတ်၊ ကျောက်ခင်းလမ်းသာဖြစ်သည်။ ကားအသွားအလာကို မမြင်ရ။ မြို့လယ်ဈေးရောက်တော့ (GMC) သစ်တိုက်ကားကြီးများနှင့် ဂျစ်ကားအချို့ကိုသာ ရပ်ထားသည်ကို မြင်ရသည်။

ဈေးတောင်ဘက်လမ်းအတိုင်း ဆိုက်ကားနင်းလာရာ မြို့စွန်ရောက်သည်နှင့် အုတ်ရိုးမဲမဲကြီး ကာရံထားသည့် ကသာထောင်လေးသို့ ရောက်တော့သည်။ အင်းစိန်ထောင်ကြီးနှင့် နှိုင်းဆလျှင် ဆယ်ပုံတစ်ပုံခန့်သာ ရှိပါလိမ့်မည်။

ကသာထောင်တွင် ကျွန်ုပ်နှင့် အပတ်စဉ်တူ၊ သင်တန်းဆင်းကိုမြင့်ဆွေကြီးရှိသည်။ ထောင်ပိုင်က ဦးအုန်းမောင်၊ အလွန်သဘောကောင်းသူ ဖြစ်သည်။ ထို့ကြောင့် ကသာထောင်တွင် ကျွန်ုပ်အတွက် ပူစရာမလိုချေ။

ထောင်ဗူးဝရောက်သည်နှင့် ဝန်ထမ်းများက လာကြိုသည်။ ထောင်ပိုင်ဦးအုန်းမောင်နှင့် ထောင်မှူးကိုမြင့်ဆွေတို့လည်း ထွက်လာကြသည်။

✲✲✲✲✲✲✲✲✲✲



www.burmeseclassic.com

www.burmeseclassic.com



**ဦးအုန်းမောင်** ။ "လာဗျို့ . . . ကိုသိန်းဝင်း။ အမိန့်စာရောက်ကတည်းက ကျွန်တော်တို့ မျှော်နေတာ။ လမ်းခရီးမှာ ကြန့်ကြာသွားတယ် ထင်တယ်"

**ထွန်းနိုင်** ။ "မဟုတ်ပါဘူး ဆရာ၊ လမ်းခရီးမှာ အဆင်ပြေပါတယ်။ အင်းစိန်ထောင်အချုပ်ရုံးမှာ ဝါးရမ်းတွေ လွှဲနေရလို့ ကြာသွားတာပါ။ ဟိုက ချုပ်ဝါရမ်းက (၂၀၀၀) ကျော် တယ်ဆရာ"

**ဦးအုန်းမောင်** ။ "အေးဗျာ . . . ကျုပ်တို့ ကသာမှာတော့ အချုပ်သား(၁၀၀)လောက်နဲ့ အကျဉ်းသား (၆၀) လောက်၊ အမျိုးသမီးကျ/ချုပ် (၁၅)ယောက်လောက်ပဲ ရှိတယ်။ တာဝန်ပေါ့တာပေါ့ဗျာ"

**ထိုမြင့်ဆွေ** ။ "သူငယ်ချင်း . . . ထမင်းရော စားပြီးပြီလား။ ဒီမှာ အားနာစရာမရှိဘူး။ ချက်ချင်း စီစဉ်လို့ရတယ်"

**ထွန်းနိုင်** ။ "စားပြီးပါပြီဗျာ။ ကသာဆိပ်ကမ်းရောက်တာနဲ့ နီးစပ်ရာဆိုင်မှာ စားခဲ့ပြီ။ သားငါး အလွန်ပေါတယ် ဗျနော်"

**ဦးအုန်းမောင်** ။ "ဟုတ်ပါတယ်။ ကသာက အသား၊ ငါးအလွန်ပေါပါတယ်။ ဟင်းသီးဟင်းရွက်လည်း ပေါပါတယ်။ မိန်းမချောတွေလည်း ပေါပါတယ်။ ခင်ဗျားတို့လို လူပျိုထောင်မှူးတွေအတွက် အဆင်ပြေပါတယ်"

**ထိုမြင့်ဆွေ** ။ "စားဖို့သောက်ဖို့တော့ မပူနဲ့ဗျို့။ ချက်စားစရာ ဝယ်စားစရာ မလိုဘူး။ ရိက္ခာရုံးက ကျွန်တော်တို့ လူပျိုထောင်မှူးတွေအတွက် အမြဲတမ်းချက်





ပေးပါတယ်။ စားချင်ရာတော့ မရဘူးပေါ့ဗျာ။ အဆင်ပြေအောင်တော့ လုပ်ပေးပါတယ်"

**ထွန်းနိုင်** ။ "ရပါတယ်ဗျာ။ အဆင်ပြေသလိုပေါ့။ စားမကောင်းတော့လည်း တစ်ခါတစ်ရံ အပြင်ထွက်စားကြတာပေါ့"

**ထိုမြင့်ဆွေ** ။ "အပြင်က ဖိတ်ကျွေးတာလည်း အများကြီးပါဗျာ။ ဒီမြို့မှာ အစိုးရဝန်ထမ်းကနည်းတော့ ဟိုကဖိတ်ကျွေး၊ ဒီကဖိတ်ကျွေးနဲ့ တစ်ပါတ်နှစ်ခါလောက်တော့ အပြင်မှာစားရတာ များပါတယ်"

**ထွန်းနိုင်** ။ "ဒီမြို့မှာ ဘာလုပ်ငန်းတွေ များသလဲဗျ"

**ဦးအုန်းမောင်** ။ "သစ်လုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်းနဲ့ ကိုင်းလုပ်ငန်းတွေပဲရှိပါတယ်။ မိုးတွင်းဘက် "တဖင်း"သီး ပေါ်ချိန်မှာတော့ တဖင်းသီးကောက်တဲ့ လုပ်ငန်း ရှိတယ်ဗျ"

**ထွန်းနိုင်** ။ "တဖင်းသီးက ဘာလုပ်ရတာလဲဗျ"

**ဦးအုန်းမောင်** ။ "တဖင်းပင်က မရမ်းပင်လို အပင်မျိုးဗျ။ ချောင်းကမ်းစပ်မှာပေါက်တာ။ အလေ့ကျ ပေါက်ပင်ပါ။ မိုးရာသီမှာ အသီးကြွေတယ်။ ရေထဲမှာ လှေတွေနဲ့ လိုက်ဆယ်ပြီး ကောက်ရတာ။

အဲဒီ အသီးထဲက အစေ့ထုတ်ပြီး ဆပ်ပြာချက်လုပ်ငန်းအတွက် မြို့နယ်သမဝါယမကို ရောင်းရတာ။ ပဒေသာပင်ပေါ့ဗျာ။ အဲဒီအချိန်မှာ ဆင်းရဲသား လက်လုပ်လက်စားတွေ ငွေရှာကြတာပေါ့။ တဖင်းပင်ကလည်း ချောင်းကြို ချောင်းကြား၊ လတာအနှံ့ပေါက်တာဗျ။ ဒီမြို့နယ်မှာ ထူးခြားတာကတော့ ယောက်ျားတွေက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မလုပ်ကြဘူး။ မိန်းမနဲ့ ကလေးတွေက အောက်ခြေသိမ်းလုပ်ကြတာများတယ်''

**ဏ္ဍုန့်ဝ်** ။ ''ယောက်ျားတွေက ဘာကြောင့် အလုပ်လုပ်တာနည်းတာလဲဗျ''

**ဦးအုန်းမောင်** ။ ''ဒေသခံတွေက ဘိန်းနဲ့နွယ်ပြီး ဖိမ်ခံနေကြတာများတယ်။ ဒီမှာ ကဒူး၊ ကနန်းနဲ့ ခန္တီးရှမ်းတွေများတယ်။ သစ်လုပ်ငန်း လုပ်ကြတယ်ပေါ့ဗျာ။ ဘိန်းကလည်းပေါတော့ ဖိမ်ခံကြတာပေါ့။ ဒီမြို့လောက် အလုပ်ပေါတာ ဒီမြို့ပဲရှိမယ် ထင်တယ်။ အရင်းအနှီးမရှိဘဲ သစ်ဝါးဆယ်ပေးရုံနဲ့ ပိုက်ဆံရနိုင်တယ်''

**ဏ္ဍုန့်ဝ်** ။ ''အမှုအခင်းတွေကရော ဘာတွေ အဖြစ်များသလဲ''

**ဦးအုန်းမောင်** ။ ''သစ်ခိုးမှု၊ သစ်လိမ်မှု နဲ့ ရန်ဖြစ်မှု၊ ဓါးခုတ်မှုလောက်ပါပဲ။ အဲ . . . ဘိန်းမှုလည်း ရှိတတ်တယ်။ တခြားအမှုကြီးတွေကတော့ ရှားပါတယ်။ ဓါးပြမှုနဲ့ လူသတ်မှုကတော့ ဖြစ်ခဲပါတယ်''

**ထိုဖြဝ့်ဆွေ** ။ ''ကဲ . . . သူငယ်ချင်းလည်း နားချင်ရောပေါ့။ ဆရာဦးအုန်းမောင်က အရှေ့ဂါတ်ကြီးပေါ်မှာနေတာ။ ကိုယ်က အနောက်ဂါတ်ကြီးပေါ်မှာ၊ အတူနေကြတာပေါ့။

ရေမိုးချိုးအနားယူပြီး ညနေမြို့ထဲထွက် စားကြ၊ သောက်ကြတာပေါ့။ အလုပ်လွှဲတာတော့ မနက်ဖြန်ပဲ လုပ်ကြမယ်''

**ဦးအုန်းမောင်** ။ ''ဦးသိန်းဝင်းက ''ထောက်''ကိုင်ရမှာ ဆိုတော့ သက်သာပါတယ်။ နေ့စဉ်ရိက္ခာ ထုတ်ပေးမှာက ထောက်ဌာနစာရေးကြီး ဦးလှအောင်နဲ့ဝန်ထမ်းတွေ ရှိပါတယ်။တစ်လ နှစ်ခါ၊ သုံးခါလောက်ပဲ ကုန်သွယ်ရေးရုံးသွားပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊





လိုက်ရုံပါပဲ''

**ဏ္ဍုန့်ဝ်** ။ ''ဟုတ်ကဲ့ ထောင်ပိုင်ကြီး''

ထိုစဉ်က ထောင်ပိုင်လုပ်သူမှာ ထောင်မှူးကြီးအဆင့်သာရှိပါသည်။ ကျွန်ုပ်တို့ထက် တစ်ဆင့်သာမြင့်သည်။ သို့သော် အတွေ့အကြုံရှိသော စိနီယာသမားများ ဖြစ်ကြသည်။

ကျွန်ုပ်နှင့် ကိုမြင့်ဆွေ အနောက်ဂူးကြီးသို့ လာကြ၍ ကျွန်ုပ်ရေချိုးပြီး အဝတ်အစားလဲရန် အနားယူနေစဉ် ကိုမြင့်ဆွေ အလုပ်ပြန်ဝင်သွားသည်။ ကသာထောင်မှာ အင်္ဂလိပ်ခေတ်က ထောင်ဖြစ်၍ သက်တမ်းက တစ်ရာကျော်နေပြီး ခေတ်မမီတော့ပါ။

သို့သော် သစ်ဝါးပေါသော ဒေသဖြစ်၍ အဆောက်အဦးများမှာ ခိုင်ခံ့လှသည်။ ရေနံဆေးဝပြီး မဲပြောင်နေသည်။

ညနေအိပ်ယာထ ရေထပ်ချိုးပြီး ကျွန်ုပ်အဝတ်အစား လဲနေစဉ် ကိုမြင့်ဆွေ ထောင်ပိတ်ပြီး၍ ပြန်လာသည်။ သူတို့ထောင်က လူနည်း၍ ထောင်ပိတ်ရသည်က လွယ်ဟန်တူသည်။

အဝင်အထွက်ကလည်း အလွန်နည်းပေမည်။ ကျွန်ုပ်တို့ အင်းစိန်ထောင်မှာတော့ အဝင်အထွက်များလွန်း၍ ညနေ(၆)နာရီမှ ထောင်စပိတ်နိုင်ပြီး (၇)နာရီကျော်မှ ထောင်ပိတ်ပြီးလေ့ရှိသည်။

❁❁❁❁❁❁❁❁❁❁❁



www.burmeseclassic.com

www.burmeseclassic.com



**ထိုမြင့်ဆွေ** ။ ''သူငယ်ချင်းက ရေတောင်ချိုးပြီးနေပြီကိုး။ ဒီနေ့ ကိုယ်တာဝန်မှူးကျတယ်။ သူငယ်ချင်းနဲ့ အပြင်ထွက်ဖို့ ချိန်းထားတော့ တပ်ကြပ်ကြီး ဦးစိန်သောင်းကို တာဝန်လွှဲပေးလိုက်တယ်။ မနက်ဖြန်မှ ဝင်တော့မယ်။ ကိုယ် ရေချိုးလိုက်ဦးမယ်။ ခဏစောင့်နော်''

**ထျွန်းဝိ** ။ ''အေးပါသူငယ်ချင်း။ ဖြည်းဖြည်းလုပ်ပါ။ အချိန်စောပါသေးတယ်''

**ထိုမြင့်ဆွေ** ။ ''မစောနဲ့ သူငယ်ချင်းရေ။ ဒီက မီးစက်က (၁၀) နာရီဆို ပိတ်တာ။ (၉)နာရီလောက် ပြန်လာမှ အံကိုက်ကျမယ်''

ကျွန်တော်တို့ ထွက်ခဲ့ကြတော့ ညနေ(၆)နာရီပင် မထိုးသေးပါ။ နိုဝင်ဘာလအတွင်း ဆောင်းကာလဖြစ်၍ အတန်ငယ်အေးလာသည်။ မြောက်ဘက်သို့ လျှောက်လာကြရာ (၁၅)မိနစ်ခန့်ကြာတော့ မြို့လယ်ဈေးသို့ရောက်သည်။ ဈေးကြီးကတော့ နေ့၊ ညမပြတ် စည်ကားနေသည်။

ဈေးလယ် သစ်ကားကြီးများရပ်ထားသော ''ရွှေကမ်းသာ'' စားသောက်ဆိုင်အတွင်းသို့ ဝင်ခဲ့ကြသည်။ ဆိုင်မှာ လူအတန်စည်ကားနေသည်။ ကျွန်ုပ်တို့ စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်စဉ် စားပွဲထိုးရောက်လာသည်။ ထိုစဉ် စားပွဲထိုးနောက်မှ လူနှစ်ယောက် ပေါ်လာပြီး –

''ကိုသိန်းဝင်း မဟုတ်လား။ လာ . . . လာ အဲဒီမှာ မထိုင်နဲ့။ ကျွန်တော်တို့ဝိုင်း ခုံလာပေါင်းပါ''





**ထျွန်းဝိ** ။ ''ဟာ . . . ဖိုးကျော်နဲ့ ကိုဇော်မင်းတို့ ပါလား။ ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်က အားရက်မှ မေးစမ်းပြီး လာခဲ့မလို့''

ကျွန်ုပ်နှင့် ကိုမြင့်ဆွေ သူတို့ဝိုင်းသို့ ပြောင်းရသည်။ သူတို့ဝိုင်းက ဆိုင်အနောက်ဘက် ထောင့်တွင်ဖြစ်သည်။

✲✲✲✲✲✲✲✲✲✲✲

**ထိုဇော်မင်း** ။ ''ဝမ်းသာလိုက်တာ ကိုသိန်းဝင်းရာ ကျွန်တော်တို့ ကွဲသွားတာ ကြာပြီနော်။ တစ်ခါမှ ပြန်မဆုံကြဘူး။ ခင်ဗျားထောင်မှူး ဖြစ်သွားတာတော့ ကြားပါတယ်''

**ထျွန်းဝိ** ။ ''ဒါထက် ခင်ဗျားတို့ရော ဘာလုပ်နေကြသလဲ''

**ထိုဇော်မင်း** ။ ''ကျွန်တော်က ဒုတိယ တောအုပ်ပေါ့ဗျာ။ ကျော်စိန်ဝင်းကတော့ သူ့အဖေသစ်ကားကို မောင်းနေတယ်။ သူလည်း မကြာခင် သစ်တောဌာန ဝင်ပြီး စာရေးဖြစ်တော့မှာပါ''

**ထျွန်းဝိ** ။ ''သစ်ကားမောင်းတာ ပိုဝင်ငွေမကောင်းဘူးလား''

**ထိုဇော်မင်း** ။ ''ဝင်ငွေပိုရတာမှန်ပေမယ့် ဒီမြို့မှာက အစိုးရဝန်ထမ်းမှ အရာဝင်တာဗျ။ အစိုးရဝန်ထမ်းမှ ဂုဏ်ရှိတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



**ထွန်းဝ** ။ ''ဝမ်းသာလွန်းလို့ ကျွန်တော့် သူငယ်ချင်းနဲ့တောင် မိတ်ဆက်မပေးရသေးဘူး။ ဒါက ကသာထောင်မှူး ဦးမြင့်ဆွေ။ သူတို့ကတော့ ကျွန်တော်နဲ့ တက္ကသိုလ်တုန်းက ကျောင်းနေဘက် သူငယ်ချင်းတွေပဲ။ ကိုဇော်မင်းနဲ့ ကိုကျော်စိန်ဝင်းတဲ့''

**ကိုမြင့်ဆွေ** ။ ''တွေ့ရတာ ဝမ်းသာပါရဲ့ဗျာ။ တစ်မြို့သားထဲဆိုတော့ တွေ့ဖူးကြမှာပါ''

**ကိုဇော်မင်း** ။ ''တွေ့ဖူးတာပေါ့ဗျာ။ မရင်းနှီးတာဘဲ ရှိမှာပါ။ ဆရာတို့ အမျိုးသမီးဆောင်ပြင်တုန်းက သစ်လာလျှောက်ဖူးတယ်လေ''

**ထွန်းဝ** ။ ''ဟုတ်ပြီဗျို့။ ကိုဇော်မင်းပဲ ထင်ပါရဲ့ လိုက်ဆောင်ရွက်ပေးတာလေ။ နောက်ပြီး နေပါဦးလက်မှတ်ထိုးပေးတဲ့ တောအုပ်ကြီးက ဘယ်သူပါလိမ့်။ အလွန်သဘောကောင်းတယ်လေ''

**ကိုဇော်မင်း** ။ ''ဩော် ... အဲဒါ တောအုပ်ကြီး ဦးနေအောင်ပါ၊ ကျွန်တော်တို့ဆရာ။ ကျော်စိန်ဝင်းရဲ့ အမျိုးပေါ့''

**ကျော်စိန်ဝင်း** ။ ''ဟောကောင် ... ဇော်မင်း အသာနေစမ်း ဘာအမျိုးလဲ''

**ကိုဇော်မင်း** ။ ''ဘာအမျိုးကမှာလဲ မင်းယောက်ဖလောင်းပေါ့ ဟ . . တုံးရ''

''ဟား . . . ဟား . . . ဟား''

ကျွန်ုပ်တို့ ဝိုင်းရယ်ကြသည်။ ကျော်စိန်ဝင်းကတော့ ငြိမ်ကုပ်သွားသည်။ ကျွန်ုပ်တို့ငယ်ပေါင်းများ ဖြစ်ကြ၍ ဝမ်းသာအားရ စကား





ပြောရင်း စားကြသောက်ကြသည်။

စားသောက်ပြီး၍ ကျွန်ုပ်တို့က ငွေရှင်းမည်ပြုတော့ ကိုဇော်မင်းက အရှင်းမခံ။ သူ့ဘာသာ ရှင်းလိုက်သည်။

**ကျော်စိန်ဝင်း** ။ ''သစ်တောကကောင်တွေ ထောနေတော့ ရှင်းပေါ့ကွာ။ ကျုပ်တို့က ကားဒရိုင်ဘာဆိုတော့ ကပ်သောက်ရမှာပေါ့''

**ကိုဇော်မင်း** ။ ''ဟောကောင် . . . ငကျော် ငါတို့က ဝန်ထမ်းကွ။ မြို့ခံအနေနဲ့ ငါကရှင်းတာ။ ထောတာက မင်းတို့ပါ။ ကိုသိန်းဝင်းရေ သူ့အဖေက (GMC) သစ်ကားကြီး နှစ်စီး၊ သုံးစီးပိုင်တဲ့ သစ်ကုန်သည်ကြီးဗျ။

ရွှေဘုန်းရှိန်ရပ်ကွက်မှာ သစ်ကုန်သည်သူဌေးကြီး ဦးခင်ဟုတ်၊ ဒေါ်ကြည်ကြည်ဆိုရင် ဘယ်သူ့မေးမေးသိတယ်''

**ထွန်းဝ** ။ ''သိပါတယ်ဗျာ၊ ကျော်စိန်ဝင်းက တက္ကသိုလ်မှာကတည်းက သူဌေးသားတဲ့။ အိမ်ကိုလိမ်ပြီး ငွေလှမ်းမှာလို့ ဖဲရိုက်တဲ့ကောင် ဖဲလိမ်ဝိဇ္ဇာလေ''

**ကျော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း ခင်ဗျားရောက်တာ မှားပြီထင်တယ်။ ကျုပ်က ဇော်မင်းကို နိုင်နေကျဗျ။ အခုတော့ ဇော်မင်းဘက်က ခင်ဗျားပါ ပါလာတော့ ကျုပ်ရှုံးပြီထင်တယ်''

**ကိုမြင့်ဆွေ** ။ ''မပူနဲ့ ကျော်စိန်ဝင်းရေ ကျွန်တော်လည်း ဝါသနာပါတယ်ဗျ။ အားရင် ကျွန်တော်တို့ဆီ လာခဲ့ဗျာ။ ကျွန်တော်တို့က ထောင်အနောက်ဘက်ဗူးကြီးပေါ်မှာ နှစ်ယောက်တည်းနေတာ။ ဝိုင်းလို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ (၆)နာရီဆိုရင် အားပြီ။ လာခဲ့ကြဗျာ။ သောက်ဖို့ စားဖို့လည်း ကျွန်တော်စီစဉ်ပေးပါ့မယ်''

**ထိုဇော်ခင်း** ။ လာပြီးသားပေါ့ဗျာ။ ဝေးတာမှတ်လို့။ ကျွန်တော် ကတော့ သစ်တောရုံးမှာ အိမ်လုပ်ပြီးနေတာ။

မနက်ဖြန် ကျော်စိန်ဝင်းတို့အိမ်မှာ ဝိုင်းလုပ်မှာဗျ။ လာခဲ့ကြဦး။

ကျော်စိန်ဝင်းက ညစာစားဖို့ ဖိတ်ထားတယ်။ ဖိတ်တာကတော့ ကျွန်တော့်ဆရာ၊ တောအုပ်ကြီး ဦးနေအောင်ကို ဖိတ်တာပါ။ ခင်ဗျားတို့နဲ့ မိတ်ဆက်ပေးမယ်လေ''

**ထွန်းနိုင်** ။ ''မလာချင်ပါဘူးဗျာ။ ကျော်စိန်ဝင်းက ကျွန်တော်တို့ကို ဖိတ်တာမှ မဟုတ်ဘဲ''

**ကျော်စိန်ဝင်း** ။ ''ကျွန်တော့်အဖေ အစီအစဉ်ပါဗျာ။ ကျွန်တော် မသိသေးလို့ပါ။ လာခဲ့ကြပါဗျာ။ ကျွန်တော် အဖေ့ကိုပြောပြီး စီစဉ်ထားပါ့မယ်''

**ထွန်းနိုင်** ။ ''အေးဗျာ၊ အားရင်လာခဲ့ပါ့မယ်''

**ကျော်စိန်ဝင်း** ။ ''ဟေ့လူ . . . အားအား မအားအားလာခဲ့။ ကျွန်တော်တို့ စောင့်နေမှာ။ ကိုမြင့်ဆွေရော ဆက်ဆက်လာခဲ့နော်''

**ကိုမြင့်ဆွေ** ။ ''အေးဗျာ လာခဲ့ပါ့မယ်။ အသိမိတ်ဆွေ တိုးတာပေါ့။ ကျွန်တော်ကလည်း ဒီဝိုင်းမျိုးရှာနေတာ ဟဲ . . . ဟဲ . . . ဟဲ''

**ထိုဇော်ခင်း** ။ ''ကဲ . . . ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ ကျွန်တော်တို့ ပြန်ကြမယ်။ ခင်ဗျားတို့က ဝေးတယ်။ လိုက်ပို့ရဦးမှာလား''

**ထွန်းနိုင်** ။ ''နေပါစေဗျာ။ အဖော်ပါပါတယ်၊ မဝေးလှပါဘူး။





စားသောက်ပြီး လမ်းလျှောက်ရတာ ကောင်းပါတယ်''

''ဂွတ်နိုက် . . . ဂွတ်နိုက် . . . ဆီးယူတူမောရိုး''

✡✡✡✡✡✡✡✡✡✡

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျွန်ုပ်တို့ ထောင်ပြန်ရောက်တော့ ည (၉း၃၀)ခန့်ရှိပြီဖြစ်၍ မျက်နှာသစ်၊ ခြေလက်ဆေးပြီး အိပ်ယာဝင်ကြတော့သည်။ အရက်သောက်ထားသော်လည်း ကျွန်ုပ်အိပ်မပျော်ပါ။ နေရာသစ်ဖြစ်၍ ထင်ပါသည်။ ထို့ကြောင့် ဘုရားဝတ်ပြု အမျှအတမ်းဝေပြီး အိပ်မှ အိပ်ပျော်တော့သည်။

နှစ်ခြိုက်စွာ အိပ်မောကျပြီး အိပ်မက်မက်ရာတွင် အုတ်ကြွပ်မိုးအောက် ထုပ်တန်းပေါ်၌ သရဲ၊ သဘွေများ၊ မျောက်များလိုတွဲလွဲခို၍ ကျွန်ုပ်အား ကြည့်နေကြကြောင်း မြင်မက်မိသည်။

မနက် (၄)နာရီ တစ်ရေးနိုးတော့ ပြန်အိပ်မရတော့။ ခေါင်မိုးထုပ်တန်းအား မော့ကြည့်မိသော်လည်း မှောင်မှောင်မဲမဲ ဘာမျှမမြင်ရ။

ပြန်အိပ်သော်လည်း အိပ်မရတော့သဖြင့် ဘုရားရှိခိုး၊ ပုတီးစိပ် အမျှအတမ်းဝေပြီး တရားထိုင်နေမိတော့သည်။ ကျွန်ုပ်၏ အကျင့်





မှာ တစ်မျိုးဖြစ်သည်။ နေရာမသန့်ပါက အိပ်မရတတ်။ နှစ် (၁၀၀) ကျော် အဆောက်အဦကြီးများဖြစ်၍ နေရာကတော့ မသန့်မှာ သေချာသည်။

ကျွန်ုပ်တရားထိုင်အပြီးတွင် ဘေးခုတင်၌ တရှူးရှူးအိပ်ပျော်နေသော ကိုမြင့်ဆွေ နိုးလာပါသည်။ မနက် (၅)နာရီကျော်ခန့်တော့ရှိပြီ။

✵✵✵✵✵✵✵✵✵✵

**ကိုမြင့်ဆွေ** ။ "ကိုသိန်းဝင်း အစောကြီး နိုးနေတယ်ထင်တယ်။ ညက အိပ်လို့ မပျော်ဘူးလား"

**ကျွန်ုပ်** ။ "အေးဗျာ . . . ကောင်းကောင်း အိပ်မပျော်ဘူး။ နေရာသစ်ဖြစ်လို့ ထင်ပါရဲ့"

**ကိုမြင့်ဆွေ** ။ "နောက်တော့လည်း အကျင့်ရသွားမှာပေါ့ဗျာ။ ထောင် ဖွင့်သွားရမှာဗျ။ လိုက်ဦးမလား"

**ကျွန်ုပ်** ။ "လိုက်မယ်လေ၊ ပြီးတော့လည်း Breakfast ထွက်စားကြမယ် မဟုတ်လား"

**ကိုမြင့်ဆွေ** ။ "ဟုတ်တယ်လေ။ ဒါဆို ယူနီဖောင်းလဲထားတော့။ ကျွန်တော် မျက်နှာသစ်လိုက်ဦးမယ်"

ကျွန်တော်တို့နှစ်ဦး ယူနီဖောင်းကိုယ်စီဖြင့် ထောင်ရှေ့မုခ်ဝ

www.burmeseclassic.com



သို့လာကြသည်။ မနက် (၆)နာရီတွင် တန်းစီ၍ သစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထောင်ဖွင့်အင်အားမှာ ကျွန်ုပ်တို့ပါမှ (၁၅)ယောက်သာရှိသည်။ ဒါတောင် အမျိုးသမီးဝန်ထမ်း (၃)ဦး ပါသေးသည်။ ဝန်ထမ်းအင်အား (၅၀)ခန့်သာရှိကြောင်း သိရသည်။

အဆိုင်း(၂)ဆိုင်း ဖြစ်၍ တစ်ဆိုင်းနားသည်။ ကျန်ဝန်ထမ်းများက မျှော်စင်၊ ဂိတ်ကြီးနှင့် အထွေထွေ ဝန်ထမ်းများဖြစ်ကြသည်။

အင်းစိန်ထောင်တွင် ဝန်ထမ်း (၅၀၀)ကျော် ရှိသည်။ ထို့ကြောင့် ဆယ်ပုံတစ်ပုံသာ ဖြစ်သည်။ ပူးတံခါးကြီးမှတစ်ဆင့် ထောင်ထဲဝင်ရာ အမျိုးသားဆောင်နှစ်ဆောင်နှင့် အမျိုးသမီးဆောင်ငယ်လေး တစ်ဆောင်သာရှိသည်။

ဖိုကြီး၊ ရိက္ခာရုံနှင့် မိန်းဂျေးဆက်နေပြီး အလုပ်ရုံအဖြစ် အဆောင်တစ်ဆောင် ရှိသေးသည်။ အလယ်ကွက်လပ်တွင် ရေချိုးကန်နှင့် တောင်ယာရှိသည်။ စားဖိုဆောင် သီးနှံအချို့ စိုက်ပျိုးထားသည်။

ထောင်ဖွင့်လူပေါင်းယူတော့ အချုပ်သား (၁၀၁)ယောက်၊ အကျဉ်းသား(၆၀)၊ အမျိုးသမီးထောင်ကျ (၅)ယောက်၊ အချုပ်(၁၀) ယောက်၊ စုစုပေါင်း (၁၇၁)ယောက်သာ ရှိသည်။ အင်းစိန်ထောင် အခန်းတစ်ခန်းစာတောင် မရှိပါ။ ထို့ကြောင့်လည်း တာဝန်ပေါ့ခြင်း ဖြစ်ပေမည်။

ကျွန်ုပ်တို့ ထုံးစံအတိုင်း ထောင်ဖွင့်စာအုပ်ကြီးတွင် လူပေါင်းထည့်၍ ညက လူပေါင်းနှင့် တိုက်ဆိုင်စစ်ဆေးကြပြီး လူပေါင်းကိုက်သဖြင့် လက်မှတ်ရေးထိုး၍ ထောင်ဖွင့်ပေးလိုက်သည်။

ထောင်ဖွင့်ပြီးနောက် ထောင်ပိုင်ကြီး ဦးအုန်းမောင်ကလည်း ရောက်လာသဖြင့် ရေနွေးကြမ်းသောက်ရင်း ထောင်အကြောင်း မေး





မြန်းရတော့သည်။

✲✲✲✲✲✲✲✲✲✲

ကျွန်ုပ် ။ ''ဆရာ၊ ဒီထောင်မှာ ဘာလုပ်ငန်းတွေ ရှိသလဲ''

ဦးအုန်းမောင် ။ ''ကြိမ်လုပ်ငန်း၊ လက်သမားလုပ်ငန်းနဲ့ တောင်ယာလုပ်ငန်းပဲ ရှိပါတယ်ဗျာ''

ကျွန်ုပ် ။ ''အပြင်အော်ဒါရော ရှိသလား''

ဦးအုန်းမောင် ။ ''အနည်းအကျဉ်းပါ။ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးအတွက် လုပ်ပေးတာပဲ ရှိပါတယ်''

ကျွန်ုပ် ။ ''ထောင်ဝင်ငွေရအောင် ဘာလုပ်ငန်းလုပ်ရရင် ကောင်းမလဲလို့ ကျွန်တော်စဉ်းစားနေတာ ဆရာ။ ထောင်အုတ်ရိုးအပြင်မှာ တောမြေပိုတွေ ရှိတယ်နော်''

ဦးအုန်းမောင် ။ ''ဟုတ်ပါတယ်။ သီးပင်၊ စားပင်တွေလည်း စိုက်ထားပါတယ်။ ထောင်ရိက္ခာအတွက်ပါ။ ဒီမြို့က သားငါးနဲ့ အသီးအနှံပေါတော့ စိုက်ပျိုးရေး လုပ်စားလို့တော့ရမယ် မထင်ဘူး''

ကျွန်ုပ် ။ ''လက်သမားပညာ ကောင်းကောင်းတတ်ကြရင်တော့ အဆင်ပြေနိုင်မယ် ထင်တယ်ဆရာ။ ဝရုဘောဂ လုပ်ရောင်းဖို့ပါ။ ဒီမြို့မှာ သစ်ပေါတော့ အဲဒီတစ်ခုပဲ စဉ်းစား

www.burmeseclassic.com



လို့ရတယ်။

ခုတင်၊ ဘီရို၊ စားပွဲ၊ ဒီဖိုင်းတွေကိုတော့ ကျွန်တော်အတော်လေ့လာဖူးတယ် ဆရာ။ အင်းစိန်ထောင်မှာတော့ အမှာစာ လက်မလည်အောင်ရတယ်။ ရုံးသုံးအိမ်သုံးပေါ့ ဆရာ''

**ဦးဖုန်းမောင်** ။ ''ဦးသိန်းဝင်း စမ်းကြည့်ပေါ့ဗျာ။ ဒီက လက်သမားတွေကတော့ သိပ်မဟန်ဘူးဗျ။ လက်ရာကြမ်းတယ်''

**ထျွန်းပိ** ။ ''ဟုတ်ကဲ့၊ ကျွန်တော်လေ့လာ ကြည့်ပါဦးမယ်။ ဖြစ်နိုင်ရင်လည်း လုပ်ကြတာပေါ့ဆရာ၊ အရှုံးမရှိနိုင်ပါဘူး''

**ဦးဖုန်းမောင်** ။ ''လုပ်ပါဗျာ၊ လုပ်စမ်းပါ၊ စိတ်တိုင်းကျလုပ်ပါ''

**ထျွန်းပိ** ။ ''ဆရာ ကျွန်တော်တို့လက်ဖက်ရည် ထွက်သောက်ဦးမယ်။ ပြန်ဝင်မှ အလုပ်လွှဲကြတာပေါ့''

**ဦးဖုန်းမောင်** ။ ''ကောင်းပါပြီဗျာ။ စိတ်ချမ်းသာသလိုနေပါ။ ဒီထောင်မှာ အလုပ်လုပ်ရတာ အနားယူတယ်ပဲမှတ်ပါဗျာ''

**ထျွန်းပိ** ။ ''ဟုတ်ကဲ့ ဆရာ''

ကျွန်တော်နှင့် ကိုမြင့်ဆွေ လမ်းလျှောက်ရင်း အပြင်ထွက်ခဲ့ကြသည်။ မနက်ခင်း ဆောင်းကာလဖြစ်၍ အေးချမ်းနေသည်။

✲✲✲✲✲✲✲✲✲✲





**ထျွန်းပိ** ။ ''ကိုမြင့်ဆွေ ဘယ်ဆိုင်သွားကြမလဲ''

**ထိုမြင့်ဆွေ** ။ ''ဈေးနားက ''နန်းဦး''ဆိုတဲ့ ဆိုင်ကောင်းတယ်ဗျ။ စားစရာလည်း အစုံရှိတယ်''

**ထျွန်းပိ** ။ ''ဆိပ်ကမ်းဘက်မှာ ရောဗျာ''

**ထိုမြင့်ဆွေ** ။ ''အင်း . . . ရှိပါတယ်။ ထမင်းကြော်လည်းရတယ်။ နဲနဲတော့ လှမ်းတယ်။ ''ရွှေဖီမိုယ်း''ဆိုတဲ့ ဆိုင်ဗျ။ သားငါးအကြော်လည်း ကောင်းကောင်းရတယ်''

**ထျွန်းပိ** ။ ကျွန်တော် အလာတုန်းက ထမင်းစားခဲ့တဲ့ ဆိုင်ထင်ပါရဲ့။ ဆိပ်ကမ်းက ဆိုင်အကြီးဆုံးလေ''

**ထိုမြင့်ဆွေ** ။ ''ဟုတ်တာပေါ့ . . . အဲဒီဆိုင်ကြီးပဲ။ စောစောက သိရင် စက်ဘီးယူလာတာပေါ့ဗျာ။ ယူနီဖောင်းဝတ်ပြီး လမ်းလျှောက်ရတာ တယ်မဟန်ဘူး''

**ထျွန်းပိ** ။ ''ရပါတယ်ဗျာ။ ဝေးတာမှတ်လို့ လေကောင်းလေသန့်ရှူရင်း ဆိပ်ကမ်းအလှကြည့်ရင်း အမောဖြေကြတာပေါ့''

ကျွန်ုပ်တို့ လမ်းလျှောက်ရင်း ရွှေဘုန်းရှိန်ရပ်ကွက်ကို ကျော်သည်နှင့် ကမ်းနားသို့ရောက်သည်။

ကျွန်ုပ်တို့ ''ရွှေဖီမိုယ်း'' ဆိုင်ကြီးရှေ့ရောက်တော့ ဆိုင်ထဲတွင် လူအတော်စည်ကားနေသည်။ ယူနီဖောင်းဝတ်ထား၍ ကျွန်ုပ်တို့အား စိုင်းကြည့်ကြသည်။

ထိုစဉ် ဆိုင်ရှေ့ထောင့်စားပွဲတွင် ကိုကျော်စိန်ဝင်းတို့ အဖွဲ့အားတွေ့ရသည်။

✲✲✲✲✲✲✲✲✲✲



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ လာကြဗျို့။ ဒီမှာ လူစုံတယ်"

**ထိုဇော်ဝင်း** ။ "လာ . . . ထိုင်ကြဗျာ။ ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ။ ဒီဆရာက ကျွန်တော်တို့ ဆရာတောအုပ်ကြီး ဦးနေအောင်ပါ။ ဟိုနေ့ညကတောင် ပြောဖြစ်ကြသေးတယ်လေ"

ဦးနေအောင်က မတ်တတ်ရပ်၍ လက်ဆွဲနှုတ်ဆက်ရင်း စကားသံတိုးတိုးဖြင့်

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ အခုပဲ ခင်ဗျားတို့အကြောင်း ကျော်စိန်ဝင်းနဲ့ ကိုဇော်မင်းက ပြောနေကြတာ။ ဘာစားမလဲ ကြိုက်တာမှာပါ၊ ဒီဆိုင်က လက်ဖက်ရည်၊ ကော်ဖီ၊ ထမင်းဟင်း အစုံရတယ်"

**ကျွန်ုပ်** ။ "ထမင်းကြော်နဲ့ ငါးဖန်းမကင် စားမလို့လာကြတာဗျ။ ဆရာတို့ရော စားပြီးကြပလား"

**ဦးနေအောင်** ။ "စားပြီးပါပြီဗျာ။ အခု လက်ဖက်ရည်သောက်နေကြတာ။ ဒီဘက်က လက်ဖက်ခြောက်လည်း ကောင်းတယ်ဗျ။ ကျော်စိန်ဝင်းရေ ဆရာတို့ စားရအောင် မှာကွာ"

ကျွန်တော်တို့ စားသောက်ရင်း စကားကောင်းကြသည်။

❖❖❖❖❖❖❖❖❖❖❖





**ဦးနေအောင်** ။ "ဦးသိန်းဝင်း ဘယ်မှာတာဝန် ကျဖူးသေးသလဲ"

**ကျွန်ုပ်** ။ "ကျွန်တော်ကတော့ အင်းစိန်ထောင်နဲ့ ရန်ကုန်–မန္တလေး အမြန်လမ်း ပဲခူးရိုးမမှာပဲ တာဝန်ကျဖူးသေးတယ်ဗျ။ အခုမှ ဒီမြို့ကိုရောက်ဖူးတာပါ"

**ဦးနေအောင်** ။ "ဒါဆို ဦးသိန်းဝင်းက တောအတွေ့အကြုံ တော်တော်ရှိမှာပေါ့။ အမဲလိုက်ချင်ရင်တော့ ပြောဗျာ။ ကျွန်တော်တို့ တောဆင်းရင် လိုက်ခဲ့ရုံပါပဲ။ လက်နက်တွေလည်း ရှိပါတယ်"

**ကျွန်ုပ်** ။ "ဆရာတို့ဆီမှာ ဘာသေနတ်တွေ ရှိသလဲ"

**ဦးနေအောင်** ။ "သစ်တော၊ ရဲနဲ့ထောင် အတူတူပါပဲဗျာ။ ရဲက ဘရင်းဂမ်းရှိတာပဲ ပိုပါတယ်။ ကျွန်တော်တို့မှာတော့ ရိုင်ဖယ်နဲ့ ဂရင်းနာ၊ ခြောက်လုံးပြူးလောက်ပဲ ရှိပါတယ်"

**ကျွန်ုပ်** ။ "ဟုတ်ကဲ့ဗျာ။ ကျွန်တော် အခြေကျတာနဲ့ လိုက်ချင်ပါတယ်။ အခုတော့ အလုပ်တောင် မလွှဲရသေးဘူးဗျ။ ဒီနေ့မှ စလွှဲရမှာ။ ဒါနဲ့ ဆရာက ဘယ်မှာနေပါသလဲ။ စုပေါင်းရုံးမှာပဲလား"

**ဦးနေအောင်** ။ "ကျွန်တော်က ကမ်းနားက ဘိုတဲမှာ နေပါတယ်။ တစ်ယောက်တည်းပါ။ အချိန်မရွေး လာလည်နိုင်ပါတယ်။ ကျော်စိန်ဝင်းတို့ ကိုဇော်မင်းတို့လိုပဲ ကျွန်တော့်ကို ခင်ပါ"

**ကျွန်ုပ်** ။ "ဟုတ်ကဲ့ ခင်ဗျာ။ ကျေးဇူးတင်ပါတယ်"

စားသောက်ပြီးတော့ ကျွန်တော်တို့က ငွေရှင်းပြီးအလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးနေအောင်က လက်ကာ၍ ထုတ်ရှင်းပြန်သည်။

✤✤✤✤✤✤✤✤✤✤

**ကျော်စိန်ဝင်း** ။ ''ကဲ . . . ကိုသိန်းဝင်းတို့ ဒီဘက်ရောက်တုန်း ကျွန်တော်တို့အိမ် ဝင်လည်ကြပါဦး။ ရောက်ဖူး အောင်ပါ''

ကျွန်ုပ်တို့အဖွဲ့ မြစ်ဆိပ်မြောက်ကျောင်းကို ဖြတ်ကျော်သည်နှင့်ကျော်စိန်ဝင်းတို့၏ နှစ်ထပ်အိမ်ကြီးသို့ ရောက်သည်။ (GMC) သစ်တိုက်ကားကြီးနှစ်စင်း အိမ်ရှေ့တွင် ထိုးထားပြီး ပြင်ဆင်နေသည်။

ကျော်စိန်ဝင်းက ဦးဆောင်၍ အိမ်ထဲဝင်လာရာ အိမ်အောက်ထပ်စားပွဲခုံတွင် ထိုင်၍ ရေနွေးကြမ်းသောက်နေသော လူကြီးတစ်ဦးကို တွေ့သည်နှင့် . . .

''ပါပါ . . . ဒါသားကျောင်းနေဘက် သူငယ်ချင်းထောင်မှူးကြီး ဦးသိန်းဝင်းပါ။ မနေ့ကမှ ဒီမြို့ကို ပြောင်းလာတာ။ ဒါက ကျွန်တော့်အဖေ ဦးခင်ဟုတ်ပါ။ အမေကတော့ အပေါ်ထပ်မှာ၊ ဒေါ်ကြည်ကြည်တဲ့ . . .''

**ဦးခင်ဟုတ်** ။ ''ဝမ်းသာပါတယ်ကွယ်။ ငါတူတို့ ထိုင်ကြပါ။ မနက်စာ ဘာစားပြီးကြပြီလဲ။ ဒီမှာ စီစဉ်ပေးလို့





ရပါတယ်''

**ကျွန်ုပ်** ။ ''ကျွန်တော်တို့ ''ရွှေဖီမိုယ်း''မှာ စားသောက်ပြီးမှ ထလာကြတာပါ။ ကျေးဇူးတင်ပါတယ် ဦးလေး။ မရောက်ဖူးသေးလို့ ကျော်စိန်ဝင်းခေါ်တာနဲ့ လာလည်ကြတာပါ''

**ဦးခင်ဟုတ်** ။ ''အေးကွယ် . . . ကျောင်းနေဘက် သူငယ်ချင်းတွေ ပြန်ဆုံရတာ ဝမ်းသာစရာပါ။ နေ့လယ်စာစားပြီးမှ ပြန်ကြပေါ့ကွယ်နော်''

**ကျွန်ုပ်** ။ ''ကျွန်တော်ရောက်တာ မကြာသေးလို့ အလုပ်လွှဲရပါဦးမယ်။ နောက်တော့လည်း မကြာမကြာရောက်မှာပါခင်ဗျား။ ကဲ . . . ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး ခင်ဗျား''

**ဦးခင်ဟုတ်** ။ ''အေးကွယ် . . . နောက်လည်း မကြာမကြာလာကြပါ။ ဝေးတာမှတ်လို့၊ ကျော်စိန်ဝင်းအမေ ဒေါ်ကြည်က လက်ရာကောင်းသကွဲ့။ ထမင်းဆိုင်ထက် သာစေရမယ်''

**ကျွန်ုပ်** ။ ''ဟုတ်ကဲ့ခင်ဗျာ၊ လာခဲ့ပါ့မယ်။ ပြန်ခွင့်ပြုပါဦး ခင်ဗျား''

**ဦးခင်ဟုတ်** ။ ''အေး . . . အေး ကောင်းပါပြီကွယ်''

**ကျွန်ုပ်** ။ ''ကျော်စိန်ဝင်းရော ကိုဇော်မင်းနဲ့ ဆရာဦးနေအောင်တို့ ပြန်ပြီဗျို့။ နောက်နေ့မှ တွေ့ကြမယ်နော်''

**ဦးနေအောင်** ။ ''မနက်တိုင်း လာခဲ့ကြဗျာ။ ကျွန်တော်တို့ ''ရွှေဖီမိုယ်း'' ဆိုင်မှာ မနက်တိုင်းရှိတယ်။ ညနေပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်နေတဲ့ ဘိုတဲကို လာခဲ့ကြပါနော်"

**ထွန်းနိုင်** ။ "ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ ထောင်ပြန်ပြီး အလုပ်လွှဲရတော့သည်။ ထောင်ဌာနတာဝန်ဖြစ်၍ ရိက္ခာပစ္စည်းများအပြင် ပုံသေပစ္စည်းနှင့် လက်နက်များလည်း ပါသည်။ ရိက္ခာရုံတွင် နေ့လယ်စာ စားပြီးကြပြီးနောက် အပြီးသတ်ဆက်၍ လွှဲရသည်။

ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်ကအစ၊ မျိုးစေ့များအပြင် ပုံသေပစ္စည်း၊ ရုံးအသုံးအဆောင်ပစ္စည်း၊ ရဲဘက်သုံး ပန်းကန်ခွက်ယောက်၊ အဝတ်အထည်များအပြင်၊ လက်နက်နှင့် ကျည်ဆန်များဖြစ်သည်။

လွှဲပြောင်းခြင်းကိစ္စ ညနေထောင်ပိတ်ခါနီးမှ ပြီးတော့သည်။ ကျွန်ုပ်တို့ အနောက်ဘူးပေါ်သို့ ပြန်ခဲ့ကြသည်။ ရေမိုးချိုးပြီး ညစာကို ရိက္ခာဌာနက လာပေးသော ထမင်းဟင်းကိုစားပြီး အနားယူကြသည်။

အနားမယူနိုင်သည်က ထောင်မှူးကိုမြင့်ဆွေ သူက ယနေ့ညတာဝန်မှူးကျသဖြင့် ထောင်လုံခြုံရေးတာဝန်ယူပြီး ထောင်ရှေ့ဘူးတံခါးကြီးတွင် ညအိပ်ရမည်ဖြစ်သည်။

✲✲✲✲✲✲✲✲✲✲





**ထိုမြင့်ဆွေ** ။ "သူငယ်ချင်း၊ တစ်ယောက်တည်း အိပ်ရဲရဲ့လား။ ဝန်ထမ်းတစ်ယောက် ခေါ်ပေးရမလား။ ဒီအနောက်ဘူးက နည်းနည်းပါးပါးရှိတယ်"

**ထွန်းနိုင်** ။ "ဘာရှိတာလဲ ကိုမြင့်ဆွေ"

**ထိုမြင့်ဆွေ** ။ "မှင်စာလေးတွေ ထင်ပါရဲ့ဗျာ။ မျောက်ကလေးတွေလိုပဲ။ အမိုးထုပ်တန်းပေါ်မှာ ဆော့နေကြတာ။ တစ်ခါတစ်ရံ မြင်ရတယ်။ အန္တရာယ်တော့ မပေးပါဘူး။ သူ့ဟာသူနေ ကိုယ့်ဘာသာကိုယ်နေပေါ့"

ကျွန်ုပ် အိပ်မက်ထဲတွင် မြင်မက်ခဲ့သော အကောင်ကလေးများဖြစ်ဟန်တူသည်။ ဒါဆို တကယ်ရှိခြင်း ဖြစ်ပေမည်။ ဤည တစ်ယောက်တည်းဖြစ်၍ ကျောစိမ့်သည်။ သို့သော် ထောင်အရာရှိဖြစ်၍ ကြောက်၍တော့မရ။ ကိုမြင့်ဆွေ ပြောသလို သူ့စည်း၊ ကိုယ့်စည်း နေရပေမည်။

ည(၇)နာရီကျော်ခန့်တွင် ကိုမြင့်ဆွေ တာဝန်မှူး ဝင်သွားသည်။ ကျွန်ုပ်တစ်ဦးတည်းထိုင်၍ နေ့စဉ်မှတ်တမ်းများ ရေးနေမိသည်။ လမ်းခရီးတွင် မရေးဖြစ်သဖြင့် အကြမ်းမှတ်ထားသော စာအုပ်မှ အသေအချာ ပြန်ရေးနေရသည်။ အချိန်ကုန်မှန်းပင် မသိလိုက်။

ည (၉)နာရီခန့်တွင် မှတ်တမ်းပြီး၍ စာတစ်အုပ်ဖတ်ရန် စိတ်ကူးမိသော်လည်း ည(၁၀)နာရီ မီးစက်မီးပိတ်မည်ဖြစ်၍ စာမဖတ်ဖြစ်တော့။ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး အမျှအတမ်းဝေ မေတ္တာပို့၍ အိပ်ရာဝင်ခဲ့တော့သည်။

ကျွန်ုပ် မှေးခနဲ အိပ်ပျော်သွားမိစဉ် "အူဝဲ . . . အူဝဲ . . . အူဝဲ"ဟူသော ကလေးငိုသံကိုကြားရသဖြင့် လန့်နိုးသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလို၊ အိပ်မက်လိုလိုနှင့် ဇဝေဇဝါဖြစ်နေစဉ် "အူဝဲ . . . အူဝဲ . . . အူဝဲ" ဟူသော ကလေးငိုသံကို နားနှင့်ဆတ်ဆတ် ကြားရပြန်သည်။

မီးစက်ပိတ်သွားပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ မှောင်အတိ။ ကျွန်တော် လက်နှိပ်ဓာတ်မီးယူပြီး ခြင်ထောင်အပြင်ထွက်၍ ခုတင်ပေါ်က ဆင်းလိုက်သည်။ ငိုသံရပ်သွားသည်။

ထုပ်တန်းပေါ်သို့ ဓာတ်မီးနှင့် ထိုးကြည့်ရာ ခေါင်မိုးထုပ်တန်းပေါ်တွင် ပြေးဆော့နေကြသည့် အမွေးအမှင်ထူထူ၊ နားရွက်ကားကား၊ မျက်လုံးပြူးပြူး။

သို့သော် မျောက်လိုတော့ အမြီးမပါ။ ကိုမြင့်ဆွေပြောသော မှင်စာကလေးများ ဖြစ်ပေမည်။ ကျွန်ုပ်ထိုးထားသော မီးရောင်အား စူးစိုက်ကြည့်နေကြသည်။ ကျွန်ုပ်ဖြုန်းကနဲတော့ လန့်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့လုပ်၍

"ကဲ . . . ဖုတ်ပြိတ္တာ အငယ်လေးများ၊ ငါ့ကို မခြောက်လှန့်ကြပါနဲ့။ ကိုယ့်စည်း၊ ကိုယ့်ကမ်းနဲ့နေကြပါ။ မင်းတို့က ဒီအဆောက်အဦမှာ နေကြသလို ငါလည်း အစိုးရဝန်ထမ်းဖြစ်လို့ တာဝန်နဲ့နေရတာပါ။

မိတ်ဆွေအဖြစ်သဘောထားပါ။ ငါ့ကိုစောင့်ရှောက်ကြပါ။ အားလုံးချမ်းသာကြပါစေ။ ငါပြုခဲ့တဲ့ ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ သာဓုခေါ်ကြပါ။

"အားလုံး အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါ"

တစ်ခဏအတွင်း ပျောက်ကွယ်ကုန်သည်။ ဘာသံမှ မကြားရတော့။ တုပ်တန်းပေါ်တွင်လည်း ဘာကောင်မှ မမြင်ရတော့ပါ။ မေတ္တာလက်နက် ထိရောက်ဟန်တူပါသည်။

ကျွန်ုပ် အပေါ့အပါးထသွားပြီး အိပ်ယာဝင်ခဲ့တော့သည်။ အိပ်ယာအတွင်း၌လည်း မေတ္တာသုတ်ကို အထပ်ထပ်အခါခါ ရွတ်နေမိသည်။





ထို့ကြောင့် ထင်ပါသည် ကျွန်ုပ်နှစ်ခြိုက်စွာ အိပ်ပျော်သွားရာ မနက် (၅)နာရီထိုးမှ တစ်ရေးနိုးတော့သည်။

ထောင်ဖွင့်ရန် ရှိသေး၍ ကျွန်ုပ်မျက်နှာသစ်၊ ယူနီဖောင်းလဲပြီး အောက်ဆင်း၍ ထောင်ရှေ့ဗူးတံခါးကြီးသို့ လမ်းလျှောက်လာခဲ့တော့သည်။

ရောင်နီလာပြီးစ အချိန်ဖြစ်၍ ပတ်ဝန်းကျင်ကို သဲကွဲစွာ မြင်ရသည်။ မြစ်ဘက်မှ တိုက်ခတ်လာသည့် လေနုအေးကို ရှူရှိုက်ရင်း လမ်းလျှောက်ရသည်မှာ လွန်စွာစိတ်ကြည်နူး ချမ်းမြေ့မိသည်။

ထောင်တွင်းဝင်ခဲ့ရာ မိန်းဂျေး (Main Jail)၌ ကိုမြင့်ဆွေနှင့် အကြပ်တပ်သားများ ထောင်ဖွင့်လူပေါင်းစာရင်း ယူနေကြပြီဖြစ်သည်။

✤✤✤✤✤✤✤✤✤✤

ထိုမြင့်ဆွေ ။ "ကိုသိန်းဝင်း လာဗျို့။ ညကအိပ်ရတာ အဆင်ပြေရဲ့လား။ ညက ခင်ဗျား တစ်ယောက်တည်းဆိုတော့ ကျွန်တော်စိုးရိမ်နေတာ။ မိတ်ဆွေပေါက်စကလေး တွေနဲ့ တွေ့သေးသလား"

ကျွန်ုပ် ။ "တွေ့ပါဗျာ။ အူဝဲ . . . အူဝဲနဲ့ မျောက်တွေလို ထုပ်တန်းပေါ်မှာ ဆော့နေကြတာ။ ကျွန်တော် မေတ္တာပို့လိုက်မှ ပျောက်သွားကြတယ်"

ထိုမြင့်ဆွေ ။ "ခင်ဗျားက လူသစ်ဆိုတော့ သူတို့ရှိကြောင်းပြ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဘာမှမကြောက်နဲ့ သူ့ဘာသာသူနေ၊ ကိုယ့်ဘာသာကိုယ်နေပဲ။ အန္တရာယ်မပြုပါဘူး''

**ထွန်းဝိ** ။ ''အေးပါဗျာ။ ကျွန်တော်လည်း မကြောက်ပါဘူး။ နောက်တော့လည်း ရိုးသွားမှာပါ''

**ထိုမြင့်ဆွေ** ။ ''ကဲ . . . သူငယ်ချင်းရေ၊ Breakfast စားထွက်ကြစို့။ ဒီနေ့တော့ ကျွန်တော်တို့ ကျွေးမှကောင်းမယ်ထင်တယ်''

**ထွန်းဝိ** ။ ''ဒါပေါ့ဗျာ၊ အပေါင်းအသင်း မိတ်ဆွေတွေပဲ တစ်လှည့်စီပေါ့''

ကျွန်ုပ်တို့နှစ်ဦး ဆိပ်ကမ်းနားဘက်သို့ လျှောက်ခဲ့ကြသည်။ ဆိပ်ကမ်းရှိ ''ရွှေဖိမိုးယံ'' လက်ဖက်ရည်ဆိုင်တွင် ဦးနေအောင်တို့အဖွဲ့က ယူနီဖောင်းကိုယ်စီဝတ်၍ စားသောက်ရင်း စောင့်နေကြသည်။

**ဦးနေအောင်** ။ ''လာဗျို့ . . . ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ။ ဘာစားကြမလဲ မှာဗျာ''

**ထွန်းဝိ** ။ ''ဒီနေ့တော့ ကြက်ဥထမင်းကြော်နဲ့ လက်ဖက်ရည်ပဲ သောက်မယ်ဗျာ။ ငါးက ရိုးသွားပြီ''

**ဦးနေအောင်** ။ ''တောဝက်သားဟင်း ရှိတယ်ဗျ။ အတော်ကောင်းတယ်။ ထမင်းကြော်နဲ့ တောဝက်သားဟင်းစားပါ။ ကျွန်တော်တို့လည်း တောမဆင်းတာကြာလို့ တောကောင်သား မစားရတာကြာပြီ။

ဒီနေ့ ယင်းခဲကြိုး ဝိုင်းကို မော်တော်နဲ့ ပတ်မယ်၊ တောပစ်မယ်၊ မြတောင်တောဘက်တောင် အချိန်ရရင် သွားမယ်။ ကိုသိန်းဝင်း





လိုက်မလား''

**ထွန်းဝိ** ။ ''မလိုက်သေးပါဘူးဗျာ။ ကိုမြင့်ဆွေက မနေ့က တာဝန်မှူးဆိုတော့ ဒီနေ့ နေ့ဝက်နားမှာ ကျွန်တော် အလုပ်ဝင်ရဦးမှာပါ''

**ထိုမြင့်ဆွေ** ။ ''သူငယ်ချင်း လိုက်ချင်လိုက်သွားပါ။ ထောင်ပိုင်ကြီးကို ကိုယ်ပြောပြီး မနားတော့ဘဲ အလုပ်ဆက်ဝင်လိုက်ပါ့မယ်''

**ထွန်းဝိ** ။ ''မဖြစ်သေးဘူး သူငယ်ချင်း။ ကိုယ်က လူသစ်ဆိုတော့ အခွင့်အရေးယူရာကျမယ်။ နောက်တစ်ခါကျမှပေါ့ဗျာ ဦးနေအောင်''

**ဦးနေအောင်** ။ ''ရပါတယ်ဗျာ။ ကျွန်တော်တို့က နှစ်ပတ်တစ်ခါလောက် စစ်ဆေးရေးထွက်နေရတာ။ ကြုံပါတယ်။ အေးအေးဆေးဆေး ပေါ့ဗျာ။ ညနေတော့ ပြန်လာဖို့ မသေချာဘူးဗျို့။

အမှုရှိရင် ကျွန်တော်တို့ အလုပ်က ရှာလည်တတ်တယ်။ ပြန်လာရင်တော့ တောကောင်ပါပြီသာ မှတ်ဗျို့။ ကျွန်တော်နေတဲ့ ကမ်းနားဘိုတဲမှာ အားလုံးကို ဖိတ်ကျွေးမယ်။ အိမ်မပြန်ကြကြေးနော်''

**ထိုဇော်ဝင်း** ။ ''ဟုတ်တယ် ကိုသိန်းဝင်းရေ။ တောကောင်သာ ပါရစေမယ်။ ပစ်မရရင် ဝယ်လာခဲ့မယ်ဗျို့''

''ဟား . . . ဟား . . . ဟား''

အားလုံးက ဝိုင်းရယ်ကြသည်။ ကျဉ်းမြောင်းလှသော တောမြို့ကလေးတွင် အစိုးရဝန်ထမ်းချင်း ချစ်ချစ်ခင်ခင် နေနိုင်ကြခြင်းမှာ အလွန်ပျော်စရာ ကောင်းသည်။ ယနေ့လည်း ကျွန်တော်တို့က မနက်စာအတွက် ရှင်းသော်လည်း ဦးနေအောင်က လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာသာ ရှင်းသွားပြန်သည်။ ကမ်းနားဆင်း၍ ကျွန်တော်တို့က လိုက်ပို့ရာ U Boat ကလေးဖြင့် ဦးနေအောင်တို့အဖွဲ့ ထွက်ခွာသွားမှ ကျွန်ုပ်နှင့်ကိုမြင့်ဆွေ ထောင်သို့ ပြန်ခဲ့ကြသည်။

ကျွန်ုပ်တို့အလုပ်မှာ နေ့စဉ်ပင် အုတ်တံတိုင်းလေးဘက် ကာရံထားသော မွန်းကြပ်လှသည့် ထောင်အတွင်း တာဝန်ထမ်းဆောင်ရသော်လည်း ဦးနေအောင်တို့ ကိုဇော်မင်းတို့ဘဝမှာ လွတ်လပ်စွာ သွားလာနေရ၍ အားကျမိသည်။

နယ်ထောင်တွင် တာဝန်ထမ်းဆောင်နေရသဖြင့် တော်ပါသေးသည်။ ဗဟိုထောင်ကြီးများတွင် ယခုကဲ့သို့ အပြင်ထွက်ပြီး မိတ်ဆွေများနှင့် မနက်စာစားရန်ပင် အချိန်မပေးနိုင်။

ရုံးထုတ်၊ အလုပ်ခွဲ၊ လုံခြုံရေးကိစ္စများဖြင့် နေ့စဉ်ပင် ပတ်ချာရမ်းနေတော့သည်။ ထောင်တွင် ရာထူးကြီးလာသည်နှင့်အမျှ တာဝန်ပိုကြီးလာတတ်သည်။

ယနေ့ထောင်တွင်း ဝင်သည်နှင့် ရိက္ခာထုတ်ပေးခြင်း၊ ဖိုကြီးတွင်ချက်ပြုတ်ခြင်းနှင့် သန့်ရှင်းရေးကို စစ်ဆေးရသည်။ အင်းစိန်ထောင်ကဲ့သို့ လူများခြင်းမရှိ၍ ချက်ပြုတ်ရာတွင် စနစ်ကျသည်၊

သန့်ရှင်းသည်၊ စေတနာပါသည်။ တစ်ပါတ်တစ်ကြိမ်သာ အသားကျွေးပြီး ကြားရက်များတွင် မနက်ကုလားပဲဟင်း၊ ညနေချဉ်ရည်ဟင်း ဖြစ်သော်လည်း အတော်ကောင်းမွန်ပါသည်။

အလုပ်ဘက်ကို စစ်ဆေးပြန်ရာ အဆောင်အကန့်တစ်ခုတွင် ကုလားထိုင်ကြိမ်ထိုးခြင်း၊ လက်သမားလုပ်ငန်း အချို့သာရှိသည်။ အလုပ်လုပ်သူကလည်း (၂၀)ယောက်ခန့်သာ ရှိသည်။

လက်ရာက မဟန်လှ၊ ကြမ်းသည်။ လက်သမားသုံး ပစ္စည်းကလည်း မစုံလင်။ ဤကိစ္စမြှင့်တင်ရန်အတွက် ကျွန်တော်ကြိုးစား





မည်ဟု ဆုံးဖြတ်လိုက်သည်။

အပြန်တွင် အဆောင်များဘက်လှည့်၍ ကိုမြင့်ဆွေရုံးခန်းကို ဝင်သည်။ သူ့ထောင်ကျ လူသစ်ကြည့်နေခြင်း ဖြစ်သည်။ လူသစ်ကလည်း ငါးဦးတည်းသာ။

ထိုအထဲတွင် တရုတ်ကြီးတစ်ဦး ပါလာသည်။ အသက်(၅၀)နှစ်ခန့်ရှိသော်လည်း ကျန်းမာရေး ကောင်းပုံရသည်။ သူ့အလှည့်တွင်

"နာမည်"

"လောက်စိန်"

"အဘအမည်"

"ဦးလောက်စိန်လျှံ"

"ဘာမှုဖြစ်သလဲ"

"သစ်ခိုးမှု"

"ထောင်ဘယ်လောက်ကျသလဲ"

"သုံးနှစ်"

"အလုပ်အကိုင်"

"လက်သမား"

"နေရပ်"

"မြောက်ကျောင်းလမ်း၊ ရွှေဘုန်းရှိန်ရပ်၊ ကသာမြို့"

ပြီးနောက် ကိုယ်ပေါ်တွင် ထင်ရှားသော အမှတ်အသား သုံးခုရှာသည်။

လူသစ်ကြည့်အပြီး ကျွန်ုပ်နှင့်ကိုမြင့်ဆွေ ရေနွေးကြမ်းသောက်နေကြစဉ်–



www.burmeseclassic.com

www.burmeseclassic.com



ထျွန်ဝ် ။ "ကိုမြင့်ဆွေ၊ ကျွန်တော့်ကို အဲဒီတရုတ် အဘိုးကြီးပေးဗျာ"

ထိုမြင့်ဆွေ ။ "ကိုသိန်းဝင်း၊ ဘာလုပ်ဖို့လဲ။ ခင်ဗျားရုံးမှာ သုံးဖို့လား"

ထျွန်ဝ် ။ "မဟုတ်ပါဘူး၊ လက်သမား လုပ်ခိုင်းမလို့ပါ။ တရုတ်လက်သမားတွေက တော်တယ်ဗျ။ စရွေးကျတယ်။ ကျွန်တော် အင်းစိန်ထောင်မှာ သုံးဖူးတယ်"

ထိုမြင့်ဆွေ ။ "ယူဗျာ။ ကျွန်တော် လက်သမားအလုပ် ချပေးလိုက်မယ်"

ထျွန်ဝ် ။ "ကျေးဇူးပဲဗျာ။ ကျွန်တော် စမ်းခိုင်းကြည့်မယ်"

✡✡✡✡✡✡✡✡✡✡

နောက်တစ်နေ့မနက် ထောင်ဖွင့်ပြီး ကျွန်ုပ်လက်သမားရုံ့ သွားတော့ တရုတ်ကြီးရောက်နေပြီး လူသစ်ဖြစ်၍ လူဟောင်းများက နေရာမပေး။

ရွှေဘော်ထိုးရန် သစ်ချောင်းများအား ဆိုဒ်အလိုက်ရှာပြီး စုပုံနေရှာသည်။ ထိုခေတ်က ထောင်အတွင်း၌ ကျွန်းသစ်အလွန်ပေါသည်။ ကျွန်ုပ်ရောက်သည်နှင့် ဦးလောက်စိန်အား ခေါ်လိုက်ပြီး –

"ဦးလောက်စိန်၊ ကျွန်တော့်အတွက် (၄' × ၂ ½') ပေ ကျွန်း





စားပွဲတစ်ခု လုပ်ပေးပါ။ အမြင့်က (၃') ပေနော်။ ခင်ဗျားတစ်ယောက်တည်းလုပ်ရမှာ။ တစ်ပတ် အချိန်ပေးမယ်"

"ရပါ့ဆရာ၊ (၅)ရက်အတွင်း ရပါစေ့မယ်။ အချောကိုင်ဖို့ ကော်ပတ်အကြမ်း၊ အနုနဲ့ ဖေါလစ်နှစ်ပုလင်းဝယ်ပေးပါ"

"ဟုတ်ပြီ ရတယ်။ ကျွန်တော် ဝယ်ပေးမယ်။ လက်သမားခေါင်းဆောင်ကိုမိုးကြီး သူ့ကို သီးသန့်တာဝန်ပေးလိုက်ပါ။ သူတစ်ယောက်တည်း လုပ်ပါစေ။ လိုတာ ကျွန်တော် ဝယ်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

ထိုစဉ်ကစ၍ သူ သစ်ရွေးသည်။ ရွှေဘော်ထိုးသည်။ ကိုင်တွယ်ပုံမှာ စနစ်ကျသည်။ အပိုအလို အလေအလွင့် မရှိစေရ။

နောက်တစ်နေ့ နေ့လယ် ကျွန်တော်ရောက်သွားတော့ ဖရိမ်ပြီးနေပြီ။ အခင်းပျဉ်များအား ရွှေဘော်ထိုးနေသည်။ ကျွန်ုပ်သူ့အတွက် ဆေးလိပ်နှင့်မုန့်များ ပေးခဲ့သည်။

✡✡✡✡✡✡✡✡✡✡

ညနေထောင်ပိတ်ချိန်တွင် ကိုမြင့်ဆွေက –

"ကိုသိန်းဝင်းရေ၊ ဦးနေအောင်တို့ ပြန်ရောက်နေပြီဗျ။ နေ့လယ်က ခင်ဗျားသူငယ်ချင်း ကိုကျော်စိန်ဝင်းလာပြီး ဖိတ်သွားတယ်။ ညနေစောင်း ဦးနေအောင်တို့ ဘိုတဲကိုကြွပါတဲ့။

တောကောင်သား စားရမယ်ဆိုဘဲ။ ဒီနေ့ ခင်ဗျားရော၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပါ အားတယ်လေ။ တပ်ကြပ်ကြီး ဦးစိန်သောင်း တာဝန်မှူး။ သွားကြမယ့် မဟုတ်လား''

''သူငယ်ချင်းရယ်၊ ပြောစရာလိုသေးလို့လား။ ပျော်စရာ၊ ပါးစရာဆိုလို့ ဒါပဲရှိတာ သွားကြတာပေါ့။ မိုးတော့ ချုပ်မယ်ထင်တယ်။

**ထိုမြင့်ဆွေ** ။ ''စက်ဘီးကိုယ်စီနဲ့ သွားကြတာပေါ့ဗျာ''

**ထွန်းနိုင်** ။ ''ကဲ . . . ဒါဆိုရင်လည်း ထောင်ပိတ်ပြီးတာနဲ့ ရေမိုးချိုးပြီး ယွန်းကြတာပေါ့။ သူတို့ကချည်းကျွေးနေတော့ အားနာတယ်ဗျာ။ တစ်ရက်လောက် ကျွန်တော်တို့က အနောက်ဂတ်ကြီးပေါ်အိပ်ပြီး ကျွေးရအောင်''

**ထိုမြင့်ဆွေ** ။ ''အလွန်ကောင်းတဲ့ အစီအစဉ်ပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့မှာ စားပွဲကုလားထိုင် မပြည့်စုံဘူးနော်''

**ထွန်းနိုင်** ။ ''အဲ့ဒါ ကျွန်တော့်တာဝန် ထားလိုက်စမ်းပါဗျာ''

**ထိုမြင့်ဆွေ** ။ ''ကိုသိန်းဝင်း ခင်ဗျား တရုတ်ကြီးအားကိုးနဲ့ ပြောတာလား''

**ထွန်းနိုင်** ။ ''ဟုတ်ပါ့ဗျာ။ ကိုင်တွယ်ပုံကတော့ ကောင်းတယ်၊ သေသပ်တယ်။ သူ့ကို အားကိုးရရင်တော့ ခေါင်းဆောင်ခန့်ပြီး ထောင်ပိုင်ကြီးကို ကျွန်တော်ပြောထားတဲ့အတိုင်း ဝင်ငွေရှာရမယ်''

**ထိုမြင့်ဆွေ** ။ ''ခင်ဗျားအကြံကလည်း ကြီးပါ့ဗျာ။ တခြားရောဘာစိတ်ကူးရှိသေးသလဲ''

**ထွန်းနိုင်** ။ ''ရှိသေးတယ်၊ အခုထောင်အတွက် ဆပ်ပြာကို ဘယ်ကရသလဲ''

---





**ထိုမြင့်ဆွေ** ။ ''ဈေးထဲက ဝယ်ရတာပေါ့ဗျာ''

**ထွန်းနိုင်** ။ ''နောက်ဆို ကျွန်တော်တို့ ထောင်ထဲမှာချက်မယ်။ အခြေအနေကောင်းရင် ဆပ်ပြာမွှေးပါ ထုတ်မယ်''

**ထိုမြင့်ဆွေ** ။ ''ကိုယ့်ဆရာ လာလုချည့်လား။ လုပ်နည်းကိုင်နည်း သိလို့လား။ ကုန်ကြမ်းက ဘယ်ကရမှာလဲ''

**ထွန်းနိုင်** ။ ''ဆပ်ပြာချက်ဖို့ဆီ အရေးကြီးဆုံး မဟုတ်လား။ အဲ့ဒီဆီက စားဆီတွေလို မဟုတ်ဘဲ ပြစ်ချွဲချွဲနေရမယ်။ အနံ့မရှိရဘူး။ ဒီကသာမြို့မှာ တဖင်းပင်တွေ၊ ချောင်းကြို ချောင်းကြား၊ မြစ်ကမ်းဘေးမှာ အများကြီးတွေ့ရတယ်။ အဲ့ဒီအသီးရဲ့ အစေ့တွေက ကုန်ကြမ်းပဲ။

အရှေ့ဘက်ကမ်း တောထဲမှာလည်း သဲဆပ်ပြာရှာရမယ်။ ကော့စတစ်ဆော်ဒါတော့ ဒီမြို့မှာ ဝယ်လို့ရမလား။ မရရင်လည်း မန္တလေးကို သဘောကြုံနဲ့မှာမယ်။

ကျန်တာ ကျွန်တော်ဆက်လုပ်မယ်။ အင်းစိန်ထောင်မှာ ကျွန်တော် ဆပ်ပြာချက်လုပ်ငန်းကို ကောင်းကောင်းလေ့လာထားတယ်။ အခုဟာက စီးပွားဖြစ် မဟုတ်သေးဘူး။

ထောင်က ဝန်ထမ်းရဲဘက် သုံးဖို့ပဲ။ နောက်တစ်ခုက ထောင်ထဲမှာ မွေးမြူရေးလုပ်ရမယ်။ ဒေသခံဝက်တွေကိုပဲ စမွေးမယ်။ ထမင်းကျန်၊ ဟင်းကျန်တွေ စွန့်ထားတာ နေ့စဉ် တစ်ပုံကြီးတွေ့နေရတာ။

ဖြစ်ထွန်းလာရင် ထောင်ရိက္ခာ ပေါ့ဗျာ။ ပိုကျယ်ပြန့်လာရင်တော့ ဒီမြို့မှာ တပ်ရော၊ ရဲရောရှိတာပဲ ရောင်းရတာပေါ့ဗျာ''

**ထိုမြင့်ဆွေ** ။ ခင်ဗျား အကြံကောင်းပါတယ်။ ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီမယ်။ ထောင်ပိုင်ကြီးကတော့ အလွန်သဘောကျမှာပဲဗျို့။

---



www.burmeseclassic.com

www.burmeseclassic.com



**ထျူနိုင်** ။ ''ဒါပေါ့ဗျာ၊ လူလုပ်အားတွေ ရှိနေတာပဲ။ လက်သမားမတောက်တခေါက်နဲ့ စိုက်ပျိုးရေးလေး နည်းနည်းလုပ်ရုံနဲ့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်က အမှတ်လိုချင်လို့ လုပ်တာ မဟုတ်ပါဘူး။ တကယ့်ကို လိုအပ်နေလို့ လုပ်တာပါ။ ဝါသနာလည်း ပါတယ်လေ''

ကျွန်တော်တို့ ထောင်ပိတ်ပြီးသည်နှင့် ရေမိုးချိုး၊ အဝတ်အစားလဲပြီး စက်ဘီးများအား ဂိတ်ခန်းက ငှားကာ ဦးနေအောင်တို့ ဘိုတဲရှိရာ သစ်တောရုံးဘက်သို့ ထွက်ခဲ့သည်။

လမ်းက ကျောက်ခင်းလမ်း၊ ကားအသွားအလာ အလွန်နည်းပြီး စက်ဘီးဆိုက်ကားနှင့် တွန်းလှည်းများသာ ဥဒဟို သွားနေကြသည်။ ကျွန်တော်တို့ ဘိုတဲ ရှေ့ရောက်တော့ လူစုံနေပြီ။

❖❖❖❖❖❖❖❖❖❖❖❖

''လာကြဗျို့ . . . ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ ခင်ဗျားတို့ကို စောင့်နေတာ ဒီမှာလူစုံနေပြီ''

ဦးနေအောင်က ကျွန်တော်တို့မသိသေးသော တောအုပ်၊ တောခေါင်း၊ ချောင်းခေါင်းများနှင့်လည်း မိတ်ဆက်ပေးသည်။ စားပွဲပေါ်တွင် ပြင်ဆင်ထားသည့် စားစရာများကလည်း အပြည့်ပင်။





**ဦးနေအောင်** ။ ကဲ . . . အားလုံးပဲ စိတ်တိုင်းကျ စားကြ၊ သောက်ကြဗျို့။ အရက်ကတော့ RUM ပဲရှိတယ်။ တောဝက်ကလီစာဟင်း၊ ဝက်ခေါင်းသုပ်၊ ဝက်ခြေထောက် စွပ်ပြုတ်၊ ချေသားခြောက်ဖုတ်၊ ဆတ်သားခြောက်ကြော် တစ်ပုံကြီးပဲ။

သောက်ပြီးတာနဲ့ ထမင်းစားဖို့လည်း ဝက်သားဟင်း၊ ချေသားဟင်း၊ ဆတ်သားဟင်း အပြည့်ပဲဗျို့''

**ထျူနိုင်** ။ ''ဦးနေအောင် စုံလှချည်လားဗျ။ ခင်ဗျားတို့ ကိုယ်တိုင် ပစ်တာလား''

**ဦးနေအောင်** ။ ''ဟုတ်တယ် ကိုသိန်းဝင်းရေ။ ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့ ပစ်တာပါ။ ခင်ဗျားသူငယ်ချင်း ကိုဇော်မင်းနဲ့ကျော်စိန်ဝင်းတို့ ပစ်တာလည်း ပါတာပေါ့ဗျာ။

ဆောင်းတွင်းဆိုတော့ အစားအသောက် အသီးအနှံတွေ ပေါတော့ ဝက်ကတော့ အပေါဆုံးပဲဗျ။ ခင်ဗျားလိုက်ခဲ့ရင် အလွန်ပျော်ရမှာ''

**ထျူနိုင်** ။ ''လိုက်ရမှာပေါ့ ဦးနေအောင်ရယ်။ ကျွန်တော့် လုပ်ငန်းလေးတွေ အခြေမကျသေးလို့ပါ။ ဒါနဲ့ ဦးနေအောင်ကို အကူအညီ တောင်းရဦးမယ်။ ထောင်ထဲမှာ ဆပ်ပြာချက်ဖို့ တဖင်းသီး ဝယ်ချင်တယ်ဗျာ။

နောက်ပြီး သဲဆပ်ပြာလည်း လိုချင်တယ်။ မွေးမြူရေးအတွက် ဝက်ပေါက်ကလေးတွေလည်း ဝယ်ချင်တယ်။ ကူညီပါဦးဗျာ''

**ဦးနေအောင်** ။ ''ဪ . . . အဲ့ဒါ လွယ်ပါတယ်။ တဖင်းသီးတွေက ကျွန်တော်တို့ သစ်တောဌာနက ဝန်ထမ်းသားသမီးတွေ ကောက်ရောင်းနေကျပဲ။

ကိုဇော်မင်းက စုကောက်ပေးလိုက်ပေါ့ဗျာ။ သဲဆပ်ပြာက



www.burmeseclassic.com

www.burmeseclassic.com



တော့ အရှေ့ဘက်ကမ်းက ယင်းစံကြိုးဝိုင်းအကွက် (၃)ထဲမှာရှိတယ်။ မှာပေးပါ့မယ်။ ဝက်ပေါက်ကတော့ ကျွန်တော် မသိဘူးဗျ''

**ထျော်စိန်ဝင်း** ။ ''အဲ့ဒါ ကျွန်တော့်တာဝန်ထား။ ကျွန်တော် ရှာပေးမယ်။ ဒီမြို့ပေါ်မှာတော့ ရှားတယ်။ ရွာတွေ ဆင်းဝယ်ရမှာ''

**ထျွန်ဝ်** ။ ''အားကိုးပါတယ် ဖိုးကျော်ရယ်။ လာမယ့်တနင်္ဂနွေနေ့ အားမလား။ ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်''

**ထျော်စိန်ဝင်း** ။ ''ရတယ် သူငယ်ချင်း။ အဖေ့ဂျစ်ကားဆွဲပြီး သွားကြတာပေါ့''

ထိုညက ကျွန်တော်တို့ စားသောက်ပြီးည(၁၀)နာရီ မီးမပိတ်မီ ထောင်သို့ အရောက်ပြန်ရသည်။ ကျောက်ခင်းလမ်းမို့ မလဲအောင် စက်ဘီးကို အတော်ထိန်းရသည်။

လမ်းမီးတိုင် ဝါကျင်ကျင် အလင်းရောင်ဖြင့် ကိုမြင့်ဆွေ စက်ဘီးနောက်က ထပ်ကြပ်မကွာ လိုက်ရသည်။ သူက ဒေသခံမို့ လမ်းကျွမ်းသည်လေ။

ညအိပ်ယာဝင်၊ မနက်စောစောထပြီး ထောင်ဖွင့်ရပြန်သည်။ မနက်ထောင်ဖွင့်စဉ် ထောင်ပိုင်ကြီး ဦးအုန်းမောင်လည်းလာသဖြင့် ကျွန်ုပ်က ကျွန်ုပ်လုပ်မည့် ပရိဘောဂပစ္စည်း၊ ဆပ်ပြာချက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ရန် တင်ပြရာ ထောင်ပိုင်ကြီးက ဝန်ထမ်းသက်သာ ရန်ပုံငွေဖြင့် လုပ်ရန်၊ လိုသမျှငွေ ထုတ်ယူရန် ခွင့်ပြုပါသည်။

ယနေ့ မနက်စာကိုတော့ ထောင်ရိက္ခာရုံးခန်း၌ပင် ထမင်းကြော်နှင့် ရေနွေးကြမ်းတို့ဖြင့် ပြီးလိုက်ရသည်။ ကျွန်ုပ်အလုပ်ရုံသွား





တော့ ကျွန်ုပ်မှာထားသည့် ကျွန်းစားပွဲပြီးနေပေပြီ။ လက်ရာနုနု၊ ပေါ်လစ်ရောင် ပြောင်ပြောင်နှင့် အတော်ကောင်းမွန်သည်။

ထို့ကြောင့် ကြိမ်ထိုးကုလားထိုင် (၆)လုံးကိုလည်း လုပ်နိုင်းရပြန်သည်။ လက်သမားခေါင်းဆောင် မိုးကြီးတို့ကလည်း တရုတ်ကြီးကို ဆရာတင်နေကြပြီဖြစ်သည်။

☆☆☆☆☆☆☆☆☆☆

**ထျွန်ဝ်** ။ ''ကဲ . . . မိုးကြီးတို့ ဒီတစ်ခါတော့ မင်းတို့လည်း ဦးလောက်စိန်ကို ကူညီကြဦး (ကုလားထိုင်–၆) လုံးဆိုတော့ သူတစ်ယောက်ထည်း မြန်မြန်ပြီးမှာ မဟုတ်ဘူး။

သစ်တောအရေးပိုင်အဖွဲ့ကို ညှော်ခံရမှာဆိုတော့ တစ်ပတ်အတွင်းပြီးစီးအောင် ဝိုင်းကူကြကွာ။ ပြီးရင် မင်းတို့အားလုံးအတွက် ငါ ဘောက်ဆူးပေးမယ်''

''ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်တို့ ဝိုင်းကူညီလိုက်ပါ့မယ်။ စိတ်ချပါဆရာ''

ယနေ့ မနက်ပိုင်း လုပ်ငန်းများပြီးသည်နှင့် ကျွန်ုပ်နှင့် ကိုမြင့်ဆွေ စက်ဘီးကိုယ်စီနှင့် ကုန်သွယ်ရေးရုံးသို့ သွားကြသည်။ တစ်လစာ ဆန်နှင့်ဆီ၊ ပဲ၊ ငပိ၊ ခွဲတမ်းအတွက် ဖြစ်သည်။

ကိုမြင့်ဆွေက လူသစ်ကျွန်ုပ်အား သက်ဆိုင်ရာ ဝန်ထမ်းများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိတ်ဆက်ပေးသည်။ ကျွန်ုပ်တစ်ခု သတိရပြန်သည်။ သက်ဆိုင်ရာ ဝန်ထမ်းများအား ထောင်လက်ဆောင်များပေးရန် ဖြစ်သည်။ ဘာရယ်မဟုတ် အမှတ်တရဖြစ်ရန် အရေးကြီးသည်။

ကျွန်ုပ်တို့ ပြန်လာတော့ ရိက္ခာဌာနတွင် နေ့လယ်စာ စားကြပြီးနောက် ကျွန်ုပ်လက်သမားရုံသို့ သွားသည်။ ကျွန်ုပ်မှာထားသော ကုလားထိုင်များအတွက် မိုးကြီးတို့ကလည်း အင်တိုက်အားတိုက် ဝိုင်းကူညီနေကြသည်။ ကျွန်တော်ဝယ်လာသော ဆေးလိပ်နှင့်မုန့်များအား ဝေပေးလိုက်ပြီး –

**ထွန်းဝိ** ။ ''မိုးကြီးနဲ့ ဦးလောက်စိန် ခဏလာကြပါဦး။ ခင်ဗျားတို့ ကြိုးပုတီးထိုးတတ်သလား''

**ဦးလောက်စိန်** ။ ''ကျွန်တော်တော့ မထိုးတတ်ဖူးဆရာ။ ကြားသာကြားဖူးတာ။ ထောင်ကြိုးပုတီးက အလွန်နာမည်ကြီးတာပဲနော်''

**မိုးကြီး** ။ ''ကျွန်တော်ကတော့ ပခုက္ကူထောင်မှာ မြင်ဖူးခဲ့တယ်ဆရာ။ အသေးစိတ်တော့ မလုပ်တတ်ဘူး''

**ထွန်းဝိ** ။ ''ကိစ္စမရှိဘူး။ ကျွန်တော်သင်ပေးမယ်။ ဘာမှ မခက်ဘူး။ ကျွန်းသားစ အလေအလွင့်နဲ့ အစာလုံးလုပ်ရမယ်။ ကြိုးအတွက်တော့ ဇန်ချိကြိုး ကျွန်တော်ဝယ်ပေးမယ်။

လိုတာက အစာလုံးလုပ်ဖို့ ဖေါက်ဆူးလိုတယ်။ သုံးမြှောင်ဖောက်ဆူးပဲ။ အလယ်က ဆူးက ရှည်ရမယ်။ ဘေးနှစ်ဖက်ဆူးက တိုတယ်။ ဒီလိုပုံစံ၊ လက်ပွတ်ဆူးနဲ့လုပ်ရင် ရပေမဲ့ကြာတယ်။ ကြိုးနဲ့လေးကိုင်းဆူးလုပ်ရမယ်။

ဒီလိုပုံစံမျိုးဆူးကို လေးကိုင်းကြိုးနဲ့ပတ်ပြီး ပျဉ်ပြားတစ်ဖက်





ကလှည့်ရင် အပေါက်ပါတဲ့ အစာလုံးကလေး တစ်ဖက်ခြမ်းကိုရမယ်။ နောက်တစ်ဖက်လှန်ပြီး ဆူးရာအပေါက်ကလေးအတိုင်း လှည့်ရင် အစာလုံးကလေး ပြုတ်ကျလာမယ်''

ကျွန်တော်က စာရွက်ကလေးပေါ်တွင် ပုံပါဆွဲပြ၍ လက်ဟန်လုပ်ပြရာ လက်သမားများဖြစ်၍ သဘောပေါက်လွယ်ကြပါသည်။

**ထွန်းဝိ** ။ ''အစာလုံးလေး (၁၀၈)လုံးရရင် ပုတီးခေါင်းစေတီအတွက်တော့ အပေါက်ပါတဲ့ အတောင့်ကလေး လုပ်ရဦးမယ်။ အဲဒီအတွက်လည်း လက်ပွတ်ဆူး ရှည်ရှည်လိုတယ်။

အဲဒါတွေအတွက် ကျွန်တော် ရှာပေးမယ်။ ပြီးတော့ အဲဒီအစာလုံးလေးတွေပေါ်မှာ ကြိုးနဲ့ ပွတ်မီးထိုးရတယ်။ အပေါက်ကျယ်၊ အပ်လိုတယ်၊ ရှာပေးမယ်၊ ပွတ်မီးထိုးရင် အစာလုံးကလေး တစ်ဖက်ထိပ်ကနေ အပေါက်ရာကလေးအတိုင်း အနားသပ်ပြီး ထိုးရမယ်။

တစ်ဆင့်ပြီးတစ်ဆင့် တက်လာပြီး အပေါ်ပေါက်မှာ ဝိုင်းပြီး အစသတ်ရမယ်။ ကြိုးစတွေ ပျောက်အောင် ထိုးတတ်ရမယ်။ နမူနာကို ကျွန်တော်စိပ်နေတဲ့ ကြိုးပုတီးကိုပြမယ်။

လုပ်နိုင်ကြမယ် မဟုတ်လား။ တစ်ကုံးတည်း မဟုတ်ဘူး။ အတော်များများ လုပ်ရမယ်''

✲✲✲✲✲✲✲✲✲✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နောက်တစ်ပါတ်တွင် ကျွန်ုပ်အကြံညာဏ်နှင့် ကိုကျော်စိန်ဝင်း၏ လက်မှုပညာပေါင်း၍ လက်လှည့်ဆီကြိတ်ဆုံ ကလေးတစ်ခု တီထွင်ကြသည်။

ပြီးနောက် ဦးနေအောင်နှင့် ကိုဇော်မင်းတို့ စုဆောင်းပေးသော တဖင်းစေ့များအား ရေနွေးနှင့်ပေါင်း၍ ဆီကြိတ်သည်။ လုပ်စဖြစ်၍ အခက်အခဲတော့ ရှိသည်။

သို့သော် စမ်းသပ်ရန် ဆီကိုတော့ရသည်။ တစ်ဖန် ကိုဇော်မင်းမှာပေးသော သဲဆပ်ပြာရသဖြင့် သန့်စင်ရသည်။ ထောင်မှူး ကိုမြင့်ဆွေက မြို့နယ်သမဝါယမဌာနက ကော့စတစ်ဆိုဒါ တောင်းပေးသဖြင့် ကျွန်ုပ်ကိုယ်တိုင် ကြိုချက်သည်။

အေးခဲသောအခါ ဆပ်ပြာဖြစ်ပေပြီ။ သို့သော် အဝတ်လျှော်ဆပ်ပြာ အကြမ်းသာ ဖြစ်သည်။ ကာဘော်လစ်ဆီထည့်ပြီး ဖယောင်းအနည်းငယ်ပါထည့်လျှင် ကာဘော်လစ်ဆပ်ပြာ ဖြစ်ပေမည်။





ဆပ်ပြာအနုအကောင်းစား လုပ်ရန်အတွက်တော့ သဲဆပ်ပြာကို အထပ်ထပ် သန့်စင်ရမည်ဖြစ်ပြီး ကော့စတစ်ဆိုဒါ အကောင်းစားလိုသည်။ လိုအပ်သော အမွှေးနံ့သာလည်း လိုပေသေးသည်။ ကျွန်ုပ်၏လုပ်ငန်း အောင်မြင်ပါသည်။

ထောင်ပိုင်ကြီးနှင့် ကိုမြင့်ဆွေက ချီးကျူးကြသည်။ ထောင်တွင်းသုံး အဝတ်လျှော်ဆပ်ပြာ အတွက်တော့ အဆင်ပြေပေပြီ။ အချိုးအစားပြန်ညှိရန်သာ လိုတော့သည်။

ထောင်ပုတီးလည်း ထွက်လာပေပြီ။ သို့သော် အချောကိုင်ရန် လိုသေးသည်။ ပေါလစ်အထပ်ထပ်တင်၍ နေလှမ်းရပေဦးမည်။

✤✤✤✤✤✤✤✤✤✤

**မိုးထြီး** ။ "ဆရာ ကြိုးပုတီးကို ဒီအတိုင်း ပေါလစ်သုတ်လို့ မရဘူးဆရာ။ ဘယ်လိုလုပ်ရမလဲ"

**ထွန်းဝိ** ။ "အဲ့ဒါ ပညာပဲ။ မင်းတို့ဆီမှာ ရွှေဘော်သွားဆောက်ခုံ ရှိသလား။ အပြားက တစ်လက်မရဲ့ လေးပုံတစ်ပုံလောက်ပဲ ရှိရမယ်"

**မိုးထြီး** ။ "မရှိဘူးဆရာ။ ရွှေဘော်သွား အပြားကြီးတွေပဲ ရှိတယ်"

**ထွန်းဝိ** ။ "အေး . . . အေး ငါရှာပေးမယ်။ ရရင် ပျဉ်ပြား (၄' × ၆') လက်မ၊ နှစ်ပြားပေါ်မှာ ပြောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ မြောင်းကတော့ ဘယ်နှစ်မြောင်းရယ် မဟုတ်ဘူး။ ရနိုင်သမျှ ထိုးရမယ်။

အဲ့ဒါရရင် ကြိုးထိုးပြီး ပေါလစ်သုတ်ထားတဲ့ ပုတီးတစ်ကုံးကို ပျဉ်ပြားတစ်ချပ်ပေါ်တင်ပြီး အပေါ်က မြောင်းထိုးထားတဲ့ ပျဉ်ပြားနဲ့ အထပ်ထပ်အခါခါ လှိမ့်ရမယ်။

ပေါလစ်ရည်ခြောက်ပြီး ပြောင်လက်လာရင် ဝါးလုံးတန်းမှာ ကွင်းစွပ်ပြီး နေလှန်းရမယ်။ ခြောက်သွားရင် နောက်တစ်ခါ ပျဉ်နှစ်ချပ်နဲ့ ထပ်လှိမ့်ပြီး အရောင်တင်ရမယ်။ အရေးကြီးတာက ပေါလစ်ရည်ကြောင့် ပုတီးတစ်လုံးနဲ့ တစ်လုံးကပ်နေရင် ခွာပေးရမယ်''

**စိုးကြီး** ။ ''ဟုတ်ကဲ့ဆရာ၊ ကျွန်တော် သဘောပေါက်ပါပြီ''

✤✤✤✤✤✤✤✤✤✤

တစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်ရှာဖွေပေးသော ပစ္စည်းများနှင့် ထောင်ကြိုးပုတီးများ ထွက်လာသည်။ ပထမဆုံး ထောင်ပိုင်ကြီး ဦးအုန်းမောင်နှင့် ကိုမြင့်ဆွေအား လက်ဆောင်ပေးလိုက်သည်။ နောက် ကိုဇော်မင်း၊ ဦးနေအောင်နှင့် ကျော်စိန်ဝင်းတို့အား လက်ဆောင်ပေးသည်။

ထို့နောက် ကျွန်ုပ်တို့နှင့် ဆက်ဆံရသော ပြင်ပပုဂ္ဂိုလ်များ၊ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအား လက်ဆောင်ပေးသည်။ အားလုံးက သဘောကျကြသည်။





လုပ်ငန်းလည်း ပြီးမြောက်သည် ခင်မင်ရင်းနှီးမှုလည်း ပိုလာသဖြင့် ကျွန်ုပ်တို့ပြင်ပ ဆက်ဆံရေးအလုပ်များ အောင်မြင်သည်။ ထောင်ကြိုးပုတီးမှာ တာသွားလှသည်။

နောက်တစ်ပတ်ခန့် အကြာတွင် ကုလားထိုင် (၆)လုံးရသဖြင့် ကျွန်ုပ်တို့နေထိုင်သော အနောက်ပူးပေါ်သို့ တင်လိုက်သည်။ ထောင်မှူးကိုမြင့်ဆွေနှင့် တိုင်ပင်ပြီး ဦးနေအောင်တို့အဖွဲ့နှင့် ကုန်သွယ်ရေးမှ ဆရာတစ်ယောက်၊ ရဲစခန်းမှူးနှင့် တပ်မှထောက်ပံ့ရေးဆရာကြီး (တပ်ကြပ်ကြီး)တစ်ဦးအား ဖိတ်ကြားပြီး ကျွန်ုပ်တို့ပူးပေါ်တွင် အရက်ပွဲဖြင့် ဧည့်ခံသည်။

အစားအသောက်အတွက်တော့ ထောင်တွင်းရိက္ခာဌာနအား ပစ္စည်းများဝယ်ပေးပြီး ကြော်လှော်နိုင်းရသည်။ ထောင်ပိုင်ကြီး ဦးအုန်းမောင်က ပုတီးသမားဖြစ်၍ သူ့ကိုတော့ မဖိတ်။ အသိတော့ ပေးထားသည်။

✤✤✤✤✤✤✤✤✤✤

**ဦးနေအောင်** ။ ''ကိုသိန်းဝင်း၊ စားပွဲတွေ ကုလားထိုင်တွေက ကောင်းလှချည်လား။ ဘယ်က မှာတာလဲ။ မန္တလေးကလား''

**ကျွန်ုပ်** ။ ''မဟုတ်ရပေါင်ဗျာ။ ထောင်မှာလုပ်တဲ့ ပစ္စည်းတွေပါ။ ခင်ဗျားတို့ကိုဖိတ်ပြီး ကြော်ငြာတာပါ။ အလို



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် မှာကြားနိုင်ပါတယ်။ တရုတ်လက်သမားအဖွဲ့ လက်ရာပါ။ ဈေးကလည်း အပြင်ဈေးထက် (၂၅%)ရာခိုင်နှုန်း လျှော့ပေးပါ့မယ်''

**ဈော်မိန်ဝင်း** ။ ''ခင်ဗျားကတော့ အတော်အကြံကြီးတဲ့သူပဲ။ ကြိုးပုတီးတွေလည်း ကြော်ငြာပြီးပြီ။ ထောင်ဆပ်ပြာလည်း အောင်မြင်နေပြီ မဟုတ်လား''

**ထွန်းဝင်** ။ ''ကြိုးပုတီးက မွေ့ဒါန လက်ဆောင်ပါဗျာ။ ဆပ်ပြာကတော့ ဝန်ထမ်း၊ ရဲဘက်သုံးဖို့ပါ။ ပရိဘောဂကတော့ ဝန်ထမ်းသက်သာရန်ပုံငွေ အတွက်ပါ။ အားပေးကြပါဦး''

**ရဲစခန်းမှူး** ။ ''အတော်ပါပဲဗျာ။ ကျုပ်တို့ စခန်းမှာလည်း စားပွဲတွေ၊ ကုလားထိုင်တွေ ဟောင်းမြင်းစုတ်ပြတ်နေလို့ အသစ်ဝယ်ဖို့ ခွင့်ပြုမိန့် တင်ထားတယ်။ အစိုးရဌာနချင်းဆိုတော့ အဆင်ပြေတာပေါ့။

စားပွဲ၊ ကုလားထိုင် (၅)စုံ ဝယ်မယ်ဗျာ။ ချက်လက်မှတ် ပေးရင်လည်း ရတယ်မဟုတ်လား''

**ထွန်းဝင်** ။ ''ရပါ့ဗျာ၊ အကောင်းဆုံးလုပ်ပေးပါ့မယ်''

**တင်ကြွယ်ကြီး** ။ ''ကျွန်တော်တို့အတွက်လည်း လောလောဆယ် ငါးစုံလုပ်ပေးဗျာ။ တပ်ရင်းမှူး သဘောကျရင်တော့ အများကြီးဝယ်မယ်''

**ဦးနေအောင်** ။ ''ကျွန်တော်တို့ သစ်တောဌာနအတွက်လည်း ငါးစုံဗျို့။ ကျွန်တော့်အိမ်အတွက်တော့ သပ်သပ်မှာမယ်''

**ထုန်ထွယ်ရေးဆရာ** ။ ''ဦးသိန်းဝင်းရေ၊ ကျွန်တော်တို့ဌာနအတွက်လည်း (၁၀)စုံဗျို့''





**ထွန်းဝင်** ။ ''ဟုတ်ပါပြီဗျာ။ အမြန်ဆုံး နဲ့ အကောင်းဆုံး လုပ်ပေးပါ့မယ်။ ကျွန်းသစ်အတွက်တော့ ဆရာဦးနေအောင်က ကူညီပါဦးနော်''

**ဦးနေအောင်** ။ ''ရပါတယ်ဗျာ။ ကျွန်တော် အရောင်းဌာနကို မှာထားပါ့မယ်။ ခင်ဗျားလိုသလောက် ရပါစေ့မယ်''

**ဈော်မိန်ဝင်း** ။ ''ကိုသိန်းဝင်း၊ ခင်ဗျားမှာထားတဲ့ ဝက်တွေက နန်းကျင်ရွာဘက်မှာ ရှိတယ်လို့ အဖေက ပြောသဗျ။ အဲ့ဒါ သူ့ GMC ကားကြီးနဲ့ သွားသယ်ရမှာ။ ဘယ်နေ့သွားကြမလဲ''

**ထွန်းဝင်** ။ ''လာမဲ့ တနင်္ဂနွေနေ့ သွားချင်တယ်ဗျာ။ ခင်ဗျားကား အားပါ့မလား''

**ဈော်မိန်ဝင်း** ။ ''ကြိုပြောထားရင် ရပါ့ဗျာ။ တနင်္ဂနွေနေ့ မနက်စောစော သွားကြတာပေါ့။ နည်းနည်းတော့ လှမ်းတယ်''

**ထွန်းဝင်** ။ ''အားကိုးပါတယ် သူငယ်ချင်းရယ်။ ကားခလည်း ပေးပါ့မယ်။ လမ်းခရီးမှာလည်း ကျွေးပါ့မယ်''

**ထွန်းဝင်** ။ ''ကားခမလိုပါဘူးဗျာ။ ကျွန်တော်ကိုယ်တိုင်မောင်းမှာပါ။ စားဖို့သောက်ဖို့လောက်ပဲ လိုပါတယ်''

**ထွန်းဝင်** ။ ''ကျွေးဖူးပဲဗျို့။ စားဖို့သောက်ဖို့အတွက်တော့ မပူပါနဲ့။ ကျွန်တော်လုံးဝ တာဝန်ယူပါတယ်''

**တင်ကြွယ်ကြီး** ။ ''ဆရာဦးသိန်းဝင်း ဝက်တွေက ဘာလုပ်ဖို့လဲဗျ။ ထောင်ရိက္ခာအတွက်လား''

**ထွန်းဝင်** ။ ''မဟုတ်ဘူး ဆရာကြီးရေ။ ထောင်မှာမွေးဖို့ပဲ။ ကိုသိန်းဝင်းက ကသာရောက်တာ နှောင်ချလို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ စောများစောရင် ကျွန်တော်တို့တောင် လုပ်စားစရာ ရှိတော့မှာ မဟုတ်ဘူး''

**ကျွန်ုပ်** ။ ''ကိုယ်ရေးကိုယ်တာ စီးပွားရေးလုပ်တာ မဟုတ်ရပါဘူး သူငယ်ချင်းရယ်။ ဌာနအတွက်ပါ။ အများကောင်းကြိုးအတွက် အပင်ပန်းခံပြီး လုပ်ရတာပါ''

**ဦးနေအောင်** ။ ''ဟုတ်သားပဲ ကျော်စိန်ဝင်းရယ်။ သူတို့ဌာနက (Man Power) အင်အားရှိတော့ လုပ်နိုင်တာပေါ့။ လူ့လုပ်အားကို အကျိုးရှိရှိ အသုံးပြုနိုင်တာ ချီးကျူးစရာပေါ့ မဟုတ်ဖူးလား''

**ကျော်စိန်ဝင်း** ။ ''ဟုတ်ပါတယ်ဗျာ။ ငယ်ပေါင်းတွေမို့ နောက်ပြောင်နေတာပါ။ ကျွန်တော်ကလည်း အတတ်နိုင်ဆုံး ကူညီမှာပါ။ တဖင်းဆီ ကြိတ်ဆုံတောင် ကျွန်တော် လုပ်ပေးလိုက်တာပါ''

**ကျွန်ုပ်** ။ ''ဟုတ်ပါတယ်ဗျာ ကိုကျော်စိန်ဝင်းက အနီးကပ်ကူညီနေတာပါ။ ကျေးဇူးတင်ပါရဲ့ဗျာ''

**ကျော်စိန်ဝင်း** ။ ''ကဲ . . . အခု တက်ရောက်လာတဲ့သူ အားလုံးပဲဗျို့ မနက်ဖြန် စနေနေ့ နေ့လယ်စာကို ကျွန်တော်တို့အိမ်၊ ရွှေဘုန်းရှိန်ရပ်က ဦးခင်ဟုတ်၊ ဒေါ်ကြည်ကြည်တို့အိမ်ကို ကြွကြပါခင်ဗျား''

**ကျွန်ုပ်** ။ ''ဟာ . . . ဘာပွဲလည်း ဖိုးကျော်ရ''

**ထိုဇော်မင်း** ။ ''ဖိုးကျော်အစ်မ မြင့်မြင့်အေးနဲ့ ဆရာဦးနေအောင်တို့ စေ့စပ်မင်္ဂလာပွဲဗျို့''

**ကျွန်ုပ်** ။ ''အဲ့ဒါဆို ဆရာဦးနေအောင် ညစာပွဲလည်း ပါရမှာပေါ့နော်''





**ဦးနေအောင်** ။ ''ထုံးစံအတိုင်းပေါ့ဗျာ။ ကျွန်တော့်အိမ်မှာ လုပ်မှာပါ။ အားလုံးကြွခဲ့ကြပါနော်''

**အားလုံး** ။ ''အကောင်းဆုံး အစီအစဉ်ပေါ့ ဦးနေအောင်ရယ်။ ဟား . . . ဟား . . . ဟား''

ထိုညက ကျွန်တော်တို့ အတော်ပျော်ကြသည်။ စားကြ၊ သောက်ကြသည်မှာ ည (၁၀)နာရီထိုးကာနီးမှ ပြီးကြ၍ မီးစက်မပိတ်မီ အမြန်ပြန်ကြသည်။ ကျွန်ုပ်၏ လုပ်ငန်းများ အောင်မြင်၍ ဝမ်းသာမိသည်။

နောက်တစ်နေ့မနက် ထောင်ဖွင့်ပြီးသည်နှင့် ကျွန်ုပ် လက်သမားရုံသွားပြီး ဦးလောက်စိန်နှင့် မိုးကြီးတို့အဖွဲ့အား စားစရာ မုန့်များနှင့် ဆေးလိပ်များပေးသည်။

✲✲✲✲✲✲✲✲✲✲

**ကျွန်ုပ်** ။ ''ကဲ . . . ဦးလောက်စိန်နဲ့မိုးကြီးတို့အဖွဲ့ လုပ်ငန်းကတော့ အောင်မြင်ပြီ။ တိုးချဲ့လုပ်ကိုင်ဖို့ပဲ ရှိတော့တယ်။ အင်အားထပ်တိုးပေးမယ်။ ခင်ဗျားတို့အတွက် အဝတ်အစားအသစ်တွေ ထုတ်ပေးမယ်။ ဘာလိုအပ်ကြသလဲ ပွင့်ပွင့်လင်းလင်း ပြောကြပါ''

**ဦးလောက်စိန်** ။ ''ဆရာ ကျွန်တော်တို့ လိုအပ်တာကတော့ ပွမ်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆရာ။ အဲ့ဒီကိစ္စလေးတော့ ပံ့ပိုးကူညီပါဆရာ"

**ထွန်းနိုင်** ။ "အင်း . . . ဟုတ်ပါရဲ့။ ကျွန်တော်က ကွမ်းမစား၊ ဆေးလိပ်မသောက်တတ်တော့ မေ့နေတယ်ဗျာ။ လုပ်ပေးပါ့မယ်။ ဒါပေမယ့် စည်းနဲ့ကမ်းနဲ့တော့ လုပ်ကြပါ။ အဆောင်ညစ်ပေကုန်မှာ စိုးလို့ပါ။ ကွမ်းတံတွေးပုံးနဲ့ အမှိုက်ပုံးလည်းထားပေါ့"

**မိုးကြိုး** ။ "ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ စည်းကမ်းနဲ့ စားပါ့မယ်"

**ထွန်းနိုင်** ။ "ဦးလောက်စိန် ကွမ်းစားဖို့ ဘာတွေလိုသေးတုန်းဗျ"

**ဦးလောက်စိန်** ။ "ဆရာ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ မြန်မာဆေးရွက်ကြီးရရင် ပြည့်စုံပါပြီ"

**ထွန်းနိုင်** ။ "ကျွန်ုပ်မှတ်မိသေးတယ်ဗျာ။ ပဲခူးရိုးမတောထဲမှာ နေတုန်းက ကွမ်းသမားတွေ အတော်ဒုက္ခရောက်ကြတယ်။ နောက်မှ မုဆိုးတစ်ယောက်နဲ့တွေ့ပြီး အဆင်ပြေသွားတယ်။

ကွမ်းကတော့ ကွမ်းရွက်ကြမ်းကြီး တွေ့ရှိတယ်ဗျ။ ဒါတောင် ပိတ်ချင်းရွက်နဲ့ ကွမ်းရွက်မှားကြသေးတယ်။ ပိတ်ချင်းရွက်က ကွမ်းရွက်နဲ့ တစ်ပုံစံတည်း။ ဝါးကြည့်မှစပ်ပူစပ်လောင် ဖြစ်ကုန်ကြတာ။

ဆေးပင်ဆိုတော့ အနံ့ရှာယ်မရှိပါဘူး။ ချောင်းဆိုးရောဂါတောင် ပျောက်သေးတယ်။ ကွမ်းသီးအတွက်တော့ မျောက်လုပ်ပင်ကအခေါက်တွေက ကွမ်းသီးအတိုင်းပဲ။ ထုံးကတော့ ပြဿနာရှိတယ်။

တောထဲမှာ ထုံးကျောက်ရရင်တော့ ထုကြိတ်အမှုန့်လုပ်ပြီး ရေနဲ့ဖျော်ရင် ထုံးရတယ်။ ထုံးကျောက်မရရင်တော့ ချောင်းမြောင်းတွေထဲက ခရုခွံတွေကောက် မီးဖုတ်ပြီး ထုခြေ၊ အမှုန့်ထောင်းရေနဲ့ဖျော်မှထုံးဖြစ်တာ။ အတော်ဒုက္ခရောက်ကြတယ်။





ဆေးရွက်ကြီးကတော့ ရှာဟောင်းတွေနားမှာ ပေါက်တတ်လို့ ရှာရတယ်။ ကွမ်းစား၊ ဆေးလိပ်သောက်တတ်တဲ့ အကျင့်က အကျိုးမရှိပါဘူးဗျာ။ ရောဂါသာရနိုင်တာပါ။

ခင်ဗျားတို့လို ထောင်ကျခံနေရတဲ့ သူတွေ အတွက်ကတော့ ဖြေဖျော်စရာ အာသာပြေစရာ ဒါပဲရှိလို့ ကျွန်တော်ဝယ်ပေးပါ့မယ်"

**ဦးလောက်စိန်** ။ "ဆရာပြောတာ ဟုတ်ပါတယ်။ ကျွန်တော်လည်း ကြုံဖူးပါတယ်။ ကျွန်တော်ရောက်တဲ့ တောကတောကွမ်းရွက်တောင် မရှိလို့ အာသာပြေ မျောက်လုပ်ခေါက်ချည်း ဝါးရဖူးတယ်ဆရာ။

ကွမ်းသမား၊ ဆေးသမားဘဝက မလွယ်ပါဘူး။ ကွမ်းမစားရ ဆေးလိပ်မသောက်ရရင် မသေနိုင်ပေမယ့် အရမ်းတောင့်တတယ်ဆရာ။ ထမင်းဟင်းထက်တောင် ပိုစွဲလမ်းပါတယ်"

**ထွန်းနိုင်** ။ "အေးဗျာ ကျွန်တော်က ဆေးလိပ်မသောက်တတ်၊ ကွမ်းမစားတတ်တော့ ကိုယ်ချင်းမစာတတ်ဘူးဖြစ်နေတယ်။ အစောက ပြောရောပေါ့ဗျာ။ ကျွန်တော် ဝယ်ပေးမှာပေါ့"

**ဦးလောက်စိန်** ။ "ရပါတယ်ဗျာ။ အခုတော့ ကျွန်တော်တို့လည်း အတော်ခံနိုင်ရည် ရှိနေပါပြီ"

**ထွန်းနိုင်** ။ "ကဲ . . . ကျွန်တော်ပြန်ပြီး ကိုမြင့်ဆွေဆီက လူတောင်းလိုက်ဦးမယ်။ နေ့လယ်မှ ကွမ်းစားကြပေရော့။ ကျွန်တော်ဝယ်ပြီး ပို့နိုင်းလိုက်မယ်"

**ဦးလောက်စိန်** ။ "ကျေးဇူးပဲဆရာ။ ထောင်ပိုင်ကြီးက ကွမ်းစားတာ မကြိုက်တော့ ကျွန်တော်တို့ ကွမ်းငတ်နေတာကြာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဈွန်နီ ။ ''အခုလည်း လုပ်ငန်းခွင်မှာသာ စားပါ။ အိပ်ဆောင်ယူမသွားနဲ့''

✲✲✲✲✲✲✲✲✲✲

ကျွန်ုပ်အပြင်တွင် ထောင်မှူးဦးမြင့်ဆွေနှင့်တွေ့ပြီး လူတောင်းရပြန်သည်။ လူကြမ်းများသာလိုသဖြင့် ကျန်းမာရေးကောင်းမွန်သောယောက်ျားတိုင်း သုံး၍ရပါသည်။

လွှတိုက်ခြင်း၊ ကော်ပတ်စားခြင်း၊ သစ်သယ်ခြင်းကိစ္စများနှင့် သန့်ရှင်းရေးသာ လိုအပ်သဖြင့် ထောင်ကျလူသစ် (၅)ယောက်ရသဖြင့် အဆင်ပြေသည်။

ကွမ်း၊ ထုံး၊ ဆေး ဝယ်နိုင်းပြီးနောက် လူသစ် (၅)ယောက်ကိုလည်း လက်သမားရုံ ပို့လိုက်သည်။ တစ်ဆက်တည်း ထောင်ပိုင်ကြီးအား ခွင့်တောင်း၍ လက်သမားရုံအနီးရှိ ယခင် သစ်တိုသစ်စထားသော ဂိုဒေါင်အား ရှင်းလင်းရသည်။

ပြီးနောက် သစ်သားဖြင့် အကာအရံလုပ်ခြင်း၊ ဝက်စာခွက်များလုပ်ခြင်း၊ ရေခွက်များလုပ်ခြင်း အမှုကို မိုးကြီးတို့အုပ်စု အင်အားဖြင့် လုပ်ရသည်။

ထိုစဉ် ထောင်မှူးဦးမြင့်ဆွေ ရောက်လာပြီး –

''သူငယ်ချင်းရေ လုပ်လှချည်လား။ (၁၂)နာရီ ထိုးတော့မယ်။ ကိုကျော်စိန်ဝင်းတို့ အိမ်ကို ထမင်းစားသွားရမယ်လေ''





ဈွန်နီ ။ ''ဟုတ်ပါရဲ့ဗျာ။ မနက်ဖြန် ဝက်တွေရောက်မှာမို့ အရေးပေါ် စီစဉ်နေရတာပါ။ ပြီးပါပြီဗျာ''

✲✲✲✲✲✲✲✲✲✲

ကျွန်ုပ် ထောင်ကြိုးပုတီး အချို့ကိုယူခဲ့ပြီး ကိုမြင့်ဆွေနှင့်အတူ ထောင်ဗူးဝသို့ ထွက်ခဲ့ကြသည်။ ထောင်ပိုင်ကြီးအား အကျိုးအကြောင်းပြောပြ၍ ဂိတ်ခန်းမှ စက်ဘီးကိုယ်စီဆွဲကာ ရွှေဘုန်းရှိန်ရပ်ကွက် ကျော်စိန်ဝင်းတို့အိမ်သို့ ထွက်ခဲ့ကြသည်။

အိမ်တွင် နေ့လယ်(၁၂) နာရီကျော်ပြီဖြစ်၍ လူစုံပေပြီ။ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားပင် ပြီးမြောက်ပြီဖြစ်၍ နေ့လယ်စာပင် ကျွေးနေလေပြီ။

ကျော်စိန်ဝင်း ။ ''လာဗျို့ . . . ကိုသိန်းဝင်းနဲ့ ကိုမြင့်ဆွေ။ နောက်ကျလှချည်လားဗျာ''

ဈွန်နီ ။ ''ဖိုးကျော်ရေ ဆောရီးပဲကွာ။ အခုတောင် အလုပ်ဖျက်ပြီးလာရတာ။ မနက်ဖြန် ဝက်သွားဝယ်မယ် မဟုတ်လား။ အဲဒါ ဝက်တွေထားဖို့ နေရာလုပ်နေရတာနဲ့ နောက်ကျတာပါ''



www.burmeseclassic.com

www.burmeseclassic.com



**ကျော်စိန်ဝင်း** ။ ''မနက်ဖြန်ညနေမှ ဝက်က ရောက်မှာပါဗျာ။ ခင်ဗျားက တယ်ဝီရိယ ကောင်းတာကိုး''

**ထွန်းဝိ** ။ ''ကြိုတင်လုပ်ထားမှ တော်ကာကျမှာပေါ့ဗျာ။ မနက်ဖြန် ကျွန်တော်တို့ ဝက်ဝယ်ထွက်မှာမို့ ပြန်လာမှလုပ်လို့ မရဘူးလေ။ နိုင်းခဲ့ရင်တော့ ရတာပေါ့ဗျာ။

ဒါပေမယ့် စိတ်တိုင်းမကျလို့ ပြန်ပြင်ရရင် ခက်မယ်။ အကာအရံ အဆောက်အဦ၊ အစာခွက်၊ ရေခွက်လိုတယ်လေဗျာ''

ထိုစဉ် ဦးနေအောင် ထွက်လာပြီး –

''လာဗျို့ . . . ကိုသိန်းဝင်းတို့ ဒီမှာ အဆင်သင့်ပြင်ဆင်ထားတယ်။ သီးသန့်ဖိတ်ထားတာမို့ လူနည်းပါတယ်။ တစ်ခါတည်း ဝင်စားပါ''

ကျော်စိန်ဝင်းတို့ အိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အပေါ်ထပ်၊ အောက်ထပ် အတော်ကျယ်ဝန်းသည်။ ကားကြီးနှစ်စီးထားသောဂိုဒေါင်ကြီးအတွင်း၌လည်း စားပွဲခုံများချထား၍ လူအတော်များများအား မကျပ်ထိုးစရာမလိုဘဲ ကျွေးမွေးနိုင်ပါသည်။

ကြက်သားဒန်ပေါက် ထမင်းဖြစ်၍ အသားရှောင်သူများအတွက် အဆင်ပြေအောင် ဦးနေအောင်က စီစဉ်ထားခြင်းဖြစ်သည်။ စားသောက်ပြီး အချိုပိုင်းတွင် ကျော်စိန်ဝင်းက ကျွန်တော်တို့နှင့် သူ့မိဘများ၊ အစ်မများနှင့် မိတ်ဆက်ပေးသည်။

''ပါပါ ဒါကျွန်တော် တက္ကသိုလ်တုန်းက သူငယ်ချင်း ထောင်မှူးဦးသိန်းဝင်း။ ဒီဆရာက ထောင်မှူး ဦးမြင့်ဆွေ''





**ကျော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း ဒါ ကျွန်တော့်အဖေ ဦးခင်ဟုတ်နဲ့ အမေ ဒေါ်ကြည်ကြည်။ ဒါက အစ်မကြီး မြင့်မြင့်အေး။ ဒီနေ့ ဦးနေအောင်နဲ့ စေ့စပ်တဲ့ အစ်မကြီးပါ''

**ထွန်းဝိ** ။ ''တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်။ ကျွန်တော်တို့ကိုလည်း ကျော်စိန်ဝင်းလို သားလို သဘောထားပါ''

**ဦးခင်ဟုတ်** ။ ''အေးကွယ် . . . အလွန်ဝမ်းသာပါတယ်။ ထောင်မှူးနာမည်ကတော့ ရင်းနှီးပြီးသားပါ။ သားက မကြာခဏ ပြောနေတာ။ ထောင်မှူးရဲ့ ထောင်ပုတီးကလည်း နာမည် ကြီးပေတာကိုး''

**ထွန်းဝိ** ။ ''ဪ . . . ဟုတ်ပါရဲ့။ ဒီမှာ အန်ကယ်လ်နဲ့ အန်တီအတွက် တစ်ကုံးစီ။ အစ်မကြီး ဒေါ်မြင့်မြင့်အေးအတွက်လည်း တစ်ကုံးပါလိုအပ်ရင် ကျွန်တော် ထပ်ပေးပါ့မယ်''

**ဒေါ်ကြည်ကြည်** ။ ''ကျေးဇူးတင်ပါတယ် သားရယ်။ ဒီမှာ မင်းအစ်မတွေ ညီမတွေကလည်း ထောင်ပုတီးကို လိုချင်နေကြတာကွဲ့။ အမေတို့ တစ်အိမ်သားလုံးက ဘာသာရေး လုပ်တယ်လေ။

မြောက်ကျင်း၊ ဘုန်းကြီးကျောင်းနဲ့နီးတော့ မိသားစုတစ်စုလုံး ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ကြတယ်။ မင်းသူငယ်ချင်း ကျော်စိန်ဝင်းတော့ မပါဘူးကွယ့်''

**ထွန်းဝိ** ။ ''ကျွန်တော်သိပါတယ် အမေ။ ကျော်စိန်ဝင်းက ကွန်မြူနစ်လိုလို၊ ဆိုရှယ်လစ်လိုလို၊ ဖဲသမားလိုလို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆရာကြီးလုပ်နေတာ။ ကျောင်းတုန်းကလည်း ဒီအတိုင်းပါပဲ''

**ဒေါ်ဖြည့်ဖြည့်** ။ ''မင်းသူငယ်ချင်းအကြောင်း မင်းသိမှာပေါ့။ အခုလည်း ဦးနေအောင်က သစ်တောဌာနမှာ ဝင်လုပ်ဖို့ပြောနေတာ စာရေးမို့ မလုပ်ချင်ဘူးတဲ့လေ။ အရာရှိကတော့ ချက်ချင်းဘယ်ရမလဲ။ တစ်ဆင့်ပြီးမှတစ်ဆင့် တက်ရမှာပေါ့နော်''

**ကျော်စိန်ဝင်း** ။ ''မာမာကလည်း အခုလည်း သစ်ကားမောင်းနေတာ စာရေးလစာထက် သာပါတယ်ဗျာ''

**ဒေါ်ဖြည့်ဖြည့်** ။ ''မဟုတ်သေးဘူးသားရဲ့။ အစိုးရအလုပ်က ဂုဏ်ရှိတာပေါ့။ ဒီမြို့မှာ သူဌေးတွေ ပေါလွန်းလို့ အစိုးရဝန်ထမ်းသာ ရှားတာ။ အရာရှိဆိုရင် လက်ချိုးတောင် တွက်လို့ရတယ်ကွဲ့''

**ဦးဝင်းတုတ်** ။ ''ဟုတ်တယ် သားရဲ့။ ပါပါက မင်းကားမောင်းနေတာကို မကြည့်ရက်ဘူး။ မင်းသူငယ်ချင်း ထောင်မှူးတွေလို ယူနီဖောင်းဝတ်ပြီး ကျော့ကျော့လေးနေတာကို မြင်ချင်တာ။ သစ်တောဝင်တော့လည်း အဖေတို့ အလုပ်နဲ့ဆက်နွယ်နေလို့ အဆင်ပြေတာပါပဲ''

**ထိုက်တော်ခင်း** ။ ''ဟုတ်ပါတယ် ကျော်စိန်ဝင်းရာ။ ငါလည်းစာရေးက စဝင်ပြီး ရာထူးတက်လာတာပါ။ မင်းလည်း ဘွဲ့ရပြီးသားပဲ။ တစ်ချိန်ချိန် အရာရှိဖြစ်ရမှာပေါ့။

နောက်ပြီး ငါတို့နဲ့တွဲပြီး ဒီမြို့မှာပဲ လုပ်ရမှာ။ မင်းလည်း တောလိုက်ဝါသနာပါတော့ အဆင်ပြေမှာပါ။ နောက်ပြီး မင်းယောက်ဖ ဦးနေအောင်က ဒီမြို့မှာအကြီးဆုံး ရာထူးတက်မြန်မှာပါကွာ''

ကျော်စိန်ဝင်းမျက်နှာ ရှုံ့မဲ့သွားသော်လည်း ကျွန်တော်တို့





အားလုံး ပြုံးမိကြသည်။ ဦးနေအောင်က တောအုပ်ကြီး ကျော်စိန်ဝင်း၏ ယောက်ဖ အသစ်စက်စက် ဖြစ်လေသည်။

**ကျော်စိန်ဝင်း** ။ ''ကဲ . . . ဒါဆိုလုပ်မယ်ဗျာ။ အဆင်မပြေရင်တော့ ချက်ချင်းထွက်မှာနော်''

**ဦးနေအောင်** ။ ''အစိုးရအလုပ်ဆိုတာ ချက်ချင်းထွက်လို့တော့ ဘယ်ရမလဲ ငါ့ညီရာ။ အခုလည်း မင်းငါတို့နဲ့တွဲပြီး နယ်လှည့်နေတာပဲဟာ။ အဆင်မပြေစရာ မရှိပါဘူး''

**ကျော်စိန်ဝင်း** ။ ''ကဲဗျာ . . . ဒါဆို ဘယ်နေ့အလုပ်စဝင်ရမှာလဲ''

**ဦးနေအောင်** ။ ''နေပါဦး ငါ့ညီရယ်။ မင်းစိတ်က မြန်လှချည်လား။ အစိုးရအလုပ်ဆိုတာ ချက်ချင်းဝင်လို့လည်း မရဘူး။ ချက်ချင်းထွက်လို့လည်း မရဘူး။

မင်းကိုယ်ရေးရာဇဝင်နဲ့ အောင်လက်မှတ်၊ ထောက်ခံစာ၊ ဓာတ်ပုံ(၃)ပုံပေး။ ငါတနင်္လာနေ့ လူကြုံနဲ့ရုံးချုပ်ကို ပို့လိုက်မယ်။ တစ်လအတွင်း ရစေရမယ်ကွာ''

**ကျွန်ုပ်** ။ ''ကောင်းပါတယ်။ နေရာတကာ စပ်စပ်စုစု လုပ်တတ်ကိုင်တတ်တဲ့ ကျော်စိန်ဝင်းအတွက် အဆင်ပြေမှာပါ''

**ကျော်စိန်ဝင်း** ။ ''ဟေ့လူ မြှောက်ပေးမနေနဲ့။ ကျုပ်က လုပ်ချင်တာ မဟုတ်ဘူး။ အခြေအနေအရ လုပ်ရတာ''

**ကျွန်ုပ်** ။ ''ကဲ . . . အားလုံးပြန်ပါဦးမယ် ခင်ဗျာ။ ကျွန်တော်တို့အလုပ်ပြန်ဝင်ရဦးမှာမို့ပါ။ ဖိုးကျော် မနက်ဖြန်ဝတ်ဝယ်သွားဖို့ ဘယ်အချိန်လာရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



**ကျော်စိန်ဝင်း** ။ ''ခင်ဗျားတို့ မလာပါနဲ့။ ကျွန်တော်ပဲ ကားကြီးမောင်းပြီး ထောင်ကိုလာခေါ်မယ်။ ဝက်ဖမ်းမဲ့သူတွေနဲ့ ကြိုးတွေဘာတွေသာ အဆင်သင့်လုပ်ထား။ မနက်(၈)နာရီလောက်ပေါ့''

**ထွန်းဝင်** ။ ''အေး . . . အေး ကောင်းပါပြီ ဆရာရယ်။ ကျွန်တော်တို့ အသင့်စောင့်နေပါ့မယ်။ တခြားဘာလိုသေးသလဲ''

**ကျော်စိန်ဝင်း** ။ ''ဘာမှမလိုဘူး။ စားဖို့သောက်ဖို့ပဲ အရေးကြီးပါတယ်''

**ဦးနေအောင်** ။ ''ဦးသိန်းဝင်းနဲ့ ဦးမြင့်ဆွေ ညနေ(၆)နာရီ အရောက် ကျွန်တော့်ဘိုတဲကို လာဖို့မမေ့နဲ့နော်''

**ထွန်းဝင်** ။ ''စိတ်ချပါဗျာ။ ဆက်ဆက်လာခဲ့ပါ့မယ်''

✲✲✲✲✲✲✲✲✲✲

ကျွန်ုပ်တို့ ထောင်ပြန်ရောက်တော့ ဝက်မွေးမြူရန်အတွက် ရေရရှိရေးနှင့် အညစ်အကြေးစွန့်ပစ်ရန် ကန်များတူးရပြန်သည်။ ဝက်မွေးမြူရေးအတွက် ကိုမြင့်ဆွေက အလုပ်သမား (၁၀)ယောက် ချပေးသဖြင့်သာ တော်သေးသည်။

ညနေစောင်း ထောင်ပိတ်ပြီးတော့ ကျွန်ုပ်တို့ အနောက်ဂိတ်ကြီးပြန်၍ ရေချိုးကြသည်။ ယနေ့ အတော်ပင်ပန်းသည်။ ရေချိုးလိုက်





မှလန်းသွားသည်။ မနက်ဖြန်လည်း ဝက်ဝယ်ထွက်ရဦးမည်ဖြစ်၍ ပင်ပန်းဦးမည် ဖြစ်သည်။

ညနေ(၆)နာရီ ထိုးခါနီးမှ ကျွန်ုပ်နှင့် ကိုမြင့်ဆွေ စက်ဘီးကိုယ်စီဖြင့် သစ်တောရုံးရှိ ဦးနေအောင်၏ ဘိုတဲသို့ ထွက်ခဲ့ကြသည်။ လူအတော်စုံနေပြီ ဖြစ်သည်။

**ဦးနေအောင်** ။ ''လာကြဗျို့ . . ကိုသိန်းဝင်းတို့ ဒီမှာ အဆင်သင့်ပဲ''

**ထွန်းဝင်** ။ ''ဦးနေအောင် ကျော်စိန်ဝင်း မမြင်ပါလားဗျ''

**ဦးနေအောင်** ။ ''ခင်ဗျားသူငယ်ချင်း မနက်ဖြန် ဝက်ဝယ်ထွက်ဖို့အတွက် ကားပြင်နေလေရဲ့။ လာပါလိမ့်မယ်။ စားရင်းသောက်ရင်း စောင့်ကြတာပေါ့''

**ထိုက်တော်မင်း** ။ ''လာပါဗျာ။ ဖိုးကျော်က အလုပ်တစ်ခုလုပ်မယ်ဆိုရင်တော့ ခြေဆုံး၊ ခေါင်းဆုံး အားကိုးရတယ်ဗျ။ နေရာတကာလည်း နှံ့စပ်တယ်၊ စေတနာလည်းပါတယ်။ အပြောမတတ်တာ တစ်ခုပဲဆိုးတယ်''

**ထွန်းဝင်** ။ ''ငယ်ပေါင်းတွေပဲဗျာ။ တစ်ယောက်သဘော တစ်ယောက်သိပါတယ်။ ဖိုးကျော်အပြောဆိုးပေမယ့် စိတ်ကောင်းရှိပါတယ်''

ထိုအချိန် ကျော်စိန်ဝင်းရောက်လာပြီး

''ဟော့လူတွေ ကျုပ်အကြောင်း ဘာမကောင်းပြော နေကြတာလဲ။ တစ်စွန်းတစ်စ ကြားလိုက်ပါတယ်''

www.burmeseclassic.com



**ထိုက်ဇော်ခင်း** ။ ''အေး . . . ဟုတ်တယ်။ နင့်အကြောင်း မကောင်းပြောနေတာ။ သေခဲဦးမယ်''

**ဇော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း ခင်ဗျားအတော်ဒုက္ခပေးတဲ့သူဗျာ။ ကျူပ်ဖြင့် သစ်တင်ကားပက်လက်ကြီးကို ဝါးကပ်ခင်း၊ ဝါးကပ်ကာပြီး လုပ်လိုက်ရတာ။ တစ်ညနေလုံးပဲ။ ကားခဘယ်လောက်ပေးမှာလဲ''

**ထွန်းနိုင်** ။ ''တောင်းသလောက်ပေါ့ သူငယ်ချင်းရယ်။ ကိုယ်တို့က မင်းလက်ခုပ်ထဲက အီးပါ။ ရှူလိုရှူ၊ နမ်းချင်နမ်းပေါ့၊ အားမနာပါနဲ့''

**ဇော်စိန်ဝင်း** ။ ''ထွီ . . . ဝေါ့ အတော်ညစ်ပတ်တဲ့လူ။ ဒါကြောင့်ထောင်ကလူတွေနဲ့ မပေါင်းချင်တာ။ စကားအသစ်အဆန်းဆိုရင်လည်း ခင်ဗျားတို့ ထောင်ကထွက်တာ ချည့်ပဲ။ အကြံအဖန် ဖိုးတွမ်တီးတဲ့၊ လက်ကောက်တဲ့လေ''

**ထွန်းနိုင်** ။ ''ဟ . . . သူငယ်ချင်းရ၊ အဲ့ဒါ ရင်ထဲက လာတဲ့စကား အစစ်အမှန်တွေကွ။ ထောင်သားတွေတအားအားရှိတိုင်း စကားအသစ်အဆန်းတွေကို ကြိတ်ကြံပြီး ဘဝစကားလုံး အသစ်အဆန်းတွေ ဖော်ထုတ်ဖန်တီးပေးတာ။

ထောင်စကားလုံး အသစ်တွေကြားရရင် အရိုးထဲစွဲသွားတယ် မဟုတ်လား''

**ဇော်စိန်ဝင်း** ။ ''ဟုတ်ကဲ့ပါ၊ ထောင်ဆရာကြီးရယ်။ လေးစားပါတယ်''

✡✡✡✡✡✡✡✡✡✡





ကျွန်ုပ်တို့နောက်ရင်း၊ ပြောင်ရင်း စားကြသောက်ကြရင်း အချိန်ကုန်သွားမှန်းမသိ ကုန်သွားရာ ည(၁၀)နာရီ မီးပိတ်ဖို့ အချက်ပြတော့မှ သတိရကြတော့သည်။

**ဦးနေအောင်** ။ ''ကိုသိန်းဝင်းတို့ မပြန်ကြနဲ့တော့ဗျာ။ ဒီမှာပဲ အိပ်လိုက်ကြပါ။ စောင်တွေ၊ ခြင်ထောင်တွေ အလုံအလောက်ရှိပါတယ်။ ခင်ဗျားတို့ ထောင်လမ်းကဆိုးပြီး အတော်လှမ်းတယ်''

**ထွန်းနိုင်** ။ ''မဖြစ်သေးဘူး ဆရာဦးနေအောင်ရေ။ ညလုံခြုံရေးကိစ္စနဲ့ မနက်ဖြန်ဝက်ဝယ်ထွက်ဖို့ လူစုရဦးမှာ။ နောက်ပြီး ထောင်ပိုင်ကြီးဆီကလည်း ငွေထုတ်ရဦးမှာ''

**ထိုမြင့်ဆွေ** ။ ''ဟုတ်သားပဲ ကိုသိန်းဝင်းရာ။ ကျွန်တော်တို့ထောင်ပိုင်ကြီးကိုလည်း ပြောလာခဲ့တာပဲ။ နောက်ပြီး ဒီနေ့ညက ခင်ဗျားရော၊ ကျွန်တော်ပါ ဘာတာဝန်မှ မရှိဘူးလေ။ လုံခြုံရေးလည်း ကောင်းပါတယ်။

အနောက်ဂိတ်ကြီးပေါ် ပြန်အိပ်ရုံပဲရှိတာ။ မနက်စောစောထပြန်ကြတာပေါ့။ ဒီမှာလည်း စကားပြောကောင်းတုန်း ရှိသေးတာ။ တော်ကြာထောင်မှူးတွေ အရက်မူးပြီး စက်ဘီးမှောက်တယ်ဆိုရင်လူကြားမကောင်းပါဘူးဗျာ''

ကျွန်ုပ် သိလိုက်ပါပြီ။ ကိုမြင့်ဆွေ အရက်သောက်၍ မဝသေးပါ။ သူက ကသာမြို့သားပီပီ အရက်အလွန်သောက်နိုင်သူဖြစ်သည်။

**ဦးနေအောင်** ။ ''ဟုတ်သားပဲ ဦးသိန်းဝင်းရာ တစ်ခါတလေ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လွှတ်လပ်လပ် စကားပြောရတာ အလွန်
အရသာ ရှိတယ်။ နေကြပါဦးဗျာ''

ပြောပြောဆိုဆို ဦးနေအောင်က အရက်ပုလင်းများ ထုတ်လာပြန်သည်။

**ကျော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း ခင်းဗျားပြန်ချင်ရင် ဒီလိုလုပ်မယ်။
စက်ဘီးတော့မစီးနဲ့ တွန်းပြန်ရမယ်။ ကျွန်တော်
နဲ့ကိုဇော်မင်း လက်နှိပ်ဓာတ်မီးတွေနဲ့ လိုက်ပို့မယ်။

ဒါပေမယ့် ကျွန်တော်က သရဲကြောက်တော့ ကျွန်တော်တို့ အပြန်ကျရင်လည်း ခင်ဗျားနဲ့ကိုမြင့်ဆွေက ပြန်လိုက်ပို့ပေါ့။ ပြန်ရောက်လို့ ခင်ဗျားတို့ ပြန်ချင်သေးရင် ကျွန်တော်တို့က တစ်ခါပြန်လိုက်ပို့ဦးမယ်လေ''

''ဝါး . . . ဟား . . . ဟား . . . ဟား''

**ကိုဇော်မင်း** ။ ''ကျော်စိန်ဝင်းတော့ မူးနေပြီဟေ့။ စကားပြောတာ
တောင် ပတ်ချာရမ်းနေပြီ။ ကဲ . . . ကိုသိန်းဝင်း
တို့ ပြန်ကြမှာလား ကျော်စိန်ဝင်း အကြံဉာဏ်အတိုင်း တစ်ညလုံး လမ်းလျှောက်ကြတာပေါ့''

''ဟား . . . ဟား . . . ဟား''

**ကျော်စိန်ဝင်း** ။ ''ကျုပ်က တမင်ပြောတာပါဗျာ။ ကိုသိန်းဝင်းတို့
ဒီမှာ အိပ်အောင်လို့ပါ။ ကျုပ်လည်း မပြန်ဘူး။
ဒီမှာပဲ အိပ်မှာ''





**ဦးနေအောင်** ။ ''ဒီမှာပဲ အားလုံးအိပ်ကြပါဗျာ။ ပျော်ပျော်ပါးပါး
ပေါ့။ ဒါနဲ့ ဦးသိန်းဝင်းရေ နောက်စနေနေ့မှာ ကျွန်
တော်တို့ မြတောင်တောဘက် သွားရမယ်ဗျ။ တစ်ညအိပ်ကြာမယ်။ ဘနင်္ဂနွေနေ့ ညနေလောက်မှ ပြန်ရောက်မှာ။ အမဲလည်း လည်ရတာပေါ့။ လိုက်ခဲ့မလား''

**ကျွန်ုပ်** ။ ''လိုက်ချင်တာပေါ့ဗျာ။ အားမအား မသေချာဘူး။
နီးမှ ပြောမယ်ဗျာ''

**ကိုမြင့်ဆွေ** ။ ''လိုက်သွားပါ သူငယ်ချင်းရာ။ အဲဒီနေ့လောက်ဆို
ရင် သူငယ်ချင်းဝက်တွေလည်း အခြေကျပါပြီ။
တာဝန်မှူးနဲ့ ဆိုင်နေရင်လည်း ကိုယ်စောင့်ပေးပါ့မယ်။ ပြဿနာ မရှိပါဘူး''

**ကျွန်ုပ်** ။ ''အေးဗျာ . . . အဲ့ဒါဆိုရင်လည်း လိုက်ရတာပေါ့။
တောမပစ်တာကြာတော့ ဗဟုသုတရတာပေါ့။ ဒါ
နဲ့ ဦးနေအောင်တို့ သစ်တောဌာန လုပ်ငန်းစဉ်လေးလည်း ပြောပြပါဦးဗျာ''

**ဦးနေအောင်** ။ ''အေးဗျ . . . ကျွန်တော်ကလည်း အခုလို စားရင်း၊
သောက်ရင်း ပြောပြချင်တာ။ ဗဟုသုတ ဖလှယ်
ရတာပေါ့ဗျာ။ ကျွန်တော်တို့ အလုပ်က မိုးရာသီမှာ အလွန်အလုပ်များတာဗျ''

❖❖❖❖❖❖❖❖❖❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

**ဦးနေအောင်** ။ "ကျွန်တော်အုပ်ချုပ်ရတဲ့ သစ်တောနယ်မြေက အတော်ကျယ်ပြန့်ပါတယ်။ အနောက်ကသာ သစ်ထုတ်လုပ်ရေးနဲ့ အရှေ့ကသာသစ်ထုတ်လုပ်ရေး ဆိုပြီးနှစ်ပိုင်းခွဲထားတယ်။

အနောက်ကသာ သစ်ထုတ်လုပ်ရေးမှာ စန်းမောက်သစ်ထုတ်လုပ်ရေးနယ်ကထုတ်တဲ့ ကျွန်းသစ်လုံးတွေကို နန်းကျင်ချောင်းဖျားကနေ ရေမျှောဖို့ရေထဲချရတယ်။ အဲဒါကလည်း မိုးကာလနဲ့ ဆောင်းဦးပေါက်ပဲ လုပ်လို့ရတယ်။ ချောင်းရေများချိန်ပေါ့။

နန်းကျင်ချောင်းက ချောင်းကြီးချောင်းထဲ စီးဝင်တယ်။ ချောင်းကြီးချောင်းက ဥယုမြစ်ထဲစီးဝင်တယ်။ ချောင်းကြီးချောင်းနဲ့ ဥယုမြစ်ဆုံရာမှာ ချောင်းကြီးဝရှိတယ်။ အဲဒီမှာ နောင်မိုးရွာရှိတယ်။

အိမ်ခြေ ငါးလုံးလောက်သာ ရှိပေမယ့် ကျွန်တော်တို့ရဲ့ သစ်ဆယ်စခန်းကြီးပေါ့။ ချောင်းကြီးဝထိပ်မှာ စတီးဝါယာကြိုးနဲ့





သစ်လုံးတွေကို သီတွဲချိတ်ဆက်ပြီး အထက်ကမျှောလာတဲ့ သစ်တွေကိုဖမ်းတဲ့ သစ်ဖမ်းဘုန်းတန်း တည်ဆောက်ထားတယ်။

တောင်ကျချောင်းရေနဲ့မျှောလာတဲ့ ကျွန်းသစ်လုံးတွေကို ရနိုင်သလောက် ဖမ်းဆယ်စုဆောင်းတဲ့နေရာပေါ့။ သစ်လုံးတွေနဲ့အတူ နန်းကျင်ချောင်းနဲ့ ချောင်းကြီးချောင်းတို့အတွင်းမှာ သစ်ပင်၊ သစ်ကိုင်းတွေလည်း မျှောပါလာတတ်တယ်။

ဘုန်းတန်းကို ပိတ်ဆို့ကန့်တာပေါ့။ အဲဒါကို "ဒိုက်" စုပုံလို့ခေါ်တယ်။ အဲဒါကို ဆင်အား၊ လူအားနဲ့ ရေသွားလမ်းမပိတ်ဆို့အောင် ဖယ်ရှင်းရတယ်။ အလွန်အန္တရာယ်များတယ်။ မိုးကောင်းပြီး ရေစီးအားသန်ရင်တော့ ဘုန်းတန်းပွင့်ထွက်သွားတတ်တယ်။ အဲဒီလို အချိန်နဲ့တိုးရင်တော့ ဆင်ရော၊ လူပါ ဆုံးပါတတ်တယ်။

ဒါကြောင့် "ဘုန်းတန်း"တွေမှာ ကင်းချထားပြီး မျှောလာသမျှ သစ်လုံးတွေကို အချိန်မီ ဆယ်တင်နိုင်အောင် ကြိုးစားထားရမယ်။ အလွန်အရေးကြီးတဲ့ အလုပ်ပါပဲ။ ဒိုက်ပုံဖြစ်သွားရင်တော့ သစ်ဆယ်ဖို့ အလွန်ခက်သွားတာပေါ့။

ရောဝတီမြစ်ကို အခြေပြုပြီး အရှေ့ဘက်ကမ်းကို အရှေ့ကသာ သစ်ထုတ်လုပ်ရေး၊ အနောက်ဘက်ကမ်းကို အနောက်ကသာ သစ်ထုတ်လုပ်ရေးဆိုပြီး လုပ်ကွက်တွေ ခွဲထားတယ်။

အရှေ့ဘက်ကမ်းမှာ ယင်းခဲကြိုးဝိုင်း၊ ဘိုးကြိုးဝိုင်း၊ နမ်မဲကြိုးဝိုင်းနဲ့ ဂွန်းချောင်းစဥ့်ကူးအထိ သစ်ထုတ်လုပ်ရေး ဒေသသတ်မှတ်ပြီး သစ်ထုတ်လုပ်ရေးဝန်ထောက် (နယ်တာဝန်ခံ)က အုပ်ချုပ်ရတယ်။ အင်ဒေါင်း၊ ကျောက်တောင်နယ်ကိုလည်း နယ်တာဝန်ခံ တစ်ဦးက အုပ်ချုပ်ရတယ်။

လမ်းစဉ်ပါတီဖွဲ့စည်းအုပ်ချုပ်ပုံ ပြင်ဆင်တဲ့အခါမှာ "အိုး၊ နမ်မဲ



www.burmeseclassic.com

www.burmeseclassic.com



ကွန်းချောင်း၊ သစ်တောကြိုးဝိုင်းတွေဟာ ရှမ်းပြည်နယ်မြောက်ပိုင်းဘက် ပါဝင်သွားလို့ မိုးမိတ်ခရိုင်က အုပ်ချုပ်ပြီး သစ်ထုတ်လုပ်ကိုင်ရတယ်။ အရင်က အရှေ့ကသာ သစ်ထုတ်လုပ်ရေးဒေသမှာ ရွှေလီဖောင်ဖွဲ့ရေး ဒေသပါဝင်ပြီးနောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ကို လွှဲပေးရတယ်။

အင်ဒေါင်း၊ ကျောက်တောင်ကြိုးဝိုင်းတွေက ကျွန်းနဲ့သစ်မာတွေ ထုတ်ပြီးတဲ့အခါမှာ မြတောင်နယ်သစ်ဖွင့်ပြီး မြတောင်ကြိုးဝိုင်း၊ ဟသ်ာကြိုးဝိုင်း၊ နမ့်ခေါင်ကြိုးဝိုင်းတွေကို ပြောင်းရွှေ့ထုတ်ပြီး နယ်တာဝန်ခံ (ယာယီရုံး)ကို မြတောင်ကြိုးဝိုင်းသစ်တောမှာ အခြေစိုက်ခဲ့တယ်။

မြတောင်တောက နယ်မြေသစ်ဖြစ်လို့ ကျွန်းနဲ့သစ်မာ ပေါတယ်။ တောကောင်နဲ့ သစ်ခွပန်းအမျိုးမျိုးပေါတယ်။ ဒါကြောင့်ကိုသိန်းဝင်းတို့ကို အမဲလိုက်ဖို့ ခေါ်တာပါ''

**ထွန်းဝိ** ။ ''ဘာတောကောင်တွေ ပေါသလဲဗျ။ သစ်ခွကရော ဘာမျိုးတွေလဲ''

**ဦးနေအောင်** ။ ''ပြောင်၊ ဆတ်၊ ဝံ၊ သမင်၊ ဒရယ်နဲ့ တောဝက် ပေါသဗျ။ သီးပင်၊ စားပင်ပေါလို့ မျောက်ကတော့ တအားပေါတယ်။ ငှက်ကတော့ ဒေါင်းအမျိုးမျိုးနဲ့ ရစ်၊ တောကြက်၊ ငှက်ကွေ့၊ အောက်ချင်း၊ ယောင်ယင် အကုန်ရှိသဗျ။

သစ်ခွကတော့ ဖယောင်းပန်းအမျိုးမျိုး၊ ရတနာရွှေခက်၊ မိုးလုံးမှိုင်း၊ စာကလေးသစ်ခွ၊ ရွှေတူ၊ ငွေတူ အတော်စုံသဗျ။ ဒါတောင် ကျွန်တော်သိသလောက်ပြောတာ။ ကျွန်တော် နာမည်မသိတဲ့ သစ်ခွတွေ အများကြီးရှိတယ်''

**ထွန်းဝိ** ။ ''ကျွန်တော်ကတော့ သစ်ခွပန်းကို အလွန်စိတ်ဝင်စားတယ်ဗျာ''





**ဦးနေအောင်** ။ ''ဒါကြောင့် ခင်ဗျားတို့ကို ခေါ်တာပါ။ ဆောင်းတွင်း ကာလအခုလိုအချိန်မှာ သစ်မမျှောနိုင်တော့ ကျွန်တော်တို့တာဝန် အလွန်ပေါ့ပါတယ်။

သစ်တောလုပ်ငန်း စစ်ဆေးတာလောက်လုပ်ပြီး အနားယူ၊ အပန်းဖြေ၊ အမဲလိုက်တာပါပဲ။ အဲလုပ်ငန်းအကြောင်း ဆက်ပြောဦးမယ်။ ကျော်စိန်ဝင်းလဲ မှတ်ထား။

အနောက်ကသာ သစ်ထုတ်လုပ်ရေး ဒေသတွေကတော့ ဧရာဝတီ အနောက်ဘက်ကမ်း မြစ်စဉ်နယ်၊ အင်းတော်နယ်။ မော်လူးနယ်နဲ့ ဗန်းနောက်နယ်တို့ ပါဝင်တယ်။

မြစ်စဉ်နယ်က ဧရာဝတီအနောက်ဘက်ကမ်း အထက်ကချင်ပြည်နယ်စပ်၊ အောက်ပိုင်း မန္တလေးတိုင်းနယ်စပ် ထီးချိုင့်မြို့နယ်၊ မဲဇာချောင်းအထိ ပါဝင်တယ်။

နောက်အင်းတော်နယ်ထဲက ကြိုးဝိုင်းတွေ၊ မော်လူးနယ်ထဲက ကြိုးဝိုင်းတွေ၊ ဗန်းမောက်နယ်၊ စစ်ကိုင်းတိုင်း၊ ပင်လယ်ဘူးမြို့နယ်ထဲက ကြိုးဝိုင်းတွေပေါ့။ ကျွန်းသစ် အဓိကထွက်တယ်။

ဗန်းမောက်နယ်က ကျွန်းသစ်တန် (၃၀,၀၀၀)ခန့်ကို ထုတ်လုပ်နိုင်ပြီး၊ နန်းကျင်ချောင်းဖျားကိုချ။ ကုန်ကျစရိတ် အသက်သာဆုံးနည်းနဲ့ လုပ်ပါတယ်။ ဒီနည်းက အန္တရာယ်များပေမယ့် အုံနဲ့ကျင်းနဲ့ထုတ်နိုင်လို့ တွက်ခြေကိုက်တယ်''

**ထွန်းဝိ** ။ ''ဦးနေအောင် ကားလမ်းတွေ၊ တံတားတွေသာ ကောင်းရင်တော့ ကားလမ်းနဲ့ထုတ်တာ ပိုမကောင်းဘူးလားဗျ''

**ဦးနေအောင်** ။ ကျွန်တော်တို့နိုင်ငံ လက်ရှိအခြေအနေအရတော့ မဖြစ်နိုင်သေးဘူးပေါ့ဗျာ။ ကားလမ်းဖောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တံတားဆောက်ဖို့ ငွေကြေးကနည်းမှတ်လို့။ ကားလမ်းပေါက်လို့ သယ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။

အခု ရေမျှောတဲ့စနစ်က မိရိုးဖလာနည်းပဲလေ။ ရေမျှောလို့ ဆုံးရှုံးတာနဲ့ အနိုးခံရတာနဲ့ ရေလမ်းခရီးမှာ ပျောက်ဆုံးလေလွင့်တာတွေလည်း ရှိတာပေါ့ဗျာ။

ကျွန်တော် ဟုမ္မလင်းမြို့ဘက်မှာ တာဝန်ကျတုန်းက အကြောင်းပြောရဦးမယ်။ ဥယုချောင်းဆိုတာ ခင်ဗျားတို့ သိမှာပါ။ ရွှေအလွန်ထွက်တယ်လေ။ ဥယုချောင်းဖျားမှာဆိုရင် လုံခင်းတာမခံဆိုတဲ့ ကျောက်စိမ်းထွက်တဲ့ နေရာတွေတောင်ရှိတယ်။

နမ့်ကျင်ချောင်းက ချောင်းကြီးထဲကို ဘိုကုန်းရွာအထက်နားမှာ စီးဝင်တယ်။ ချောင်းကြီးချောင်းက ဥယုချောင်းထဲကို နောင်မိုးရွာနားမှာ စီးဝင်တယ်။ နောင်မိုးရွာက ကျွန်တော်တို့ သစ်ဆယ်စခန်းလို့လည်း ပြောခဲ့ပြီးပြီ။

နောင်မိုးရွာက ကျေးရွာအုပ်စုဖြစ်ပေမယ့် ဝေးလံခေါင်းပါးလို့ အလွန်ခေါင်တယ်။ အိမ်ခြေက(၅)လုံးပဲရှိတာ။ ဥယုချောင်းဟာ တောင်ကျချောင်းဖြစ်လို့ သစ်မျှောဖို့ အလွန်ကောင်းတယ်။

ဥယုချောင်း က ဟုမ္မလင်းမြို့အောက်ပိုင်းမှာ ချင်းတွင်းမြစ်ထဲကို စီးဝင်တယ်။ ဥယုချောင်းရေကနောက်လို့ ချင်းတွင်း မြစ်ရေနဲ့ ဥယုချောင်းရေဟာ နှစ်ရောင်ဖြစ်နေတယ်။ ဖောင်းပြင်မြို့အထိ နှစ်ရောင်ကွဲနေတယ်။

ကျွန်တော် ဟုမ္မလင်းမှာ တာဝန်ကျတဲ့ (၁၉၇၃/၁၉၇၄) ခုနှစ်လောက်ကပေါ့ဗျာ ဟုမ္မလင်းမြို့ဟာ အလွန်ဖွံ့ဖြိုးမှု နည်းတယ်။ မြို့တွင်းလမ်းက မြေလမ်း၊ မော်တော်ကားလမ်းတောင် မရှိဘူး။ ဆိုက်ကား၊ မြင်းလှည်းနဲ့ လက်တွန်းလှည်းပဲရှိတယ်။





ချောင်းကြီးချောင်းဝ၊ နောင်မိုးရွာက ချင်းတွင်းမြစ်ဝ၊ ညောင်ပင်သာအထိ ဥယုမြစ်ဝဲ၊ ယာတစ်လျှောက်မှာ ရွာကြီး၊ ရွာငယ်တွေ မြစ်စဉ်တစ်လျှောက် ရှိတယ်ဗျ။ သစ်ဆယ်ရွာတွေပေါ့။

အစဉ်အလိုက် ပြောရရင် နောင်မိုး၊ နန်းတော၊ အထက်ဖာလုံ၊ အောက်ဖာလုံ၊ နောင်ပိုအောင်ရွာကြီးနဲ့မြစ်ဝ ညောင်ပင်ရွာတွေပေါ့။ အဲဒီရွာတွေမှာ ကျွန်တော်တို့ဌာနက သစ်ဆယ်ဆိပ်တွေ ဖွင့်ထားပြီး ရွာကဘယ်သူမဆို သစ်ဆယ်ပြီး ကမ်းနားမှာပုံပေးနိုင်ရင် ကျွန်တော်တို့ ဌာနက သစ်ဆယ်ခပေးရတယ်။

စုဆောင်းပြီး ပုံထားတဲ့ သစ်တွေကို ချောင်းရေကျပြီး ရေသာချိန်မှာ ဌာနပိုင်ရေယာဉ်၊ စက်လှေတွေနဲ့ဆွဲပြီး ချင်းတွင်းဝ ညောင်ပင်သာ၊ သစ်ဖောင်ဖွဲ့ရေး ဆိပ်ကို ပို့ရတယ်။

ဒေသခံတွေကလည်း တစ်နိုင်၊ တစ်ပိုင် သစ်ဖောင်တွေဖွဲ့ပြီး အပ်နှံနိုင်ပါတယ်။ ညောင်ပင်သာသစ်ဆိပ်က လက်ခံပြီး ဘောက်ချာဖြတ်လို့ ငွေရှင်းပေးရတယ်။

အဲဒီလုပ်ပိုင်ခွင့်တွေကို အသုံးချပြီး၊ လမ်းခရီးမှာ ခိုးကြတာပေါ့ဗျာ။ ကျွန်တော်တို့ ဌာနကလည်း ချက်ချင်းမသိနိုင်ပါဘူး။ တိုင်တဲ့သူရှိမှသာ သိတာများပါတယ်။

ရာသီကုန်လို့ စာရင်းချုပ်မှ သစ်ကွက်အသီးသီးက ရေမျှောထုတ်လုပ်တဲ့ သစ်လုံး အရေအတွက်နဲ့ လက်ခံရရှိတဲ့ သစ်လုံးအရေအတွက် တိုက်ဆိုင်စစ်ဆေးမှသာ ပျောက်ဆုံးသစ်လုံးအရေအတွက် ထွက်လာတော့တာပဲဗျို့။

တစ်နှစ်၊ တစ်နှစ် မနည်းဘူး။ ရေမျှောတဲ့နည်းက သယ်ယူစရိတ်သက်သာပေမယ့် အလေအလွင့်များတယ်ဗျို့။ သစ်ခိုးမှုမိလို့ ဌာနက တရားစွဲရတာလည်း မနည်းဘူး။ ဖမ်းမမိတဲ့ အမှုတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



တအားပေါ့ဗျာ။

ရေကြီးလို့ မျောပါသွားတဲ့ သစ်လုံးတွေကိုလည်း ကျွန်တော်တို့ ဌာနပိုင် ရေယာဉ်တွေနဲ့ လိုက်ဆယ်ရတယ်။ တချို့ဆို ချင်းတွင်းမြစ်စဉ်တစ်လျှောက် လိုက်ဆယ်ရတယ်။

မြစ်ရေကျသွားတဲ့အချိန် မြစ်ကမ်း၊ ချောင်းကမ်းနံဘေးမှာ တင်ကျန်ရစ်တဲ့ သစ်လုံးတွေကိုတော့ ဒိုက်ဖျက်ခြင်း၊ ကမ်းတင်ဆွဲချခြင်း၊ ချောင်းကြိုချောင်းကြား မြောင်းကြို မြောင်းကြားတင်ကျန်ရစ်တဲ့ သစ်လုံးတွေကိုလည်း လိုက်လံရှာဖွေရပြီး ရေတက်လာရင် ရေမျှောနိုင်အောင် ကမ်းစပ်မှာ စုပုံထားရတယ်။

အဲ့ဒါကို "ရေလိုက်ခြင်း"လို့ ခေါ်တယ်။ နေရာအပိုင်းအခြားအလိုက် တာဝန်ချထားတဲ့ ဝန်ထမ်းတွေက ဦးဆောင်ပြီး ဆင်၊ ကျွဲ၊ စက်လှေ၊ မော်တော်တွေနဲ့ ဆောင်ရွက်ရတာပါ။

နှစ်စဉ် စက်တင်ဘာလ နောက်ဆုံးရေကျန်လိုက်ခြင်း ချောင်းများက မြစ်ဝအထိ ကျန်ရှိနေတဲ့ သစ်လုံးတွေကို ရေကျန်သစ်လုံးစာရင်းကောက်ယူခြင်း ပြုလုပ်ပြီးတော့ သစ်တောဌာရဲ့ သစ်ထုတ်လုပ်ရေးလုပ်ကွက်မြေပုံမှာ ထည့်သွင်းပြီး စာရင်းချုပ်ရတယ်။

နှစ်စဉ် မတ်လနှစ်ချုပ်စာရင်းမှာ ရေကျန်သစ်လုံးစာရင်းဖော်ပြပြီး ရုံးချုပ်ကို တင်ရပါတယ်။ ချောင်းရေချ၊ သစ်မျှောခြင်းလုပ်ငန်းဟာ မိုးတွင်းကာလ အဓိက လုပ်ငန်းဖြစ်တယ်။ မိုးတွင်းချောင်းရေများချိန်မှာ သစ်လုံးများများ မျှောနိုင်အောင် အဓိကထားလုပ်ရတယ်။

မိုးအကုန်၊ ဆောင်းဦးကာလမှာတော့ အစောကပြောခဲ့သလိုလူ၊ ဆင်၊ ကျွဲ၊ ယာဉ်အင်အားနဲ့ ရေကျန်သစ်လုံးတွေကို စုစည်းရတာပါပဲ။ ဆောင်းနှောင်းနဲ့ နွေကာလတွေမှာတော့ နောင်နှစ်မိုးရာသီ





အတွက် ကြိုတင်ပြင်ဆင်ရပါတယ်။ ချောင်းရှင်း၊ ဒိုက်ပုံဖျက်၊ ကျောက်ဆောင်ရှိရင် မိုင်းခွဲ၊ စခန်းပြုပြင်၊ ဘုန်းတန်း(သစ်ဖမ်း)များ ကြက်ဆင် အသစ်လုပ်ခြင်းတို့ကိုလည်း သူ့အပိုင်းနဲ့သူ တာဝန်ယူပြီး လုပ်ရပါတယ်။

လုပ်ဆောင်ချက်ကောင်းရင် ကောင်းသလောက် နောင်နှစ်မိုးရာသီမှာ သစ်ထွက်အားပိုကောင်းပါတယ်။ သစ်တောလုပ်ငန်းကတော့ တစ်နှစ်ပတ်လုံး လုပ်ငန်းဆက်သွားတော့တာပါပဲ"

**ထွန်းဝင်** ။ "အေးဗျ၊ ဦးနေအောင်တို့ လုပ်ငန်းကလည်း မလွယ်ပါလား။ ရေထဲ မိုးထဲမှာ လူ၊ ဆင်၊ ကျွဲ၊ ယာဉ်အင်အားနဲ့လုပ်ရတာ ကျွမ်းကျင်မှုရှိရသလို အတော်လည်း ပင်ပန်းကြမှာပဲနော်"

**ဦးနေအောင်** ။ "သစ်ထုတ်လုပ်ရေးလုပ်ငန်းက နိုင်ငံအတွက် ဝင်ငွေအများဆုံး လုပ်ငန်းပဲလေဗျာ။ အဲဒီတော့လည်း ကြိုးစားရတော့တာပေါ့"

**ထွန်းဝင်** ။ "ကျွန်တော်ကလည်း သစ်တောကို ချစ်ပါတယ်ဗျာ။ တောထဲက တောကောင်အမျိုးမျိုးကို စိတ်ဝင်စားတယ်။ ဆေးပင်ဝါးပင်တွေကို ဝါသနာပါတယ်။

အထူးသဖြင့် သစ်ပင်မှာကပ်ပေါက်တဲ့ သစ်ခွပန်းတွေကို အလွန်သဘောကျတယ်။ ဒါကြောင့် ကျွန်တော်ရောက်လေရာ တောတောင်တွေက သစ်ခွအမျိုးမျိုးကို ကျွန်တော့်အိမ်မှာ စုဆောင်းစိုက်ပျိုးထားတာ အတော်စုံနေပြီဗျ"

**ဦးနေအောင်** ။ "အလွန်ကောင်းတဲ့ ဝါသနာပါပဲ ဆက်ပြီးစုဆောင်းပါဗျာ။ ကျွန်တော်လည်း အတတ်နိုင်ဆုံး ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းပါ့မယ်။ နောက်စနေနေ့မှာတော့ ခင်ဗျားလိုက်ဖြစ်အောင် လိုက်ခဲ့ပါဗျာ။

ကျွန်တော်ပြောခဲ့သလို ကျွန်တော်တို့လုပ်ငန်းလည်း လေ့လာရင်း တောလည်ရင်းပေါ့ဗျာ။ ပျော်စရာလည်း ကောင်းပါတယ်''

ထွန်းစိ ။ ''စိတ်ချ၊ လိုက်မယ်ဗျာ''

✡✡✡✡✡✡✡✡✡✡

ကျွန်ုပ်တို့ စားသောက်ပြီး စကားဝိုင်းသိမ်းတော့ ညလည်း (၁၂)နာရီ ထိုးချေပြီ။ ဦးနေအောင်၏ ဘိုတဲ၌ပင် ထိုညက အိပ်လိုက်ကြသည်။

ထောင်ဖွင့်ရန် တာဝန်က ရှိသေး၍ မနက် (၅)နာရီခန့်မှာပင် အိပ်ယာထကြပြီး စက်ဘီးကိုယ်စီဖြင့် ထောင်သို့ ပြေးရပြန်သည်။ ထောင်ဖွင့်ပြီးသည်နှင့် ဝက်ထားမည့် ခြံအားစစ်ဆေး၊ လိုအပ်သည်များ မှာကြား၍ အပြင်ဘုတ်အကျဉ်းသား (၅)ယောက်အား ရွေးချယ်ခေါ်ယူပြီး ကြိုးများပါအဆင်သင့် ရှာဖွေထားရသည်။

မနက်စာ ထမင်းကြော်နှင့် ရေနွေးကြမ်း စားသောက်နေစဉ် ကိုကျော်စိန်ဝင်း သစ်ကားကြီးဖြင့်ရောက်လာသဖြင့် ထောင်ပိုင်ကြီးအား သတင်းပို့ ငွေထုတ်၍ ခရီးထွက်ခဲ့ကြသည်။

နန့်ကျင်ရွာမှာ ကသာမြို့အနောက်ဘက် မီးရထားလမ်းကို ကျော်၍ သွားရသည်။ ဗန်းမောက်မြို့နယ် အစပ်ဖြစ်သည်။ ရှမ်းလူမျိုး





များနေထိုင်ကြ၍ ဝက်မွေးမြူရေး လုပ်ငန်းအား တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။

ရွာကြီးဖြစ်၍ ထမင်းဆိုင်များလည်းရှိသည်။ ကသာမြို့နှင့်(၁၅) မိုင်ကျော်ခန့်သာ ဝေးသော်လည်း လမ်းကြမ်းသဖြင့် ကားကို တစ်နာရီကျော် မောင်းရသည်။

မနက်(၈)နာရီခန့်က ထွက်လာကြရာ မနက်(၁၀)နာရီ ထိုးခါနီးမှ ရောက်သည်။ ကိုကျော်စိန်ဝင်း၏ အသိထမင်းဆိုင်တွင် စုံစမ်းရာ ရွာလယ်မှ သူကြီးဦးစောဂျုံးဖက်ဆိုသူ နေထိုင်သည့် အိမ်ကြီးအားညွှန်ပြသည်။

ကျွန်ုပ်တို့ ရောက်သွားတော့ ကြီးမားလှသည့် ပျဉ်ထောင်ဖက်မိုးအိမ်ကြီး၏ အနောက်တွင် ဝက်ခြံများကို တွေ့ရသည်။ လူကြီးတစ်ဦးထွက်လာပြီး –

''ဘာကိစ္စရှိလို့လဲ မောင်ရင်တို့''

ထွန်းစိ ။ ''ကျွန်တော်တို့ ဝက်ပေါက်ဝယ်ချင်လို့ပါ''

''ဘယ်နှစ်ကောင်လိုချင်လို့လဲ''

''အကောင် (၂၀)လောက် လိုချင်ပါတယ် ခင်ဗျာ''

''ရမယ်၊ တစ်ကောင် (၁၀၀)ကျပ် ပေးရမယ်''

''ဘယ်နှလသားရှိပြီလဲ ခင်ဗျာ''

''(၂)လခွဲသား ၊ နို့ဖြတ်စအရွယ်ပဲ ရမယ်လေ''

ကျွန်ုပ်တို့ ခြံအနောက်ဘက်သွား၍ ကြည့်ကြရာ မြန်မာဝက်မများဖြစ်သော်လည်း အကောင်အတော်ထွားသည်။ နို့ခွဲဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဝက်မကြီးအား ခြံကန့်ထားရာ ဝက်မကြီးမှာလည်း အတော်အကောင်ကြီးသည်။

ဖိုးဝက်မကြီး (၁၀)ကောင်ရှိရာ ဝက်မကြီး (၄)ကောင်က သားပေါက်နေခြင်းဖြစ်သည်။ ဝက်ကလေး (၂၅)ကောင်ရှိသည်။ ထိုအထဲမှ ကျွန်ုပ်က (၂၀)ကောင်အား ရွေးချယ်၍ ဝယ်ယူသည်။ ငွေ(၂,၀၀၀)ကျပ်ရှင်းပေးတော့ သူကြီးက –

''ဒီမှာ ဆရာလေး၊ ကျန်ဝက်ငါးကောင်ကိုလည်း ယူသွားပါ။ ကျုပ်ဈေးလျှော့ပေးမယ်၊ တစ်ကောင် (၈၀)ကျပ်နှုန်းပဲ ပေးပါ''

''ဟုတ်ကဲ့ သူကြီး''

ကျွန်ုပ် (၄၀၀)ကျပ် ထပ်မံပေးပြီး ဝက်ငါးကောင်အား ထပ်မံယူလိုက်သည်။ ဝက်ပေါက်ကလေးများမှာ ယဉ်သဖြင့် ကြိုးချည်စရာမလို။ ကားပေါ်သို့ တစ်ကောင်ချင်းမွေ့တင်ပြီး ကားနောက်ခန်းအား ဝါးကပ်များဖြင့် ပိတ်ထားလိုက်ရန်သာ ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ နန်းကျင်ရွာထိပ် ထမင်းဆိုင်တွင် ခေတ္တနားကြပြီး နေ့လယ်စာ စားကြသည်။

ကျွန်ုပ်တို့နှင့် ရဲဘက်များ၊ ဝန်ထမ်းများ ထမင်းဆိုင်တွင် ကားကြီးရပ်၍ နေ့လယ်စာစားနေကြစဉ် ဝက်ရောင်းသောအိမ်မှ ဦးစောဂျိုးဖက် လိုက်လာသည်။





**ကျွန်ုပ်** ။ ''သူကြီးကြွပါ။ ထမင်းစားပြီးပြီလား''

**ထူးကြီး** ။ ''မစားရသေးဘူး။ ကျုပ်လည်းစားမယ်၊ ဆရာလေးတို့ကို အိမ်ရှင်ဖြစ်တဲ့ ကျုပ်က ဧည့်ဝတ်မကျေလိုက်မိဘူး။ ကျုပ်အားလုံးအတွက် ထမင်းကျွေးပါရစေ။

ဒီမှာ ရဲဘက်တွေလည်း ပါတယ်။ ဒါ ကျွန်တော့်တာဝန်ပါ။ သူကြီးလည်း သုံးဆောင်ပါ။ ကျွန်တော် ကုသိုလ်ယူပါရစေ''

**ထူးကြီး** ။ ''မဟုတ်ဘူးဆရာလေး။ အရောင်းအဝယ်လုပ်တာမှန်ပေမယ့် ဆရာလေးတို့က ဧည့်သည်တွေပါ။ ကျုပ်က ဒီရွာက သူကြီးလည်းဖြစ်တယ်။ ရဲဘက်တွေ ပါတယ်ဆိုတော့ ကျုပ်မှာ တာဝန်ပိုရှိသွားပြီ။

ကျုပ်ပဲ ကျွေးပါရစေ။ အိမ်မှာလည်း အဆင်သင့်မဖြစ်သေးတော့ လောကွတ်မလုပ်မိဘူး။ နောက်ပြီး ဒီထမင်းဆိုင်က ကျုပ်သမီးဆိုင်။ ဆရာလေးတို့ ငွေရှင်းစရာ မလိုပါဘူး''

ရှမ်းလူမျိုးများ သဘောကောင်းခြင်းကို ကျွန်ုပ်သိသည်။ သူတို့က ဒါဆိုဒါမှ ကြိုက်သည်။ ထို့ကြောင့်လည်း ဝက်ဝယ်စဉ်က ကျွန်ုပ် ဈေးမဆစ်ခဲ့ပါ။

သူတို့ကလည်း တန်ရာတန်ဈေးအပြင် ပိုတောင်းလေ့မရှိ။ ယခုပင် စေတနာအလျောက် ထမင်းလာကျွေးနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**သူကြီး** ။ ''ဆရာလေးတို့ နောက်လည်း ကျုပ်အိမ်ကို လာလည်ပါ။ ကြုံတိုင်းထမင်းစားပါ။ ဝက်ဝယ်ချင်သေးရင်တော့ နောက်နှစ်လခွဲလောက်မှလာပါ။ ကျန်တဲ့ ဝက်ခြောက်ကောင်က ဒီလကုန်မှ သားကျမှာ''

**ကျွန်ုပ်** ။ ''ဟုတ်ကဲ့ သူကြီး။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်က ထောင်မှူးသိန်းဝင်းလို့ ခေါ်ပါတယ်။ ကသာထောင်ကပါ။

ဒီက ကားဆရာက ကျွန်တော့်သူငယ်ချင်း ကျော်စိန်ဝင်းပါ။ ကျွန်တော်နဲ့ ရန်ကုန်တက္ကသိုလ်မှာ အတူတက်ခဲ့ကြတဲ့ ငယ်ပေါင်းတွေပါ။ အခု ကသာရောက်မှ ပြန်ဆုံကြတာပါ''

**သူကြီး** ။ ''ဝမ်းသာသဗျာ၊ ဒါနဲ့ဆရာလေးတို့က ဝက်ကို ဘယ်အတွက် မွေးကြမှာလဲ။ ကျုပ်ကူညီစရာရှိရင်လည်း ပြောပါ''

**ကျွန်ုပ်** ။ ''ကသာထောင်ထဲမှာ တပ်ဖွဲ့ရန်ပုံငွေအတွက် စမ်းမွေးမှာပါ ဖထီး။ ထောင်ထဲမှာက ထမင်းကျန်၊ ဟင်းကျန်ပေါတယ်လေ''

**သူကြီး** ။ ''ကောင်းပေ့။ ထမင်းစားတဲ့ဝက်က အတက်မြန်တယ်။ အလေးချိန်စီးတယ်။ ထမင်းကို အချဉ်မပေါက်အောင်၊ သိုးမနေအောင်တော့ ဂရုစိုက်။ ဝက်ဝမ်းကျရောဂါဖြစ်မှာစိုးလို့ပါ။

မနက်တိုင်း ရေချိုးပေးနိုင်ရင် ကောင်းတယ်။ နေ့လယ်မှာ အစာစိမ်ကျွေး။ ကန်စွန်းရွက်၊ ဗေဒါရွက်တွေပေါ့။ သောက်ရေခွက်ကိုလည်း သန့်ပါစေ။ မစင်စွန့်ရင် ချက်ချင်းသိမ်းခိုင်း၊ ကျင်းတူးပြီး ထည့်ထား။ တစ်ပတ်လောက်ကြာရင် မြေဩဇာဖြစ်ကရော။





ဆောင်းသီးနှံ၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ နိုကို၊ ဂေါ်ဖီထုပ် အတွက် သဘာဝမြေဩဇာ တွေပေါ့။ ကျုပ်လည်းကြုံရင် ကသာထောင်ထဲကို လာလည်လို့ရမလား။ လေ့လာချင်လို့ပါ''

**ကျွန်ုပ်** ။ ''ရပါတယ် သူကြီး၊ ကျွန်တော့်နာမည်ကို ပြောလိုက်ပါ။ တာဝန်ကျဝန်ထမ်းက ခေါ်ပေးပါလိမ့်မယ်။ အခုဝက်တွေ အောင်မြင်ရင်လည်း ဖထီးဆီထပ်လာ ဝယ်ဦးမှာပါခင်ဗျာ''

**သူကြီး** ။ ''လာခဲ့ပါ ဆရာလေး။ ကျုပ်အဆင်ပြေအောင် လုပ်ပေးမယ်။ နောက်တစ်ခါလာရင် ညအိပ်လာခဲ့။ ကျုပ်ကောင်းကောင်း ပြုစုမယ်''

**ကျွန်ုပ်** ။ ''ကောင်းပါပြီ ဖထီး။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြန်ပါဦးမယ်။ ဖထီးလည်း လာခဲ့ပါ။ ကျွန်တော်တို့ မျှော်နေပါ့မယ်''

**သူကြီး** ။ ''ကောင်းလှပေ့ ဆရာလေး။ ကျုပ်လာခဲ့ပါ့မယ်။ ဒီနေ့တော့ ဝက်တွေကို ရေမချိုးနဲ့နော်။ အအေးမိလိမ့်မယ်''

''ဟုတ်ကဲ့ပါ . . . သူကြီး၊ ခွင့်ပြုပါဦး''

''အေး . . . အေး၊ လာခဲ့ကြနော်''

''ဟုတ်ကဲ့ ခင်ဗျာ''

ကျွန်ုပ်တို့ ထွက်ခဲ့ကြတော့ ကျော်စိန်ဝင်းက –

''ကိုသိန်းဝင်း၊ ခင်ဗျား ယောက္ခမကြီးက တယ်သဘောကောင်းပါလား။ သူ့သမီးလည်း ချောတယ်နော်''

**ကျွန်ုပ်** ။ ''ထမင်းရှင်ကို ကျေးဇူးကန်းနေပြန်ပြီ။ မင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမ တော်လိုက်တော့ဟေ့''

**ချော်စိန်ဝင်း** ။ ''အဟုတ်ပြောတာလား။ ကျုပ်ကတော့ ဒီဘက်ကြို တိုင်းဝင်မှာ။ သူကြီးသမက်ဖြစ်ရတာ နည်းလား။ ဟား . . . ဟား . . . ဟား''

☸ ✡✡✡✡✡✡✡✡✡✡

ကျွန်ုပ်တို့ ထောင်ပြန်ရောက်တော့ ညနေ (၃)နာရီခန့် ရှိပြီ။ ဝက်များအား ထောင်ထဲသွင်းပြီး အနားပေး၍ အစာကျွေးရသည်။ ဝက်ခြံအတွင်း ကျွန်ုပ်မှာခဲ့သည့်အတိုင်း ရေပြောင်အောင်ဆေး၍ ထုံးမှုန့် ဖြူးထားသည်။

ကာကွယ်ဆေးနှင့် ကုသဆေးများ ရန်ကုန်ကို လှမ်းမှာရဦးမည် ဖြစ်သည်။ အသားထိုးဆေးနှင့် အားဆေးများလည်း လိုပေဦးမည်။ ကျွန်ုပ်က ကိုယ်တိုင်ဝက်မွေးမြူခဲ့ဖူး၍ လုပ်ရမည့်အလုပ်များကို သိနေသည်။

ညနေပိုင်းတွင် ကားကို ကူညီသည့်အတွက် ချော်စိန်ဝင်းတို့ အဖွဲ့အား ဧည့်ခံရဦးမည် ဖြစ်သည်။

ဆပ်ပြာချက်လုပ်ငန်းအတွက် ကော့စတစ်ဆော်ဒါနှင့် တဖင်းဆီက လိုပြန်ပြီ။ လုပ်ငန်းအောင်မြင်နေပြီဖြစ်၍ အတော်များများ လိုသည်။ ချော်စိန်ဝင်းကို အပူကပ်ရပြန်သည်။

သူက နယ်ခံဆိုတော့ ပေါက်ရောက်သည်။ အသ်အကျွမ်းများ





သည်။ လက်သမားလုပ်ငန်းကလည်း အော်ဒါများ များလာသဖြင့် သစ်ခွဲသားများ လိုပြန်သည်။

ဦးနေအောင်နှင့် ကိုဖော်မင်းတို့က အကူအညီ ပေးကြသည်။ မထင်မှတ်ဘဲ ထောင်ကြိုးပုတီးက ဝယ်ယူရန် ကမ်းလှမ်းချက်များ များလာသည်။ ကျွန်ုပ်စ,မိသော အလုပ်ဖြစ်၍ ကျွန်ုပ်ပင် အောင်မြင်အောင် ကြိုးစားရပေဦးမည်။

ဆောင်းရာသီ သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရာ မုန်ညင်း၊ မုံလာ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဟင်းနုနွယ်၊ ကိုက်လံမျိုးများအား တိုးချဲ့စိုက်ပျိုးသဖြင့် မျိုးစေ့များက လိုလာပြန်သည်။

မျိုးစေ့များကိုတော့ သဘော်ကြုံဖြင့် မန္တလေးက မှာထားသည်။ ဝက်ဆေးများကိုလည်း မန္တလေးမြို့တွင် ရနိုင်သည်ဆိုသဖြင့် မှာရပြန်သည်။ တကယ်လုပ်တော့လည်း အဟုတ်ဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်မှာတော့ နေ့မအား၊ ညမနား လုံးပန်းနေရသည်။ အပြင်ပင် ထွက်ချိန် သိပ်မရတော့။ စနေနေ့ မရောက်မီ သောကြာနေ့ညနေတွင် ချော်စိန်ဝင်းက လာခေါ်သည်။

**ချော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း၊ ကိုမြင့်ဆွေရော ဦးနေအောင်က ဖိတ်ခိုင်းတယ်ဗျ။ ခင်ဗျားတို့နဲ့ မဆုံရတာကြာလို့တဲ့။ သူ့ဘိုတဲကို ညနေ(၆)နာရီ အရောက်လာပါတဲ့။ မနက်ဖြန် ခရီးထွက်ဖို့လည်း တိုင်ပင်ရအောင်တဲ့''

**ကျွန်ုပ်** ။ ''ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော်တို့လည်း အလုပ်တွေပိနေလို့ အနားယူချင်နေတာပါ။ လာခဲ့ပါ့မယ်''

**ချော်စိန်ဝင်း** ။ ''ကိုသိန်းဝင်းတို့ ဆက်ဆက်လာခဲ့ကြပါဗျာ။ ဟဲ



www.burmeseclassic.com

www.burmeseclassic.com



ငန်းသား ချက်ထားတယ်။ ညစာ ထမင်းလည်း ကျွေးမှာပါ''

**ထျူနိုဝ်** ။ ''စိတ်ချပါ ကိုကျော်စိန်ဝင်းရယ်။ ကျွန်တော်တို့ ထောင်ပိတ်ပြီးတာနဲ့ လာခဲ့ပါ့မယ်''

**ကျော်စိန်ဝင်း** ။ ''အင်း . . . ဒါဆို ကျွန်တော်လစ်ပြီ၊ ယောက်ဖကြီးကို ပြန်သံတော်ဦး တင်ရဦးမယ်။ သူက ခင်ဗျားတို့ကို အတော်ခင်တာဗျ''

**ထျူနိုဝ်** ။ ''အေးပါ . . . ဖိုးကျော်ရယ်၊ စိတ်ချပါ။ လာခဲ့ပါ့မယ်''

✣✣✣✣✣✣✣✣✣✣

ကျော်စိန်ဝင်း ပြန်သွားတော့ ကျွန်ုပ်တို့ ထောင်ပိတ်ရသည်။ ညနေ (၅း၃၀)နာရီတွင် ထောင်ပိတ်ပြီးသဖြင့် အနောက်ဘူးပေါ်ပြန်ကြပြီး ရေချိုး၊ အဝတ်အစားလဲ၍ စက်ဘီးကိုယ်စီဖြင့် ဦးနေအောင်တို့ဘိုတဲသို့ ထွက်ခဲ့ကြပြန်သည်။ ညနေ (၆)နာရီကျော်မှ ရောက်သည်။

**ဦးနေအောင်** ။ ''ခင်ဗျားတို့ဗျာ၊ လာမှလာပါ့မလားလို့ မျှော်လိုက်ရတာ။ တော်ပါသေးရဲ့''

**ထျူနိုဝ်** ။ ''လာမှာပေါ့ ဦးနေအောင်ရယ်။ ကျွန်တော်တို့ အလုပ်က ဘဏ်လုပ်ငန်းလိုပဲဗျ။ လူပေါင်း အထွက်၊ အဝင်ကိုက်မှ ထောင်ပိတ်လို့ရတာ''





**ဦးနေအောင်** ။ ''အေးဗျာ . . . ခင်ဗျားတို့ လှောင်ထားတာက လူတွေဆိုတော့ ဒါလောက်တော့ ရှိမှာပေါ့''

**ထျူနိုဝ်** ။ ''အခုက လူတွေတင် မကဘူးဗျို့။ ဝက်တွေပါ မွေးထားလို့ ပိုတာဝန်ကြီးနေတယ်''

**ဦးနေအောင်** ။ ''ကဲ . . . ကိုသိန်းဝင်းတို့ အားရပါးရ စားကြသောက်ကြဗျာ။ ခင်ဗျားတို့ သူငယ်ချင်း ကျော်စိန်ဝင်းကိုယ်တိုင် ဘဲငန်းသားဟင်းချက်ထားတာ။ ညစာထမင်းလည်း စားပြီးမှ ပြန်ကြပါ။

မနက်ဖြန်မနက် (၇)နာရီလောက် စထွက်မယ်။ ကိုသိန်းဝင်း ဘာကိုင်မလဲ။ ကိုဇော်မင်းကတော့ သူ့လက်စွဲတော် နှလုံးပြူးပဲကိုင်မှာ။ ကျွန်တော်ကတော့ မဂ္ဂနစ်ရိုင်ဖယ်ပဲ''

**ထျူနိုဝ်** ။ ''ကျွန်တော်ကတော့ ဒဿမ . ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးပဲ အားရတယ်။ ဦးနေအောင်တို့မှာ အဆင်သင့်ရှိရဲ့လား''

**ဦးနေအောင်** ။ ''ရှိပါ့ဗျာ။ အသစ်နီးနီးကို ကောင်းတာရှိပါတယ်။ ကျည်ဆန်ကတော့ (က.ပ.စ) လုပ် အသစ်တွေပါပဲ''

**ထျူနိုဝ်** ။ ''ကျော်စိန်ဝင်းကရော ဘာကိုင်မှာလဲ''

**ကျော်စိန်ဝင်း** ။ ''ကိုယ်က ငှက်ပစ်သမားပဲ။ လောက်လေးခွပဲ အားရတယ်။ ဒီတစ်ခါတော့ မျောက်ပါပစ်ရအောင် ဦးနေအောင်ရဲ့ ပွိုင့်တူးတူးကို ယူလာခဲ့မယ်။

မြတောင်တောဘက်မှာ ဒေါင်းလည်း ပေါတယ်လေ။ ကိုသိန်းဝင်း ခင်ဗျားဒေါင်းသား စားဖူးသလား။ ကြက်ဆင်သားဟင်းလိုပဲ အတော်ချိုတယ်''



www.burmeseclassic.com

www.burmeseclassic.com



**ထျွန်ဝ်** ။ ''ခေါင်းသားလည်း မစားဖူးဘူး။ ကြက်ဆင်သားလည်း မစားဖူးဘူး။ ဒီတစ်ခါတော့ ဖိုးကျော်ပစ်တာကို စားရချည်သေးရဲ့ပေါ့။

**ထျော်စိန်ဝင်း** ။ ''စိတ်ချစမ်းပါဗျာ။ ကျွန်တော်က အကောင်ကြီးတွေကို သနားလို့မပစ်တာ။ ကျွန်တော်ပစ်ရင် ခင်ဗျားတို့ ပစ်စရာမကျန်မှာ စိုးလို့ပါ။ ဟဲ . . . ဟဲ . . . ဟဲ''

✡✡✡✡✡✡✡✡✡✡✡

## အခန်း (၅)

မနက် (၆)နာရီတွင် ကျွန်ုပ်အိပ်ယာမှ ထ၍ ဘုရားဝတ်ပြုပြီး ထောင်ဖွင့်ပင် မဝင်နိုင်တော့ဘဲ ယူနီဖောင်းဝတ်၍ တောဆောင်းဦးထုပ်၊ တောစီးဖိနပ်စီး၍ စက်ဘီးဖြင့် ဦးနေအောင်ဘိုတဲသို့ လာခဲ့ပါသည်။ မနက် (၇)နာရီ အချိန်တိတိ ရောက်သည်။ ကျွန်ုပ်အား ထမင်းကြော်နှင့် လက်ဖက်ရည်တိုက်ကျွေးသဖြင့် တော်ပေသေးသည်။

ကျွန်ုပ်တို့အဖွဲ့ သစ်တောဌာနမှ U BOAT ကလေးဖြင့် ရောဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူးခဲ့ကြသည်။ ဆောင်းနှင်းကာလဖြစ်၍ အအေးဓာတ်မှာစိမ့်နေပြီး ရောဝတီမြစ်ထဲမှ ရေများအခိုးပြန်နေသဖြင့် မြစ်ခွင်တစ်ခုလုံးမှုံမှိုင်းနေသည်။

စိမ့်ညိုပြာလွင်နေသော တောင်တန်းကြီးများကလည်း မြောက်မှတောင်သို့ သွယ်တန်းနေသည်။ မင်းဝံတောင်တန်းကြီး၊ ဖက်ဆွတ်တောင်တန်းကြီးနှင့် လွှယ်ကူးတောင်တန်းကြီးများဖြစ်သည်။ ရောဝတီ အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ ကူးရန်လည်း ငှက်ပမွှန်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများရှိသည်။

ဒေသခံများ ဉဒဟို ဖြတ်သန်းနေကြသည်။ ဆောင်းကာလဖြစ်၍ ရောဝတီမြစ်ရေမှာ ငြိမ်သက်ပြီး ကြည်လင်အေးမြနေသည်။ နေထွက်စဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုတောက်ပနေသည်။ ကသာမြို့နယ်၏ လေးပုံသုံးပုံမှာ သစ်တောကြီးများ ဖြစ်ကြောင်းသိရသည်။

ကျွန်ုပ်တို့ မော်တော်ဘုတ်ကလေး အရှေ့ဘက်ကမ်းရောက်တော့ ကမ်းပါးပေါ်တွင် သစ်တင်ကားကြီးနှစ်စီး ရပ်ထားသည်ကိုတွေ့ရသည်။ Ford အမျိုးအစား ခေါင်းတိုကားကြီးများ ဖြစ်သည်။ ကျွန်ုပ်တို့ ကြိုးဝိုင်းလှည့်ရန် လာကြိုသောကားများ ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့မှာ ကျွန်ုပ်နှင့် ဦးနေအောင်၊ ကိုဇော်မင်းနှင့် ကိုကျော်စိန်ဝင်းအပြင် သစ်တောဝန်ထမ်း (၄)ဦးတို့ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ကား (၂)စီးခွဲ၍ စီးကြသည်။

**ဦးနေအောင်** ။ ''ဦးသိန်းဝင်း ဒီဘက်ကမ်းမှာလည်း ယင်းခဲဘိုတဲ ရှိတယ်။ ခဏနားဦးမလား''

**ကျွန်ုပ်** ။ ''မနားတော့ပါဘူးဗျာ။ ပင်ပန်းတာမှ မဟုတ်ဘဲ။ ဆက်သွားကြတာပေါ့''

အရှေ့ဘက်ကမ်းတွင် ကုန်းနိမ့်တောများ၊ မြေပြန့်သစ်တောများက တစ်မျှော်တစ်ခေါ်ကြီး ပေါက်ရောက်နေသည်။ ရှမ်းရိုးမတောင်တန်းကြီးနှင့် ဆက်စပ်လျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ယင်းမာ၊ ယမနေနှင့် ဂုံးသစ်များ နေပြောက်မထိုးအောင် ပေါက်ရောက်နေသည်။ ကမ်းစပ်





တွင် မိုးမခ၊ ရေချင်းယား၊ ထရောပင်နှင့် တဖင်းပင်များက နေရာမလပ်ပေါက်နေကြသည်။

သစ်ထုတ်ကားလမ်းဘေးတွင် စနစ်ကျသော ကျွန်းနှင့် ပျဉ်းကတိုးပင်များအား တွေ့ရသဖြင့် ကျွန်ုပ်က ဦးနေအောင်အား မေးမြန်းရာ –

**ကျွန်ုပ်** ။ ''ဦးနေအောင် ဒီကားလမ်းဘေးက အပင်တွေက စနစ်ကျလှ ချည်လားဗျ။ သဘာဝမဟုတ်ဘဲ လူစိုက်တဲ့ စိုက်ခင်းထင်ပါရဲ့''

**ဦးနေအောင်** ။ ''ဟုတ်ပါ့ဗျာ။ လွန်ခဲ့တဲ့ အနှစ် (၇၀)လောက် ကတည်းက စမ်းသပ်စိုက်ပျိုးခဲ့တာ။ စစ်ကြိုခေတ်လောက်ကပေါ့ဗျာ။ ကေဆယ်ကေ လောက်ပါ။ သစ်တောဝန်ထောက်ကြီးဦးဘိုးသင်း လက်ထက်ကပေါ့ဗျာ။

(၁၉၀၆–၁၉၂၅) ခုနှစ်အတွင်းမှာ တောင်ငူ၊ ပျဉ်းမနားနယ်က ပျဉ်းကတိုးမျိုးစေ့တွေယူပြီး စိုက်ပျိုးခဲ့တာပါ။ ပျဉ်းကတိုးပင်ဟာ ရှမ်းပြည်နယ်၊ နမ့်ခမ်း (ဝန်းသို)ဘက်မှာ မဖြစ်မြောက်ပေမယ့် ကသာနယ်မှာ အရမ်းဖြစ်ထွန်းအောင်မြင်တယ်ဗျ။

အရှေ့ကသာမှာ ပင်းမလွှတ်၊ နမ့်ကျိုင်း၊ နဘားကြီး၊ နမ့်ဒရန်၊ ဖားပဲ၊ ကြိုးဝိုင်းတွေဟာ လူစိုက်တဲ့ သစ်တောကြိုးဝိုင်းတွေပါ။ စနစ်တကျစိုက်ထားလို့ (၂၀၀၀)ပြည့်နှစ်လောက်ဆိုရင် စံချိန်မီ ပျဉ်းကတိုးသစ်တွေ ထွက်ပြီပေါ့ဗျာ။

ဒီဘက်မှာ သဘာဝ ယင်းခဲကြိုးဝိုင်း၊ အင်ဒေါင်းကြိုးဝိုင်း၊ ကျောက်တောင်ကြိုးဝိုင်း၊ ဖက်ဆွတ်ကြိုးဝိုင်း၊ မြောက်မိုးတားကြိုးဝိုင်း၊ တောင်မိုးတားကြိုးဝိုင်း၊ ကလုံကြိုးဝိုင်း၊ ဆောင်ပုံကြိုးဝိုင်း၊ နတ်တံခါးကြိုးဝိုင်း၊ နမ့်နာကြိုးဝိုင်း၊ မဲဟင်းကြိုးဝိုင်းတွေလည်း ရှိသေးသဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကသာမြို့နယ်က မြောက်ဘက်မှာ ကချင်ပြည်နယ်၊ အရှေ့ဘက်မှာ ရှမ်းပြည်နယ်၊ တောင်ဘက်မှာ ထီးချိုင့်မြို့နယ်၊ အနောက်ဘက်မှာတော့ အင်းတော်မြို့နယ်က ဝိုင်းရံနေသဗျ။ ဒါကြောင့် ကသာမြို့ဟာ ရာသီဥတု မျှတတယ်''

**ကျွန်ုပ်** ။ ''ကျွန်တော် ကသာကိုရောက်တာပဲ ဝမ်းသာလှသဗျာ။ ငယ်ပေါင်းတွေနဲ့လည်း ပြန်ဆုံရတယ်။ ဦးနေအောင်တို့လို သစ်တောကျွမ်းကျင်တဲ့ မိတ်ဆွေကောင်းတွေနဲ့လည်း ခင်မင်ရင်းနှီးခွင့်ရတယ်။

တော၊တောင်ထဲ ပျော်တတ်တဲ့ ကျွန်တော့်အတွက်တော့ အမြတ်ချည်းပါပဲ။ အခုလို ထဲထဲဝင်ဝင်လေ့လာဖို့ ခရီးထွက်ဖို့က ဌာနဆိုင်ရာ နယ်ခံမပါဘဲ မဖြစ်နိုင်ဘူးဗျ။ ကျွန်တော်ကံကောင်းတာပါ။ အားလုံးကို ကျေးဇူးလည်းတင်ပါရဲ့ဗျာ''

✡✡✡✡✡✡✡✡✡✡

ကျွန်ုပ်တို့ ယင်းခဲကြိုးဝိုင်း အကွက်ကြီး (၃)တွင် ကားရပ်၍ ဆင်းကြသည်။ သစ်ထုတ်လုပ်ကွက်အား စစ်ဆေးပြီး တောလည်ကြရန် ဖြစ်သည်။ ယင်းခဲကြိုးဝိုင်းတောမှာ ပျဉ်းကတိုး၊ ကျွန်းသစ်တို့ဖြင့် ပြည့်နေသည့် အဖိုးတန်တောဖြစ်သည်။ အောက်ခြေရှင်းသည်။

ရောဝတီမြစ်ကမ်းဘေးဖြစ်၍ ရေမြောတ်ရပြီး တစ်တောလုံးစိမ်းညို့နေသည်။ သစ်ထုတ်လုပ်နေခြင်းအား စစ်ဆေးကြသည်။





လုံးပါတ်ပြည့်မီသော ကျွန်း၊ ပျဉ်းကတိုးပင်များအား လှဲပြီး ဆင်၊ ကျွဲတို့ဖြင့် မျှောရန် ရောဝတီကမ်းနဖူးတွင် စုပုံနေကြခြင်းဖြစ်သည်။ စနစ်တကျသစ်ခုတ်ခြင်းဖြစ်၍ တောမှာ 'မပြုန်း၊ သဘာဝအတိုင်း ရှိနေသည်။

ဦးနေအောင်က ဝန်ထမ်းတစ်ဦးအား မှာကြားနေသဖြင့် ကျွန်ုပ်အနီးကပ်သွားရာ ကျွန်ုပ်အတွက် သဲဆပ်ပြာစုဆောင်းပေးရန် မှာကြားနေကြောင်းသိရသည်။ ထိုသစ်ထုတ်စခန်းတွင် ခေတ္တနားပြီး ရေနွေးကြမ်းသောက်ကြ၍ ဦးနေအောင်အလုပ်များ ပြီးစီးမှ ကျွန်ုပ်တို့အဖွဲ့ တောထဲလမ်းလျှောက်ဝင်ခဲ့ကြသည်။

အမှတ် (၃)သစ်ကွက်ကြီးထဲတွင် ငှက်နှင့် အောက်ချင်းငှက် လောက်သာ မြင်ရသည်။ အမှတ် (၄)သစ်ကွက်ကြီး အစရောက်မှ မျောက်အော်သံများကို ကြားရသည်။ ကျော်စိန်ဝင်းက သူ၏ပွိုင့်တူးတူးကို အသင့်ပြင်နေသည်။

ကျွန်တော်တို့အဖွဲ့က သူ့ကို ရှေ့တန်းတင်ပေးလိုက်သည်။ မကြာပါ သစ်ကိုင်းရိုက်သံတဝုန်းဝုန်းနှင့် မျောက်အော်သံများကို အနီးကပ်ကြားရတော့သည်။ ကျော်စိန်ဝင်း ပြေးတက်သွားပြီး သေနတ်သံတစ်ချက်ကြားရသည်။

''ဖျန်း''

ကျွန်ုပ်တို့အနားရောက်တော့ မျောက်တစ်ကောင်မှာ ဗိုက်ပွင့်သွားပြီး လက်နှစ်ဖက်ဖြင့် သစ်ကိုင်းအား ခိုကပ်ကာ တန်းလန်းကြီး ဖြစ်နေသည်။ ကျော်စိန်ဝင်းက နောက်တစ်ချက် ရင်အုပ်အားပစ်မှ ပြုတ်ကျလာတော့သည်။

✡✡✡✡✡✡✡✡✡✡



www.burmeseclassic.com

www.burmeseclassic.com



**ထျွန်ဝ်** ။ ''တော်လိုက်တဲ့ မှဆိုးကွာ။ မျောက်တစ်ကောင်ကို (၂)ချက်ပစ်မှရတယ်ဆိုတော့ အတော်တော်တဲ့ မှဆိုးပဲ။ ကျန်မျောက်အုပ်လည်း ပြေးပြီမဟုတ်လား''

**ချော်စိန်ဝင်း** ။ ''ဒီကောင်တွေက ပြေးလွှားနေတာ တစ်ကောင်ရရင် တော်ရောပေါ့။ ခင်ဗျားပဲ ပစ်ကြည့်စမ်းပါဦး။ လွယ်တာမှတ်လို့''

**ထျွန်ဝ်** ။ ''အေး . . . အေး . . . နောက်တစ်ခါ ငါပစ်ပြမယ်။ မင်းထက်သာရင် မင်းငါ့ကို ဆရာခေါ်ရမယ်။ ကျော်စိန်ဝင်း ဘယ့်နှယ့်လဲ''

**ချော်စိန်ဝင်း** ။ ''ကျုပ်ထက်သာရင် ခင်ဗျားကို ဆရာခေါ်မယ်ဗျာ။ ကျုပ်ထက်ညံ့ပြီး တစ်ကောင်မှ မရရင်တော့ ခင်ဗျားက ကျုပ်ကို ဆရာပြန်ခေါ်ရမယ်နော်''

**ထျွန်ဝ်** ။ ''စိန်လိုက်ကွာ၊ မင်းထက်ညံ့ရင် ငါမုဆိုးမလုပ်တော့ဘူး။ မင်းကို တစ်သက်လုံး ဆရာခေါ်မယ်''

✣✣✣✣✣✣✣✣✣✣

အကွက်ကြီး (၄)အဆုံးတွင် မျောက်အော်သံများကို ကြားရပြန်သည်။ သည်တစ်ခါတော့ ကျွန်ုပ်တစ်ဦးတည်း ရှေ့တန်းတက်သွားသည်။ တွေ့ပါပြီ၊ ကျွန်းပင်ကြီးထိပ်များတွင် မျောက်အုပ်ကြီးကို တွေ့ရသည်။





ကျွန်ုပ်ပင်စည်အကွယ်မှ ရုတ်တရက်ထွက်ပြီး ကိုင်းထက်ပေါ်တွင် တန်းစီထိုင်နေသော မျောက်နှစ်ကောင်အား ရှေ့တည့်တည့်မှ ပစ်ချလိုက်ရာ –

''ဒိုင်း''

သေနတ်သံဆုံးသည်နှင့် မျောက်နှစ်ကောင် ကိုင်းဖျားမှ ပြုတ်ကျလာသည်။ ဒဿမ . ၃၀၃ ရိုင်ဖယ်သေနတ်ကြီး၏ စွမ်းအားကြောင့် နှစ်ကောင်ထပ်နေသော မျောက်နှစ်ကောင်ကို ကျည်တစ်တောင့်တည်းက ဖောက်ထွက်သွားခြင်းဖြစ်သည်။

**ဦးဓနဓောာ်** ။ ''ဦးသိန်းဝင်း တော်တယ်ဗျာ။ ကျွန်တော် ခင်ဗျားကို ဒီလောက် လက်ဖြောင့်မှန်း မထင်မိဘူး။ ကျော်စိန်ဝင်း မင်းစကားနဲ့ မင်းပဲ ဆရာခေါ်လိုက်တော့။

**ချော်စိန်ဝင်း** ။ ''ဟုတ်ကဲ့ . . . ဆရာသိန်းဝင်း၊ ကျွန်တော့်ထက်သာပါပေတယ်ဗျာ''

**ထိုဓော်ဓင်း** ။ ''အဲ့ဒီလို လုပ်စမ်းပါ ကျော်စိန်ဝင်းရယ်။ မင်းကလေးခွပဲ အားသန်တာ။ သေနတ်ကို တစ်ခါတလေမှ ကိုင်ဖူးတာ၊ ကိုသိန်းဝင်းတို့ကို သွားယှဉ်လို့ ဘယ်ရမလဲ''

**ချော်စိန်ဝင်း** ။ ''အေးပါဗျာ . . . နှိပ်ကွပ်ကြပါ။ ဒီတစ်ခါ ကျွန်တော့်အလှည့်လာရင် ကြည့်ကြဦးပေါ့''

✣✣✣✣✣✣✣✣✣✣



www.burmeseclassic.com

www.burmeseclassic.com



အကွက်ကြီး (၅)အစပ် အရောက်တွင် ဒေါင်းအော်သံနှင့် တောင်ပံရိုက်သံများအား ကြားရသည်။

"အိုးဝေ အိုးဝေ အိုးဝေ . . . ဖျန်း ဖျန်း ဖျန်း"

ကျော်စိန်ဝင်း လက်ကာပြ၍ ရှေ့တက်သွားပြန်သည်။ ကျွန်ုပ်တို့လည်း ခြေသံလုံလုံဖြင့် သူ့နောက်က ကပ်လိုက်ခဲ့သည်။ ကျွန်းပင်ကြီးအောက်ခြေ ပြောင်ပြောင်တွင် ဒေါင်းဖိုကြီးက ဒေါင်းမတစ်ကောင်အား ရစ်နေခြင်းဖြစ်သည်။

ကျော်စိန်ဝင်းအား မြင်သည်နှင့် ဒေါင်းမက အလျင်ပြေးသော်လည်း ဒေါင်းဖိုကြီးမှာ သူ၏အမြီး အလေးချိန်ကြောင့် မြေပြင်ပေါ်တွင် အရှိန်ယူပြီးမှ ပျံတက်ရာ ကျော်စိန်ဝင်း၏ သေနတ်ကျည်ဆန်ကြောင့် အမြီးရင်းအား ထိမှန်ပြီး အမြီးတောင်များ ပြုတ်ထွက်ကာ လေထဲတွင် ချာလည်လည်နေစဉ် ကိုဇော်မင်းက ၎င်း၏နှစ်လုံးပြူးစရိတ်ကျည်ဖြင့် ပစ်ချလိုက်မှ မြေပြင်ပေါ်သို့ ကျလာသည်။

"ဒိန်း . . . ဘုန်း"

**ဦးနေအောင်** ။ "တော်လိုက်တဲ့ ကျော်စိန်ဝင်းကွာ၊ အမြီးဆို အမြီးပဲ၊ ဟေ . . . ဟေ့"

**ထိုဇော်မင်း** ။ "ပြေးနေတဲ့ သတ္တဝါကိုပစ်ရင် သူ့ခန္ဓာကိုယ် တစ်ဝက်ကို ကြိုပစ်ရတယ်ဟ . . . လဒရ။ အပြေးမြန်တဲ့ သမင်လိုကောင်မျိုးဆိုရင် ခန္ဓာကိုယ်ရဲ့ တစ်လျားကြိုပစ်ရတယ် မှတ်ထား။ တပည့်ကြီး သိလား"

**ကျော်စိန်ဝင်း** ။ "ဟုတ်ကဲ့ပါ . . . ဆရာတို့ရယ်။ တပည့်ကြီး မှားပါတယ်"





**ကျွန်ုပ်** ။ "အေး . . . အဲဒီလို ဝန်ခံစမ်းပါ တပည့်ကြီးရာ၊ မတတ်ရင်လည်း ဆရာတို့က သင်ပေးမှာပေါ့"

**ကျော်စိန်ဝင်း** ။ "လုပ်ကြဦးပေါ့ဗျာ။ ကျုပ်အလှည့် ရောက်လာတော့ တွေ့ဦးမှာပေါ့။

✲✲✲✲✲✲✲✲✲✲

ပါလာသော သစ်တောဝန်ထမ်းများက ဒေါင်းသေကြီးနှင့် အမွေးအတောင်များအားကောက်၍ အိတ်တစ်လုံးထဲ ထည့်ကြသည်။ ဒေါင်းဖိုကြီးမှာ လေးငါးပိဿာစီးသည်။ အမွေးအတောင်များမှာ အလွန်လှသည်။ ရွှေစိမ်းရောင် ပြောင်လက်တောက်ပနေသည်။

ဤတစ်ခါ ဦးနေအောင်၏ အလှည့်ဖြစ်၍ ကျွန်ုပ်တို့က ဦးနေအောင်အား ရှေ့တန်းတင်လိုက်ကြသည်။ သစ်ကွက်ကြီး အမှတ် (၆)မှာ စမ်းချောင်းများ ပေါ၍ တောစိုဖြစ်သည်။ သစ်ပင်ကြီးများ ကျဲသည်။

တောင်ကျက်ပျောရုံ၊ ကြိမ်ရုံ၊ ဝါးရုံနှင့် ရေငန်းရုံများ ပေါလှသည်။ တောဝက်များအကြိုက် နေရာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ အလွန်သတိထားကြရသည်။ လေတင်၊ လေအောက် စမ်းသပ်ပြီးမှ ခြေသံလုံလုံဖြင့် ချဉ်းကပ်ခဲ့ကြသည်။

မကြာမီ ဝက်အော်သံများ ကြားလာရသည်။ တောဝက်များ ရေစိမ်နေဟန်တူသည်။

"ဝု ဝု . . . အိ အိ"

www.burmeseclassic.com



ဦးနေအောင် လက်ယပ်ခေါ်သဖြင့် ကျွန်ုပ်တို့ လက်နက်ကြီးသမားများရှေ့သို့ ရင်ဘောင်တန်းတက်ကြသည်။ ဦးနေအောင်က ဝဲအစွန်၊ ကိုဇော်မင်းက အလယ်၊ ကျွန်ုပ်က ယာအစွန် ဖြစ်သည်။

ဝါးရုံ တောအောက်ခြေ၊ စမ်းချောင်းထဲတွင် ဝက်အုပ်ရေစိမ်နေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ရှေ့စမ်းချောင်းအစပ်တွင် တောငှက်ပျောရုံက ကွယ်ထားပေးသည်။ မြင်ကွင်းက မရှင်း။ ကျွန်ုပ်တို့လူစုခွဲ၍ ကျွန်းပင်ပေါက်အသီးသီး၏ ပင်စည်သို့ကပ်ပြီး ပစ်ကွင်းရွေးကြသည်။

ဦးနေအောင်က လက်မထောင်ပြသည်။ ကိုဇော်မင်းကလည်း အသင့်ဖြစ်ကြောင်း လက်မထောင်ပြသည်။ ကျွန်ုပ်သာ မြင်ကွင်းက မရှင်း၍ ပစ်ခွင့်မသာ။

ထိုစဉ်တွင် ဝက်တောင်းကြီးတစ်ကောင်က ဝါးရုံပင်ရင်းမှ ခေါင်းထိုးထွက်လာသဖြင့် ကျွန်ုပ်လက်မ ထောင်ပြလိုက်သည်။ ထိုစဉ် ဦးနေအောင်ထံမှ အချက်ပေးလေချွန်သံကို ကြားလိုက်ရသည်။

"ရွှီ"

လေချွန်သံကြောင့် ဝက်များခေါင်းထောင်အကြည့် ကျွန်ုပ်တို့ ပြိုင်တူ မောင်းခလုတ်အား ပြိုင်တူဆွဲလိုက်ကြတော့သည်။

"ဒိုင်း . . . ထိန်း . . . ဒိုင်း"

ကိုက် (၁၀၀)အတွင်း ပစ်မှတ်သာဖြစ်၍ မလွဲပါ။ ကျွန်ုပ်ပစ်သော ဝက်တောင်းကြီးက ဦးနှောက်ပွင့်ပြီး ဝါးရုံပင်ရင်းတွင် ခေါင်းစိုက်နေသည်။ ဦးနေအောင်နှင့် ကိုဇော်မင်းပစ်သော ဝက်မနှစ်ကောင်က စမ်းချောင်းထဲကပင် မတက်နိုင်တော့။ ကျန်ဝက်မနှစ်ကောင်ကတော့ ပြေးကြလေပြီ။





ဦးနေအောင် ။ "ကိုသိန်းဝင်းက ဝက်မတွေကိုပဲ ပစ်မယ်မှတ်တာ။ တော်သေးတာပေါ့ဗျာ။ တောင်းကြီးကို ပစ်လိုက်နိုင်လို့။ အဲဒီအကောင်ကြီးသာ မပစ်နိုင်ရင် ယမ်းခိုးလျှောက်ပြီး ပြေးထိုးမှာ"

ထိုဇော်ဝင်း ။ "ဟုတ်တယ် ဆရာ။ ကျွန်တော်လည်း ချိန်ပြီးမှ ရုတ်တရက် ဝက်တောင်းကြီး ဝါးရုံပင်ရင်းက ခေါင်းပြူထွက်လာတာ။ ဒါကြောင့် ကျည်တစ်တောင့်ပဲ ပစ်ပြီး အရေးပေါ်ချန်ထားရတာ။ ကိုသိန်းဝင်းက တစ်ချက်တည်းလှဲနိုင်တော့ တော်သေးတာပေါ့ဗျာ"

ကျွန်ုပ် ။ "ကျွန်တော့်နေရာက ဝက်မတွေကိုပစ်ဖို့ ပစ်ကွင်းမကောင်းဘူးဗျ။ ရှေ့က တောငှက်ပျောရုံက ခံနေတာ။ အဲ့ဒါကြောင့် ပစ်ကွင်းရှာရင်း ဝက်တောင်းကြီးထွက်လာတာနဲ့ အတော်ဖြစ်သွားတာ"

ဦးနေအောင် ။ "ကဲ . . . ကျော်စိန်ဝင်းနဲ့ ဝန်ထမ်းတွေ ကားသွားခေါ်လေရော့။ ငါတို့ ဒီမှာ ခဏနားရင်း စောင့်နေမယ်"

✲✲✲✲✲✲✲✲✲✲



www.burmeseclassic.com

www.burmeseclassic.com



ကားများတက်လာသံကို ကြားရသည်။ ကျော်စိန်ဝင်းတို့အဖွဲ့က ဝက်များအား သယ်ဆောင်ရန် ဆောင်ရွက်နေကြသည်။

**ကျော်စိန်ဝင်း** ။ ''ခင်ဗျားတို့သုံးယောက်အတွက် အတော်လက်ညီတာပဲဗျ။ တစ်ယောက်တစ်ကောင် ဟန်ကျလိုက်တာ''

**ကျွန်ုပ်** ။ ''ဒါ သဘောပေါ့ တပည့်ကြီးရ။ အတွေ့အကြုံက စကားပြောတာပေါ့။ ဝက်မအုပ်ရှိရင် ဝက်သိုးကြီး ရှိတတ်တယ်။ အဲ့ဒါကို သတိထားရမယ်။ မှတ်ထားနော် တပည့်ကြီး''

**ကျော်စိန်ဝင်း** ။ ''ဟုတ်ကဲ့ပါဗျာ . . . နိုင်တန်း လုပ်ထားကြဦးပေါ့။ နောက်တော့မှ ကျော်စိန်ဝင်းလက်သံ မြင်ရ ကြားရဦးမှာပါ''

**ထိုဇော်ဝင်း** ။ ''ဘာလဲ . . . ကျော်စိန်ဝင်း လက်သံက ဝက်ဖျက်တဲ့နေရာမှာ ပြမှာလား။ ကိုသိန်းဝင်းရေ ကျော်စိန်ဝင်း က ဝက်ဖျက်တဲ့နေရာမှာတော့ ကျွမ်းသဗျ၊ ဟဲ . . . ဟဲ . . . ဟဲ''

ဝက်သေများအား ကားပေါ်တင်၍ ကျွန်ုပ်တို့ ကားများဖြင့် ဆက်ထွက်လာခဲ့ကြရာ မြတောင်တောသစ်စခန်းသို့ နေ့လယ် (၁၂) နာရီကျော်ခန့်မှ ရောက်သည်။ ထမင်းဟင်း ချက်ပြုတ်နေကြစဉ် ကျော်စိန်ဝင်းက မျောက်ဦးနှောက်ကြော်၊ ဒေါင်းသားကင်တို့အား တစ်ခဏအတွင်း လုပ်ပေးသည်။

ကျွန်ုပ်တို့သောက်ကြ၊ မြည်းကြရင်း ဝက်ခေါင်းသုပ်၊ ကလီစာ





ဟင်းတို့က အမြည်းအဖြစ် ရောက်လာကြပြန်သည်။ ကျော်စိန်ဝင်းလက်ရာများဖြစ်သည်။ သူက ဟင်းချက်ပြုတ်ရာတွင် တော်သည်၊ မြန်သည်၊

မြတောင်တောတွင် နယ်တာဝန်ခံ၊ ယာယီရုံးခန်းစိုက်ရာ ဘိုတဲရှိသဖြင့် အဆင်ပြေသည်။ သွပ်မိုးသစ်အိမ်ကြီးသာ ဖြစ်သော်လည်း အတော်ကျယ်ဝန်းသည်။

နေ့လယ်စာကို ညနေ (၂)နာရီခန့်မှ စားရသော်လည်း အဆင်ပြေသည်။ ကျော်စိန်ဝင်းလက်ရာ၊ မျောက်သားကင်၊ ဒေါင်းသားကင်၊ တောဝက်သားဟင်းများက လတ်ဆတ်သဖြင့် စား၍ အလွန်မြိန်ကြသည်။

မြတောင်တောက နယ်သစ်ဖြစ်၍ တောအလွန်ကြီးသည်။ ဟသ်ာကြိုးဝိုင်း၊ မြတောင်ကြိုးဝိုင်းများဖြင့် နယ်ချင်း ဆက်နေကြောင်း သိရသည်။ မြတောင်က အခြေစိုက်စခန်းဖြစ်သည်။ ဟသ်ာကြိုးဝိုင်းနှင့် နမ့်ဖေါင်ကြိုးဝိုင်းတို့မှာလည်း မြတောင်အုပ်စုတွင် ပါဝင်သည်။

**ဦးဓနဇောဇ်** ။ ''ကိုသိန်းဝင်းရေ ဒီနေ့တော့ နားကြတာပေါ့။ မနက်ဖြန်မနက်မှ ဟသ်ာနဲ့နမ့်ဖေါင် ကြိုးဝိုင်းဘက်သွားမယ်။ အဲ့ဒီဘက်မှာ ခင်ဗျားလိုချင်တဲ့ သစ်ခွတွေပေါတယ်။

မြတောင်ကြိုးဝိုင်းက အသစ်ဖွင့်တာ မကြာသေးပေမယ့် သစ်ခွမျိုးကောင်းက ရှားသွားပြီ။ အခြေစိုက်စခန်းဆိုတော့ လူနဲ့နီးတာကိုး။ မြတောင်တောမှာတော့ တောဝက်နဲ့မျောက်ပဲ ပေါတယ်ဗျ။ အဲ . . . ဒေါင်းလည်း ပေါပါတယ်''

**ကျွန်ုပ်** ။ ''ကျော်စိန်ဝင်း ဒေါင်းသားက အတော်ကောင်းသဗျ။ ကြက်သားအတိုင်းပါပဲ။ နည်းနည်းတော့ မာတယ်။ ပိုလည်း အချိုလေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



**ထိုဇော်ခင်း** ။ ''ဒေါင်းသားက ဒီရာသီ အကောင်းဆုံးပေါ့ဗျာ။ ဆောင်းတွင်းဆိုတော့ သီးပင်၊ စားပင် ပေါလို့ အဆီကပ်တာပေါ့။ နွေရာသီဆိုရင်တော့ ဒေါင်းကပိန်တယ်ဗျ။ အစားအသောက်ရှားတာကိုး။

မိုးရာသီမှာတော့ ဒေါင်းတွေ သရားစရာပါဗျာ။ သူတို့ အမွေးအတောင် မိုးမိလို့ စိုရွှဲနေတာကြောင့် ကောင်းကောင်းမပျံနိုင်ကြဘူး။ ချုံတိုးနေတာများတယ်။ မိုးသဲသဲစွေနေရင် တောထဲမှာ တုတ်နဲ့ ရိုက်လို့တောင်ရတယ်''

**ထွန်းနိုင်** ။ ''အင်း . . . ဟုတ်မယ်ဗျ။ ဒေါင်းက အမွေးအတောင်များတော့ ရေစိုရင် အတော်နဲ့ခြောက်မှာ မဟုတ်ဘူး။ ကိုယ်လေးပြီး မပျံနိုင်ဘဲ မြေပေါ်မှာပဲ လျှောက်ပြေးနေရမယ် ထင်ပါရဲ့''

**ထိုဇော်ခင်း** ။ ''ဟုတ်ပါရဲ့ဗျာ၊ ဒါကြောင့် ကျွန်တော်ဒေါင်းငှက်ကို ဘယ်တော့မှာ မပစ်ဘူး။ သနားလို့ပါ၊ ကော့်စိန်ဝင်းလို ငမိုက်သားက မသေမရှင် လုပ်ထားလို့သာ အစောပိုင်းက ဖာတ်သိမ်းပေးလိုက်ရတာပေါ့။

ဒေါင်းမကတော့ ငါတို့ချစ်ခြင်းကို ခွဲတယ်ဆိုပြီး ကျိန်ဆဲသွားမှာကတော့ အမှန်ပဲဗျ။

**ဦးနေအောင်** ။ ''မုဆိုးလုပ်ပြီး ဒါတွေ မပြောနဲ့တော့ ကိုဇော်မင်းရယ်။ တောထဲ၊ တောင်ထဲနေတာ ဒါလောက်တော့ ရှိမှာပေါ့ မဟုတ်ဘူးလား''

✲✲✲✲✲✲✲✲✲✲✲





ကျွန်ုပ်တို့ စားသောက်ကြပြီးနောက် ခေတ္တအနားယူ အိပ်စက်ကြသည်။ ညနေ (၄)နာရီခန့်တွင် ဦးနေအောင်က နှိုးသည်။

**ဦးနေအောင်** ။ ''ထကြတော့ဗျို့ . . . တောထဲမှာ ညနေစောင်းအောင် မအိပ်ကြနဲ့။ ငှက်ဖျားဝင်မှာစိုးလို့ပါ။ ညကျရင်လည်း ငှက်ဖျားကာကွယ်ဆေး သောက်ကြရတယ်။ ဒီတောတွေက ငှက်ကြီးတယ်''

ကျွန်ုပ်တို့ ရေမိုးချိုး၍ အနွေးထည်ကိုယ်စီ ဝတ်ကြပြီး ဝိုင်းထိုင်ကြပြန်သည်။ ညနေစာအမြည်းကတော့ ဝက်ခြေထောက်စွပ်ပြုတ်၊ ဝက်သားကြော်နှင့် မျောက်သားကြော်ဖြစ်သည်။ ဒေါင်းသားဟင်းကတော့ ကုန်ပြီဖြစ်သည်။ စားသောက်ဝိုင်းတွင် –

**ဦးနေအောင်** ။ ''ကိုသိန်းဝင်း၊ သစ်ခွပန်းအပြင် ဘယ်ဆေးရောဝါသနာပါသလား။ ဒီမြတောင်က ဘယ်ဆေးပင်ပေါတယ်ဗျ။ စေးမခန်း(အပင်၊ အနွယ်)၊ အကျော် (သစ်မွှေး)၊ နဘဲငုံ၊ သစ်မန်ကျည်း၊ သစ်စိမ့်၊ ထောက်ကြံ့၊ ပျဉ်းမ၊ ဘန့်ဘွေး၊ ကသစ်၊ လက်ထုပ်ကြီး၊ လက်ထုတ်လေး၊ သက်ရင်းကြီး၊ ဖက်လယ်ဖင်း၊ မျောက်ဆိပ်၊ သစ်ကတိုး အလွန်ပေါသဗျ။

မုဆိုးလမ်းဘေးမှာလည်း ဖာလာပင်တွေ တောထအောင် ပေါက်နေတတ်တယ်။ ဂမုန်းအမျိုးမျိုးလည်း ရှိတယ်။ ကျွန်တော်ကတော့ ဘယ်ဆေးပင် ဝါသနာပါလို့ လေ့လာထားတာ။

ဂမုန်းပင်ကတော့ မကျွမ်းဘူး။ ဂမုန်းပန်းကတော့ အတော်မွှေးသဗျို့။ စိုက်ကောင်း မကောင်းမသိလို့ မစိုက်ရဲတာ။ ကသာက ဆရာကြီးတွေတောင် တစ်ခါတစ်ခါ ဆေးမြစ်ရှာကြတယ်။ သူတို့ပြောား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆေးပင်တွေ အကြောင်းသိတာပါ''

**ကျော်စိန်ဝင်း** ။ ''ကျွန်တော်ဟင်းချက်တဲ့ အထဲမှာခတ်တဲ့ ဟင်းခတ်အမွှေးအကြိုင်တွေက ဒီနားတင်ရှိတာ။ သစ်ကြပိုး၊ ဖာလာပင်တွေလည်း ဒီနားတင်ရှိတယ်ဗျာ။ ဝက်ခြေထောက်စွပ်ပြုတ်ထဲမှာတော့ ငရုတ်ကောင်းနဲ့ ပဒဲကောဉ ထောင်းထည့်ထားတာ။ ဘယ့်နှယ့် အဆင်ပြေရဲ့လား''

**ကျွန်ုပ်** ။ ''အလွန်ကောင်းပါတယ် ဆရာဖိုးကျော်ရယ်။ အရသာလည်း ရှိပဲ''

**ကျော်စိန်ဝင်း** ။ ''အဲ့ဒါကြောင့် ခင်ဗျားတို့ ကျုပ်ကို ဆရာခေါ်ရမယ်လို့ ပြောခဲ့တာ''

**ထိုဇော်ခင်း** ။ ''အင်း . . . ကိုသိန်းဝင်းရေ ခင်ဗျားကတော့ အရူးဘုံမြောက် နေပြန်ပါပြီ။ ဒီကောင်တက်သွားဦးမယ်''

**ကျွန်ုပ်** ။ ''ကိုဇော်မင်းရယ်၊ သူ့ခမြာ ဆရာအခေါ်ခံချင်နေတာ။ ပါရမီဖြည့်ပေးလိုက်ပါဗျာ။ သူ့နေရာနဲ့သူ တော်ပါပေတယ်။ ခင်ဗျားတို့ ကျွန်တော်တို့မှ မချက်တတ်ဘဲဟာ''

**ကျော်စိန်ဝင်း** ။ ''ဟဲ . . . ဟဲ . . . အဲ့ဒီလို လုပ်စမ်းပါ၊ သဘောပေါက်စမ်းပါ။ ဒီမှာ ကိုဇော်မင်း ကျွမ်းကျင်မှုဆိုတာ သူ့နေရာနဲ့ သူရှိတယ်၊ မှတ်ထား။ နေရာတကာ ဆရာမလုပ်နဲ့''

**ထိုဇော်ခင်း** ။ ''ဟုတ်ကဲ့ပါ . . . ဆရာကျော်စိန်ဝင်းရယ်။ ကျွန်တော်တို့ မှားပါတယ် ဆရာရယ်''

''ဟား . . . ဟား . . . ဟား'' အားလုံးဝိုင်းရယ်ကြသည်။





ဆရာအခေါ်ခံချင်သူအား ဆရာခေါ်ပေးလိုက်ခြင်းဖြင့် ကျွန်တော်တို့ စားရေး၊ သောက်ရေး အဆင်ပြေသွားပါသည်။

ကျွန်ုပ်တို့အဖွဲ့ မနက် (၆)နာရီခန့်တွင် အိပ်ယာမှထပြီး မနက်စာ ထမင်းကြော်နှင့် ကော်ဖီသောက်ကြပြီးနောက် လက်နက်ကိုယ်စီထမ်း၍ ဦးနေအောင် ရှေ့ဆောင်ကာ လုပ်ငန်းစစ်ဆေးရင်း တောဝင်ခဲ့ကြသည်။

မြတောင်တောမှာ တောသစ်ဖြစ်၍ သဘာဝတောကြီး ဖြစ်သည့်အလျောက် တောရှုပ်ထွေးသည်။ အရှေ့ကသာမြို့နယ်တွင် ပါဝင်သော်လည်း ထီးချိုင့်မြို့နယ်အထိ ရှည်လျားကျယ်ပြန့်သည်။

မြတောင်နယ် သစ်ထုတ်လုပ်ရေးတွင် ကျွန်းသစ် တန်(၁,၀၀၀)၊ ပိတောက်တန် (၅၀၀)၊ ဘင်္ဂသစ်တန် (၇၀)အပါအဝင် သစ်မာတန် စုစုပေါင်းတန် (၁၀,၀၀၀)ခန့်ထွက်ကြောင်း ဦးနေအောင်က ရှင်းပြသည်။

**ကျွန်ုပ်** ။ ''ဦးနေအောင်ရေ မြတောင်ဆိုတာ ရှေးမြို့ဟောင်းကြီးဆို မဟုတ်လားဗျ။ ကျွန်တော်စာထဲ ဖတ်ဖူးတယ်။ မြတောင်နဲ့ ထီးချိုင့်ဟာ အနော်ရထာမင်းတည်ခဲ့တဲ့ ရှေးမြို့ဟောင်းကြီး(၄၃)မြို့မှာ အပါအဝင်တဲ့ဗျ။

ရှေးတုန်းက မြတောင်ကို ရှမ်းဘာသာစကားနဲ့ ''လားဖူးမြို့'' လို့လည်း ခေါ်ခဲ့ကြောင်း သိရသဗျ''

**ဦးနေအောင်** ။ ''ကျွန်တော်လည်း ဖတ်ဖူးသဗျ။ ရှေးက မြို့ကြီးဖြစ်ခဲ့ပေမယ့် အခုတော့ ကျေးရွာအုပ်စုကြီးပေါ့ဗျာ။ မြတောင်ကျေးရွာအနီးက ဧရာဝတီမြစ်ထဲကို ပဲဖာချောင်းက စီးဝင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မဲဇာချောင်းဟာ နာမည်ကျော် မဲဇာမြစ်ပေါ့ဗျာ။ လက်ဝဲသုန္ဒရအမတ်ကြီး အပို့ခံရတဲ့ နေရာပေါ့။ တကယ်တော့ တောခေါင်ခေါင် နေရာပါပဲ။ အခုတော့လည်း သစ်လုပ်ငန်းနဲ့ ရွှေထွက်တဲ့ နေရာဖြစ်လို့ လူမပြတ်ပါဘူး။ တောလည်း မကြီးတော့ပါဘူး။

ဒါပေမယ့် ငှက်ဖျားကတော့ ကြီးတုန်းပဲဗျ။ အဲ့ဒီအချိန်တုန်းက လက်ဝဲသုန္ဒရအမတ်ကြီး ငှက်ဖျားဆေးရော သောက်ရရဲ့လား မသိဘူးဗျနော်''

**ထွန်းဝီ** ။ ''သူ့ခေတ်၊ သူ့အခါ၊ သူ့ဆေးရှိမှာပေါ့ဗျာ။ ဟိုးရှေးခေတ်က နန်းတွင်းဆေးဆိုတာ အကျော်အမော်ပဲ။ အမတ်ကြီးလည်း ပညာရှိဆိုတော့ ဗိန္ဓောဆေးနည်းလည်းတတ်မှာပါ။ စာထဲမှာ အမတ်ကြီး ငှက်ဖျားမိတယ်လို့ မဖတ်ခဲ့ရပါဘူး''

✡✡✡✡✡✡✡✡✡✡

တတိယ အင်းဝမြို့တည်၊ ဆင်ဖြူရှင်မင်းလက်ထက်တွင် မင်းမျက်သင့်၍ စာဆိုတော်ပညာရှိ အမတ်ကြီးလက်ဝဲသုန္ဒရ ဦးမြတ်စံအား မဲဇာအရပ်သို့ ပို့ခဲ့သည်။ မဲဇာတောထဲတွင် အမတ်ကြီးသည် ဒုက္ခဆင်းရဲကြီးစွာ နေခဲ့ရ၏။

(၄၅)ရက်ကြာမှ ''မဲဇာတောင်ခြေ'' အစချီရတုနှင့် ''စေရွှန်းစန္ဒာ'' အစချီသော ရတုပို့စ်စုံများကို ဘုရင်ထံ ဆက်သွင်းနိုင်သဖြင့် အမျက်ပြေကာ ရတနာသိင်္ခကုန်းဘောင်မြို့သို့ ပြန်ခွင့်ရခဲ့ကြောင်း





ကျွန်ုပ်တို့ကျောင်းတွင် သင်ခဲ့ရဖူးသည်။

အမတ်ကြီးဦးမြတ်စံမှာ စာဆိုရှင်အာဇာနည် ဖြစ်ပေသည်။ သူ(၄၅)ရက်မျှသာ ရောက်ခဲ့ဖူးသော မဲဇာတောမှာ သူ့အကြောင်း နာမည်ကျော်တော့ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်ရှေးခေတ်ဟောင်းကို အောက်မေ့သတိရနေစဉ် –

**ဦးနေအောင်** ။ ''ကိုသိန်းဝင်းရေ၊ မဲဇာတောင်ခြေ စီးထွေထွေတည်၊ မြစ်ရေဝန်းလည်၊ မြိုင်ဖတောဆီက''ဆိုတဲ့ ရတုကဗျာပိုဒ်ကလေးမှာတော့ အမတ်ကြီးက လွမ်းဆွေး၊ ဆွတ်ပျံ့ဖွယ် တောသဘာဝ ပတ်ဝန်းကျင်ကို ဖွဲ့နွဲ့သွားတာပဲနော်။

ကျွန်တော် တက္ကသိုလ်ပထမနှစ်မှာ သင်လိုက်ရတယ်။ အကုန်လုံးတော့ မမှတ်မိတော့ဘူးဗျာ''

**ထွန်းဝီ** ။ ''ကျွန်တော်ကတော့ အတော်သတိရပါသေးတယ်။ ကျွန်တော်က မြန်မာစာ အဓိကယူခဲ့တော့ မှတ်မိပါတယ်။ ဦးနေအောင်က မဲဇာမြစ်ဆိုလို့ ပြောရဦးမယ်။ အမတ်ကြီး ဦးမြတ်စံက မဲဇာမြစ်နဲ့မဲဇာအရပ် သူတို့ဘဝကို ဖွဲ့သွားတာဒီလိုဗျ''

''စီးသွင်ညီဖြူရစ်၊ မဲဇာမြစ်လည်း၊ တစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့် တောကြီးဆိတ်ညံ့၊ ဆီးကျုံကျုံဝယ်၊ ရူဝံမပေါ်၊ မမျှော်ပါရုံ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု တွေးတောက်မမှန်း၊ ဖန်ဖန်အံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တော၊ ဘယ်မြိုင် မသိနိုင်ခဲ့ . . . တဲ့လေ။ ဘယ်လောက် ရသမြောက်သလဲဗျာ။ အတ္တာလင်္ကာရနဲ့ သဒ္ဒါလင်္ကာတို့ကို ပေါင်းစပ်ပြီး စကားလုံးတွေ ရွေးချယ်ထားတာ အတိုင်းမသိ ပြောင်မြောက်ပါပေတယ်''

''တစ်ခါမဲဇာ အရပ်သူတို့နဲ့ မဲဇာအရပ်ကို ဖွဲ့နွဲ့ထားပုံကလည်း အလွန်အလင်္ကာ မြောက်ပါပေတယ်။ ဘာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဒါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေဂူတော်နှင့် ရှုတိုင်းတင်သား၊ မိုးမြင့်သီခေါင်၊ မဲဇာချောင်းက၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းလာဖွေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်''

''ကဲ . . . ဘယ်လောက် ကောင်းလိုက်သလဲ။ ရိုးရိုးလေးနဲ့ ပတ်ဝန်းကျင်သရုပ်ကို ဖော်ကြူးထားတာ ကျွန်တော်တို့ကျောင်းတုန်းက တသသ၊ စွဲမက်ပြီး ရွတ်ခဲ့တဲ့အပိုဒ်တွေပေါ့ဗျာ''

''မဲဇာတောင်ခြေ၊ မဲဇာမြစ်၊ မဲဇာအရပ်သူတို့ဘဝကို အမတ်ကြီးဖွဲ့ထားလိုက်ပုံက ဂုဏ်မြောက်လွန်းလှတယ်။ အမတ်ကြီးရဲ့စာဆိုဂုဏ်ရည်ကို ကျွန်တော်တို့ မချီးကျူးဘဲ မနေနိုင်လောက်အောင်ပါပဲဗျာ''

''ဒီနယ်မြေမှာရှိတဲ့၊ တောင်တွေ၊ တောတွေ၊ မြစ်တွေ၊ မဲဇာအရပ်သူ၊ အရပ်သားများရဲ့၊ အလှူဒါနပြုပုံ၊ ကေမိုးရာဦးဥတုနဲ့ လှူ့သဘာဝအလှ သရုပ်ဖော်ပုံတွေဟာ ပီပြင်လွန်းလှတယ်။ ဆေးရောင်စုံချယ်ထားတဲ့ သဘာဝအလှရှုခင်း ပန်းချီကားကြီးကို အားပါးတရကြည့်လိုက်ရသလို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါပေရဲ့ဗျာ။

ဒါကြောင့်လည်း မင်းမျက်ပြေအောင် ဖြေခဲ့တဲ့ ရတုနှစ်ပိုဒ်ဟာ စာပေနယ်မှာ ရေ့တန်းရောက်ခဲ့တာပေါ့။ အမတ်ကြီးဟာ ကျမ်းကြီး၊ ကျမ်းငယ်၊ မော်ကွန်း၊ ပြန်တမ်းစာစောင်တွေကို (၂၅)စောင်နဲ့ ရတုပေါင်း (၁၀၀)ကျော်ကို စီကုံးရေးသားခဲ့တယ်ဗျ။

အထူးသဖြင့် စစ်သည်တော်ကျင့်ဝတ်ပျို့လို့ ခေါ်နိုင်တဲ့ နန္ဒိသေနပျို့၊ သေနင်္ဂဗျူဟာပျို့၊ ဗျူဟာစက္ကံပျို့၊ သာမိနပျို့နဲ့





ဂါမဏီစန္ဒပျို့တွေကို သတိရမိပါသေးတယ်''

''အမတ်ကြီးဟာ ခေတ္တနေထိုင်ခဲ့ရာ မဲဇာအရပ်အရှေ့ဘက်မှာ ဘုရားစေတီ (၁၃)ဆူ တည်ခဲ့တယ်လို့လည်း မှတ်ရဖူးပါတယ်။ ဒါပေမယ့် အမတ်ကြီးရေးခဲ့တဲ့ ရတုတွေထဲမှာတော့ (၆)ဆူသာ အနိုင်အမာပါပါတယ်။

အမတ်ကြီးရဲ့ အထုပ္ပတ္တိကို ပေမှာရေးပြီး ဘုရား(၁၃)ဆူ အနက် မြောက်ဘက်အစွန်ဆုံးဘုရားမှာ မြှုပ်နှံခဲ့တယ်လို့လည်း သိရတယ်။ အဲ့ဒါကို အလယ်တောရွာသူကြီး ဦးညိုကရရှိခဲ့ပြီး ၁၉၄၅-ခုနှစ်မှာ ရွှေဘိုမြို့သားတစ်ဦးက ပုံနှိပ်ထုတ်ဝေမယ် ဆိုတာနဲ့ဦးညိုက ပေးလိုက်တာ။

ဒီနေ့အထိ ပျောက်ကွယ်သွားခဲ့တယ်။ လက်ဝယ်ရရှိထားသူများအနေနဲ့ ဖော်ထုတ်ရင်တော့ စာပေနယ်မှာ အလွန်အကျိုးများဖို့ ရှိတာပေါ့ဗျာ။ ရှေးဟောင်းသမိုင်းဝင် စာမူဖြစ်မို့ အမျိုးသားအရေးနဲ့ တွေးမယ်ဆိုရင် အလွန်တန်ဖိုး မဖြတ်နိုင်တဲ့အရာပေါ့''

**ဦးနေအောင်** ။ ''အင်း . . . ဦးသိန်းဝင်းက စာပေတန်ဖိုးနားလည်တော့ နှမြောတတ်တာပေါ့။ နားမလည်တဲ့သူတွေအတွက် အချည်းအနှီးပေါ့ဗျာ''

**ကျော်စိန်ဝင်း** ။ ''ခင်ဗျားတို့က သေနတ်ထမ်းပြီး စာသံ၊ ပေသံနဲ့ တကယ့် အနုပညာသမားတွေပါလား၊ လေးစားပါတယ်ဗျာ''

**ထိုက်ဇော်ခင်း** ။ ''ကျွဲပါးစောင်းတီးတော့၊ ကျွဲထကတယ်ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ကျော်စိန်ဝင်း ခုန်းမဝေးတော့ဘူး''

**ကျော်စိန်ဝင်း** ။ ''စကားအကောင်းပြောတော့လည်း ခင်ဗျားကဖောက်လာပြန်ပြီ ကိုဇော်မင်း။ ခင်ဗျားကရော



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာအကြောင်း၊ ပေအကြောင်း ဘယ်လောက် သိလို့လဲ''

**ထိုက်တော်ခင်း** ။ ''ဟာ . . . ငါလည်း တက္ကသိုလ် ပထမနှစ်မှာ မြန်မာစာ သင်ခဲ့ရတာပဲ။ လက်ဝဲသုန္ဒရအမတ်ကြီးဟာ မဲဇာတောင်ခြေရတုပိုဒ်စုံ ရေးအပြီးမှာ ကာရံတူ၊ ပွဲစာညောင်ရေဆိုတဲ့ ရတုပိုဒ်စုံကို ဆက်ရေးတယ်။

အဲ့ဒီ ရတုနှစ်ပိုဒ်နဲ့ပဲ၊ ရှင်ဖြူရှင် ဘုရင်အမျက်တော်ပြေပြီး ရတနာသိင်္ယကုန်းဘောင်မြို့ကို ပြန်ခေါ်လာရတာ ဟ . . . လဒရဲ့ မှတ်ထား''

**ကျော်စိန်ဝင်း** ။ ''အင်းဗျာ . . . ခင်ဗျားတို့က ကျူပ်ထက်စာပေ နယ်မှာ နံ့စပ်တော့ ဆရာတင်ရမှာပေါ့ဗျာ။ ကျူပ်ကတော့ သိပ္ပံသမားဆိုတော့ လက်တွေ့ပဲ လုပ်တတ်တယ်။

ကားမောင်းမယ်၊ သေနတ်ပစ်မယ်၊ ချက်မယ်၊ ပြုတ်မယ်၊ ကြော်မယ်၊ လှော်မယ်၊ စက်ကိရိယာတွေကို ပြင်ဆင်မယ်၊ ဒါပဲတတ်တယ်ဗျာ''

**ဦးနေအောင်** ။ ''ကျော်စိန်ဝင်းရယ် မင်းလည်းဘွဲ့ရပြီးသားပါ။ ငါတို့ ပြောတာတွေက စာတွေထဲမှာ ရှိပါတယ်။ မင်းစာဖတ်အားနည်းလို့ပါ''

✲✲✲✲✲✲✲✲✲✲✲✲





ကျွန်တော်တို့အဖွဲ့မှာ တောလိုက်သည်နှင့်မတူ။ လမ်းလျှောက်ရင်းစာအကြောင်း၊ ပေအကြောင်း ဆွေးနွေးလာကြ၍ အသံမလုံဘဲ လမ်းတစ်လျှောက်လုံး ဘာကောင်မှမတွေ့ခဲ့။

**ဦးနေအောင်** ။ ''ကဲ . . . ကျွန်တော်တို့ စကားဖြတ်ပြီး လာရင်းကိစ္စလည်း ချာန်သွင်းလိုက်ကြရအောင်။ အားလုံး ငြိမ်ကြတော့။ ခြေသံလည်း လုံပါစေ''

ထိုအချိန် ရှေ့မလှမ်းမကမ်း၌ရှိသော နဘူးချုံပေါ်မှ ဝါးရောင်းငှက်အုပ်ကို တွေ့သဖြင့် ကျော်စိန်ဝင်း လုပ်ငန်းစသည်။ ပွိုင့်တူးတူးသေနတ်အား သစ်တောဝန်ထမ်း တစ်ယောက်ကိုပေးပြီး အသင့်ပါလာသော လွယ်အိတ်ထဲမှ လေးခွကိုထုတ်ကာ တစ်ကောင်ချင်း ပစ်တော့သည်။

ဝါးရောင်းငှက်များမှာ အုပ်လိုက်နေလေ့ရှိပြီး ဇရက်(ဆက်ရက်) အရွယ်သာ ရှိသော်လည်း မပျံ။ ချုံပေါ်မှ ဝါးရုံသို့ကူးပြီး ခုန်ဆွခုန်ဆွဖြင့် တရွေ့ရွေ့သွားနေကြသည်။ ကျော်စိန်ဝင်းကလည်း တစ်ချက်တစ်ကောင်နှုန်းဖြင့် ပစ်ချနေသည်။

(၁၀)ကောင်ခန့်ရှိသည့်အနက် နောက်ဆုံးတစ်ကောင်သည် မြယာချုံတစ်ခုပေါ်သို့ ကူးသွားရာ ကျော်စိန်ဝင်းက ပစ်ရာချုံထဲအကျတွင် ချုံကြီးမှာလှုပ်ရမ်းလာပြီး ဝေါဟူသော အသံကြီးနှင့်အတူ ချုံထဲတွင် အိပ်ပျော်နေသော ဆတ်ဖို၊ ဆတ်မနှစ်ကောင် ပြေးထွက်လာကြသည်။ ပေ(၂၀)ခန့်အတွင်း အနီးကပ်ဖြစ်၍ အသင့်ဖြစ်နေကြသော ကျွန်တော် နှင့် ဦးနေအောင်က လက်တန်းထိုးချိန်ရွယ်၍ ပစ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒိုင်း . . . ဒိုင်း''

အနီးကပ် ထိချက်ပြင်း၍ ဆတ်နှစ်ကောင်နေရာတွင် လဲသည်။ ကိုဇော်မင်းက အလယ်လူဖြစ်၍ ကျော်စိန်ဝင်းကို ငဲ့ညှာပြီး မပစ်သာပါ။

ကျွန်ုပ်ပစ်သော ဆတ်ဖားကြီးမှာ ဦးချိုနှစ်တောင်ခန့်ရှိပြီး အချိန်(၇၀)ခန့်ရှိသည်။ ဦးနေအောင်ပစ်သော ဆတ်မမှာ အချိန် (၆၀) ခန့် ရှိပေလိမ့်မည်။

**ထိုဇော်မင်း** ။ ''ကျော်စိန်ဝင်းရာ, မင်းရှေ့ကခံနေတော့ ငါမပစ်သာတော့ဘူးပေါ့ကွာ။ နှစ်လုံးပြူး(၉)လုံးကျည်က ပြန့်ကားပြီး ထွက်တာ။ မင်းမှန်မှာစိုးလို့ပါ။ တောဝက်သာဆိုရင်တော့ မင်းကားပြီ''

**ကျော်စိန်ဝင်း** ။ ''ကျွန်တော်ကလည်း သိပါတယ်ဗျာ။ ဒါကြောင့် နောက်ကလူတွေ ပစ်သာအောင် မြေပြင်ပေါ် ဝပ်ချလိုက်ရတာ''

''ကဲ . . . ညနေကျရင် ဝါးရောင်းငှက်ကြော်နဲ့ ဆတ်အူစုံ သဲစုံဟင်းချက်ကျွေးမယ်။ အသားတွေကိုတော့ ကျပ်တင်တာ အကောင်းဆုံး ဖြစ်မယ်ထင်တယ်''

**ဦးနေအောင်** ။ ''မင်းဘာသာ အကောင်းဆုံးစီစဉ်ကွာ။ ကဲ . . . ဆတ်နှစ်ကောင်သယ်ဖို့ လုပ်တော့။ ရိက္ခာဖူလုံပြီဆိုတော့ ဒီကပဲပြန်ကြမယ်။ နေ့လယ်စာကရော ကျော်စိန်ဝင်း ဘာစီစဉ်ထားသလဲ။

တောဝက်သားဟင်းတော့ မစားချင်တော့ဘူးဟေ့။ ဆတ်အူစုံ သဲစုံဟင်းကို နေ့လယ်စာချက်ကွာ။ လတ်လတ်ဆတ်ဆတ် စားရတာပေါ့။ ညနေစာတော့ ဆတ်သားဆီပြန်ချက်ကွာ''





ကျွန်ုပ်တို့အဖွဲ့တွင် ပါလာသည့် သစ်တောဝန်ထမ်း(၄)ဦးက ဆတ်သေကောင်နှစ်ကောင်အား တရွေ့ရွေ့ထမ်း၍ ပြန်ခဲ့ကြသည်။ မြတောင်တောက အမည်နှင့်လိုက်အောင် မြစိမ်းရောင်မှိုင်းညို့နေသည်။

သစ်များအပြင် ခုံ၊ ပျဉ်းမ၊ သတိ၊ သင်းဝင်၊ ဒီဒူး၊ လက်ပံ၊ မအူမျောက်ချော၊ ထောက်ကြံ့ပင်ကြီးများကလည်း ရောထွေးပေါက်ရောက်နေသည်။ အပင်ကြီးများပေါ်တွင်တော့ သစ်ခွအမျိုးမျိုးက လှပဝေဆာစွာ ပွင့်ဖူး၍ အလှဆင်နေသည်။ သို့သော် ကျွန်တော် ခူးဆွတ်ရန် အခွင့်မသာတော့ပါ။

✲✲✲✲✲✲✲✲✲✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျွန်ုပ်တို့အဖွဲ့ မြတောင်ယာယီဘိုတဲ စခန်းသို့ နေ့လယ် (၁၂)နာရီခန့် ပြန်ရောက်ကြသည်။ ကျွန်ုပ်တို့ ရေချိုးပြီး အဝတ်အစား လဲနေစဉ် ကျော်စိန်ဝင်းတို့အဖွဲ့က ဆတ်များအားဖျက်၍ နေ့လယ်စာ အမြန်ချက်ပြုတ်နေကြသည်။

မွန်းလွဲ(၁)နာရီခန့်တွင် အဆင်သင့်ဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ နေ့လယ်စာ စားကြရသည်။ နေ့လယ်စာ စားအပြီး ကျွန်ုပ်ခေတ္တ လှဲလျောင်းအနားယူနေစဉ် ဦးနေအောင်နှင့် ကိုဇော်မင်းတို့ သစ်ကွက်ထဲသို့ ဆင်းသွားကြသည်။ ကျော်စိန်ဝင်းကတော့ ဆတ်သားများအား စခန်းအလုပ်သမားအဖွဲ့သို့ ခွဲဝေပေးနေသည်။

ကျွန်ုပ်လက်သမားအဖွဲ့နှင့် ဝက်များအား သတိရနေမိသည်။ လုပ်ကိုင်ရမည့် အလုပ်များများပြား၍ နိုင်မှနိုင်ပါ့မလားဟုလည်း တွေးပူနေမိသည်။ မဆီမဆိုင် နန်းကျင်ရွာသူကြီး ဦးစောဂျိုးဖက်နှင့် ထမင်းဆိုင်မှ သမီးလုပ်သူအား သတိရမိသည်။





နာမည်တော့ ရိုင်းမည်စိုး၍ မမေးမိ။ ဦးစောဂျိုးဖက်သမီးမှာ ရှမ်းလူမျိုးနှင့်မတူ တရုတ်မနှင့်တူနေသည်။

တောတောင်အီအီ စဉ်းစားရင်း ကျွန်ုပ်မှေးခနဲ အိပ်ပျော်သွားမိသည်။ ညနေခင်းအိပ်မက်မက်ရာ ကျွန်ုပ်ထောင်ထဲ ပြန်ရောက်နေပြီး လက်သမားဆရာ ဦးလောက်စိန်က သူနေမကောင်းသဖြင့် ဆေးရုံတင်ပေးပါရန် တောင်းဆိုနေသည်။

ကျွန်ုပ်ဦးလောက်စိန်အား ဆေးရုံတင်ပေးရန် ထောင်ပိုင်ကြီးထံ သတင်းပို့ ရဲစခန်းအကြောင်းကြား အကျဉ်းဌာနရုံးချုပ်အား အစီရင်ခံစာများရေးနေစဉ် တစ်စုံတစ်ဦးကလှုပ်နှိုးသဖြင့် ကျွန်ုပ်အိပ်ပျော်ရာမှ နိုးလာခဲ့သည်။

**ဦးနေအောင်** ။ ''ဦးသိန်းဝင်းထဲ့ ညနေပိုင်းတောထဲမှာ ကြာကြာ အိပ်တာ မကောင်းဘူး။ ဒီမှာ ကျွန်တော် ခင်ဗျား အတွက် သစ်ခွပန်းတွေ ခူးလာတယ်''

**ကျွန်ုပ်** ။ ''ကျေးဇူးပဲ ဦးနေအောင်ရေ။ ကျွန်တော် မနက်က သစ်ခွပန်းတွေကိုမြင်လို့ သတိရပေမယ့် ဆတ်နစ်ကောင် ထမ်းလာရတော့ အားနာတာနဲ့ မပြောဖြစ်တာ။

ညနေခင်းအိပ်တာများ အိပ်မက်ဆိုး ဘာတွေမက်လို့ ကျွန်တော့်လက်သမား ဆရာကြီးဦးလောက်စိန် နေမကောင်းဘူးလို့ မက်တယ်ဗျ''

**ဦးနေအောင်** ။ ''ခင်ဗျားအလုပ်ထဲ စိတ်စွဲလို့မက်တာပါဗျာ။ မနက်ဖြန်မနက် ပြန်ကြမှာပဲ။ ညနေခင်း ပြန်ရောက်မှာပေါ့။ ဒီသစ်ခွမျိုးတွေက ဒီမှာတော့ပေါတယ်။

ဘာမျိုးတွေမှန်းတော့ ကျွန်တော် မသိဘူး။ လှတာနဲ့ ဆင်



www.burmeseclassic.com

www.burmeseclassic.com



သမားကို တက်ခူးခိုင်းပြီး ယူလာခဲ့တာ''

**ဗျှူနိုင်** ။ ''မျိုးကောင်းတွေပါပဲ။ ဒါက ရွှေတူ၊ ငွေတူ၊ ဒါက မိုးလုံးမှိုင်း၊ ဒါကတော့ ရတနာရွှေခက်၊ ဒါက စာကလေးသစ်ခွ၊ ဒါက သစ်ခွလိပ်ပြာ၊ အဖိုးတန် သစ်ခွတွေပါပဲ။ ကျေးဇူးတင်တယ်ဗျာ''

**ဦးနေအောင်** ။ ''အေးဗျာ . . . ခင်ဗျားကသိတော့ ဝမ်းသာပါတယ်။ တောနက်ထဲမှာတော့ အတော်စုံတယ်ဗျ။ နောက် ဘစ်ခေါက်ပေါ့ဗျာ''

**ဗျှူနိုင်** ။ ''အေးဗျာ . . . အလုပ်က အသားမကျသေးတော့ နောက်ဆံတင်းနေတယ် ဦးနေအောင်ရေ့''

**ဦးနေအောင်** ။ ''အပြန် ခင်ဗျားထောင်ပိုင်ကြီးနဲ့ ကိုမြင့်ဆွေကို ဝက်သားကြပ်တိုက်တွေ ပေးလိုက်မယ်။ ဆတ်သား ကြပ်တိုက်လည်း ရှိုးမယ်ထင်တယ်။ ဆတ်တစ် ကောင်ကိုတော့ အလုပ်သမားတွေကို ပေးလိုက်ပြီ''

**ဗျှူနိုင်** ။ ''ကောင်းပါတယ်ဗျာ။ ဝေမျှစားရတာပေါ့''

✤✤✤✤✤✤✤✤✤✤





ကျွန်ုပ်တို့အဖွဲ့ ညအိပ်ပြီး နောက်တစ်နေ့မနက် မနက်စာ စား၍ ပြန်ခဲ့ကြသည်။ ယင်းခဲဘိုတဲတွင် ဝင်နားပြီး ဦးနေအောင်၏ အလုပ်ကိစ္စများကိုစောင့်ရင်း နေ့လယ်စာ စားရပြန်သည်။ အပြန်တွင် U BOAT ကလေးဖြင့် ကသာဘက်ကမ်းသို့ ပြန်ခဲ့ကြသည်။

ကသာဘက်ကမ်း ရောက်သည်နှင့် ကျွန်ုပ်မနားတော့ဘဲ စက်ဘီးဖြင့် ထောင်သို့ပြန်ခဲ့သည်။ ထောင်ပိုင်ကြီး ဦးအုန်းမောင်နှင့် ကိုမြင့်ဆွေကိုလည်း တောဝက်သား နှင့် ဆတ်သားကြပ်တိုက်များ ပေးလိုက်သည်။

သစ်ခွပန်းများကိုတော့ ကျွန်ုပ်စိုက်ပျိုးရန် အနောက်ဘူးပေါ် သို့ ယူခဲ့သည်။ ကျွန်ုပ်ညနေ ထောင်ပိတ်ပြန်ဝင်ရာတွင် လက်သမားရုံနှင့် ဝက်ရုံသို့ ရောက်ရှိရာ ဝက်များအခြေအနေ ကောင်းမွန်သော်လည်း လက်သမားဦးလောက်စိန် နေမကောင်းကြောင်း သိရသဖြင့် အိပ်ဆောင် သို့လိုက်သွားရာ ဦးလောက်စိန်မှာ အတော်ပိန်ချုံးသွားပြီး နလုံးရောဂါ ပြန်ထနေကြောင်း သိရသဖြင့်ဆေးမှူးအားခေါ်ပြရာ . . . ''

**ဆေးမှူး** ။ ''ဆရာ အခြေအနေ မကောင်းဘူး။ အပြင်ဆေးရုံ တင်မှ ဖြစ်မယ်''

ကျွန်ုပ်ထောင်ပိုင်ကြီးအား အကြောင်းကြားပြီ အပြင်ဆေးရုံ ထုတ်ရန် ရဲအစောင့်တောင်းခြင်း၊ ရုံးချုပ်သို့ အရေးပေါ်အကြောင်း စာရိုက်ခြင်းနှင့် အလုပ်ရှုပ်သွားတော့သည်။ အိပ်မက်ထဲကအတိုင်း ဖြစ်နေ၍ ကျွန်ုပ်အလွန်အံ့သြမိသည်။

ဆေးရုံရောက်တော့လည်း ဆရာဝန်များက ဂရုတစိုက် ကုသ ပေးသော်လည်း ရောဂါမှာကျွမ်းနေပြီဖြစ်၍ မျှော်လင့်ချက် မရှိ တော့ကြောင်း သိရသဖြင့် ကျွန်ုပ်အလွန် ဝမ်းနည်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်ုပ်** ။ "ဦးလောက်စိန်ရယ် စောစောက ပြောရောပေါ့ဗျာ။ ကျွန်တော် အကောင်းဆုံး လုပ်ပေးမှာပေါ့။ အခုတော့ဗျာ"

ကျွန်တော် စကားဆက်၍ မပြောနိုင်တော့ပါ။ ဦးလောက်စိန်မှာ သူ့ကိုယ်သူ သိဟန်တူသည်။

**ဦးလောက်စိန်** ။ "ဆရာ ကျွန်တော့် အခြေအနေ ကျွန်တော်သိပါတယ်။ ဒီတစ်ခါ ကျွန်တော် မနေရတော့ပါဘူး။ ဆရာ့ဆီကိုပဲ ကျွန်တော့်စိတ်က ရောက်နေတာပါ။

ဆရာ့ကိုလည်း တူလိုသားလို ချစ်ခင်ပါတယ်။ အဲ့ဒါကြောင့် အားကိုးတကြီး မှာခဲ့ချင်ပါတယ်။ ဆရာရယ် မောလိုက်တာ ရေတစ်ခွက်လောက် တိုက်ပါနော်"

ကျွန်ုပ် ဦးလောက်စိန်အား နောက်ကျောက ချီပွေ့၍ ရေတိုက်ရသည်။

**ဦးလောက်စိန်** ။ "ဆရာ ကျွန်တော့်မှာ သမီးတစ်ယောက်ရှိတယ်။ ဇနီးသည်ကတော့ ဆုံးသွားပါပြီ။ ကျွန်တော့် ဇာတိက ကျွဲဆယ်ကန်ရပ်၊ မန္တလေးကပါ။

ကသာရွှေဘုန်းရှိန် ရပ်က လက်သမားရုံမှာ အလုပ်လုပ်ရင်း နေရတော့ သမီးကို စိတ်ချရအောင် နန်းရှာသူကြီး ဦးစောကျိုးဇက်အိမ်မှာ ပို့ထားပါတယ်။ ဆရာတို့ ဝက်သွားဝယ်တဲ့အိမ်ပေါ့။

ဦးစောကျိုးဇက်က ကျွန်တော့်မိန်းမ အစ်ကိုအရင်းပါ။ ကျွန်တော့်မိန်းမက ရှမ်းလူမျိုး နော်ဖော့ဇာတဲ့။ သမီးနာမည်က နော်ဇာ ဆရာရယ် မောလိုက်တာဗျာ"





**ကျွန်ုပ်** ။ "ဦးလောက်စိန် ဖြည်းဖြည်းနားပြီး ပြောပါဗျာ။ ကျွန်တော်အနားမှာ တစ်ညလုံးနေမှာပါ"

**ဦးလောက်စိန်** ။ "ကျွန်တော့်မှာ အချိန်မရှိတော့ဘူး ဆရာ။ ပြောနိုင်တုန်း ပြောပါရစေ၊ အရေးကြီးလို့ပါဆရာ။ ကသာကနေ သင်္ဘောနဲ့သွားရင် ထီးချိုင့်ကျော်တာနဲ့ တကောင်းကို ရောက်မယ်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းပေါ့။ တကောင်းမရောက်မီ ဧရာဝတီ အနောက်ဘက်ကမ်းမှာ "တုံငယ်မြို့ဟောင်း"ဆိုတာ ရှိတယ်။ တကောင်းနဲ့ (၆)မိုင်လောက် ဝေးတယ်။ သင်္ဘောကြီးနဲ့ သွားမယ်ဆိုရင် ရပ်ပေးမှာ မဟုတ်ဘူး။

တုံငယ်မြို့ဟောင်းနေရာက မြို့ရိုးဟောင်း၊ တံတိုင်းဟောင်းတွေပဲ ရှိတယ်။ လူမနေဘူး။ အဲ့ဒါကြောင့် တကောင်းကို သွားပြီးမှ ပြန်တက်ရမယ်။ နည်းနည်းတော့ ခရီးထောက်တယ်။ ကမ်းပါးကနေ မြို့ရိုးဟောင်းပေါ်ကို တက်ရမယ်။

မြို့ရိုးဟောင်းပေါ်ကနေ လမ်းလျှောက်ပြီး မြောက်ဘက်ကို သွားရမယ်။ မြို့ရိုးဆုံးတာနဲ့ လျှိုကြီးတစ်ခုကို ဖြတ်ရမယ်။ လျှိုကမ်းပါးပေါ်တက်ရင် ကညင်ပင်မောင်နှမကိုတွေ့မယ်။ အဲ့ဒီ ကညင်ပင်ခြေရင်း ရှေးဟောင်းဘုရားစေတီတည်ထားတဲ့ ကျောက်ဂူထဲမှာ ရတနာတွေ မြှုပ်ထားတယ်ဆရာ။ ကျွန်တော့်ပစ္စည်းတော့ မဟုတ်ပါဘူး။

ကျွန်တော့် အဘိုးပစ္စည်းတွေပါ။ အဘိုးက မုဆိုးပါ။ တောလည်ရင်း တွေ့ခဲ့တာလို့ ပြောတယ်။ သူက အကုန်မယူခဲ့ဘဲ တချို့တစ်ဝက်သာယူပြီး အဲ့ဒီဂူထဲမှာ အမှတ်အသားလုပ်ပြီး မြှုပ်ထားခဲ့တာပါ။ ဘုရားဥစ္စာပနာ မဟုတ်ပါဘူး။

မြေပုံညွှန်းကိုတော့ ထောင်ထဲမှာ ကျွန်တော့်စွပ်ကျယ်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အတိအကျဆွဲထားပါတယ်။ ဆရာယူပြီးရှာပါ။ တစ်ယောက်တည်းတော့ဖြစ်မှာ မဟုတ်ဘူး။ အဲဒီနေရာက မြို့ဟောင်းပျက်ဆိုတော့ မြွေပေါပါတယ်။ သားရဲတိရစ္ဆာန်လည်းပေါပါတယ်။

လက်နက်ပါသွားမှဖြစ်မှာ၊ အသေးစိပ်အချက်လက်ရေးထားတဲ့ ပေစာလည်းရှိတယ်။ အဲဒီပေစာကတော့ ကျွန်တော်အလုပ်လုပ်ခဲ့တဲ့ ရွှေဘုန်းရှိန်ရပ်က ကျွန်တော့်သံသေတ္တာ ကလေးထဲမှာရှိတယ်။

သော့က ဒီမှာပါဆရာ။ ကျွန်တော့်လည်ပင်းမှာ အမြဲတမ်းဆွဲထားတာ ကျွန်တော် မန္တလေးက ကသာကိုတက်လာတာ၊ အဲဒီကိစ္စပါဆရာ။ သမီးနဲ့ခွဲနေပြီး တစ်ယောက်တည်းကြံနေတာ။

အဆင်မပြေပါဘူး။ ခရီးစရိတ်ရတော့လည်း သစ်ခိုးမှုနဲ့ ထောင်ကျပြန်တယ်။ ကျွန်တော်ခိုးတာ မဟုတ်ပါဘူးဆရာ။ အလုပ်ရှင်ခိုးပြီး ကျွန်တော်က ခံပေးရတာပါ။ မိတော့မှ ကျွန်တော့်ကို အပြစ်ပုံချတာပါ။

ရတနာတွေရခဲ့ရင်တော့ ကျွန်တော့်သမီးကိုလည်း ထောက်ပံ့ပါ။ ကျွန်တော်နဲ့ကျွန်တော့် အဘိုးဦးလောက်ဗာအတွက်လည်း အလှူဒါနလုပ်ပြီး အမျှဝေပါဆရာ။ ကြိုက်သလို ခွဲဝေစီစဉ်ပါ၊ ဆရာ့ကို ပုံအပ်ပါတယ်''

**ကျွန်ုပ်** ။ ''ကျွန်တော် ကတိပေးပါတယ်၊ ဦးလောက်စိန် မှာခဲ့သလို၊ အသေအချာ ဆောင်ရွက်ပေးမှာပါ။ စိတ်ချပါခင်ဗျာ''

**ဦးဖောတ်စိန်** ။ ''နောက်တစ်ခုက ကျွန်တော်ဆုံးပါးသွားရင် သမီးလေးကို အသိမပေးပါနဲ့ဆရာ။ ဆရာ့စရိတ်နဲ့ပဲ ဆောင်ရွက်ပေးပါ''

**ဦးနေအောင်** ။ ''ကျွန်တော်တို့ စရိတ်နဲ့ဆောင်ရွက်မှာပါ။ ဒါပေ





မယ့် သမီးကို အသိမပေးရဘူးဆိုတာကိုတော့ လက်မခံနိုင်ပါဘူး။

ဖခင်တစ်ယောက်လုံးကို တစ်ဦးတည်းသောသမီးက နောက်ဆုံး မြင်ချင်မှာပေါ့။ ကျွန်တော်အခုပဲ အကြောင်းကြားနိုင်းလိုက်တော့မှာပါ ဦးလောက်စိန်''

**ဦးလောတ်စိန်** ။ ''အင်း . . . ဟုတ်ပေသားပဲ။ သမီးကလေး မျက်နှာငယ်ရှာတော့မှာပဲ၊ သမီးကလေး . . . သမီးကလေး''

✡✡✡✡✡✡✡✡✡✡

မျက်ရည်များ စို့ယွက်လာပြီး အမောဖောက်လာပြန်သဖြင့် ကျွန်တော်တို့ဆရာဝန်ကို ပြေးခေါ်ရသည်။ ဆရာဝန်က ဆေးတစ်လုံး ထိုးပြီး အိပ်ပျော်သွားရှာသည်။

သူအိပ်ပျော်စဉ် ကျွန်ုပ် ကျော်စိန်ဝင်းထံပြေး၍ နန်းကျင်ရွာသို့ လွှတ်ရသည်။ ကျော်စိန်ဝင်းက တစ်ဖန် ဦးနေအောင်ထံမှ ရုံးဂျစ်ကားတောင်းပြီး နန်းကျင်ရွာသို့ သွားကြသည်။

သို့သော် ကျွန်ုပ်ဆေးရုံသို့ ပြန်ရောက်တော့ ရဲအစောင့်များက ဦးလောက်စိန် အိပ်ပျော်ရင်း ဆုံးပါးသွားပြီဖြစ်ကြောင်း သတင်းပို့သည်။ ကျွန်ုပ်အလွန်ဝမ်းနည်းမိပါသည်၊ သမီးဖြစ်သူနှင့် မဆုံရ လိုက်ရ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က သေဆုံးကြောင်း အတည်ပြုစမ်းသပ်ပြီး (Death Certificate)ကို ထုတ်ပေးသဖြင့် ဆေးရုံပေါ်မှ ရင်ခွဲရုံသို့ ဦးလောက်စိန်အလောင်းအား ပြောင်းရွှေ့ရတော့သည်။

ည (၉)နာရီခန့်မှ ကျော်စိန်ဝင်းတို့ ပြန်ရောက်လာကြသည်။ ဦးလောက်စိန်သမီး နော်ဇာနှင့်သူကြီး ဦးစောဂျိုးဖက်လည်း လိုက်ပါ လာကြသည်။ ကျွန်ုပ်က အကျိုးအကြောင်း ပြောပြပြီး (Death Certificate) ကိုပေးတော့ သမီးဖြစ်သူ နော်ဇာမှာ ချုံးပွဲချ၍ ငိုတော့သည်။

**ဦးစောဂျိုးဖက်** ။ ''တိတ်ပါ သမီးရယ်။ အဘတစ်ယောက်လုံး ရှိပါသေးတယ်။ သမီးဘဝတစ်လျှောက်လုံး အဘစောင့်ရှောက်မှာပါ။ အဘမှာလည်း ပြည့်ပြည့်စုံစုံရှိပါတယ်ကွယ်''

ဦးစောဂျိုးဖက်နှင့် သမီးအား ကျွန်ုပ်တို့က ရင်ခွဲရုံသို့ ခေါ်ဆောင်ပြီး ဦးလောက်စိန်အလောင်းအား ပြရသည်။

**နော်ဇာ** ။ ''အဖေရယ် ပိန်သွားလိုက်တာ။ ဟင် . . . ဘာဖြစ်လို့ ဝတ်စုံဖြူဝတ်ထားတာလဲဟင်။ အင့် . . . ဟီး . . . ဟီး''

နော်ဇာက ဦးလောက်စိန်အလောင်းအား ဖက်၍ ငိုနေစဉ် ဦးစောဂျိုးဖက်က ကျွန်ုပ်အား လက်ကုတ်ခေါ်၍ အခန်းအပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

**ဦးစောဂျိုးဖက်** ။ ''ဆရာ လောက်စိန်ထောင်ကျတာကို သမီးမသိသေးဘူး။ ကျွန်တော်ပဲသိတာ၊ ဖုံးထားပေးပါ။





လောက်စိန်က အလွန်လူ့ဝှက်တဲ့သူ။ သမီးကိုတော့ သူအလွန် ချစ်ပါတယ်။ ရှာရသမျှ လူကြုံနဲ့ ငွေပို့ပေးပါတယ်။

ကျွန်တော်က မပို့ဖို့တားတော့ မပို့တော့ဘူး။ အဲဒီအချိန်မှာ သူအချုပ်ခံနေရပြီလေ။ ဆရာတို့ ဝက်လာဝယ်တုန်းက ကျွန်တော် ဆရာတို့ဆီကို လာလည်မယ်ဆိုတာ အဲဒီကိစ္စပါ။ သမီးရှေ့မှာမို့ မပြောခဲ့တာပါ''

**ဗျူနိုဝ်** ။ ''စိတ်ချပါ။ ကျွန်တော် မပြောပါဘူး''

**ဦးစောဂျိုးဖက်** ။ ''ဟုတ်ပါပြီ ဆရာ။ ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်တို့မှာ သားသမီး မထွန်းကားပါဘူး။ သမီးနော်ဇာကို မွေးသားရင်းလည်းဖြစ်လို့ အမွေစား၊ အမွေခံ မွေးစားမှာပါ''

**ဗျူနိုဝ်** ။ ''ဝမ်းသာပါတယ်ဗျာ''

ကျွန်ုပ်တို့ ရင်ခွဲတိုက်ထဲပြန်ရောက်တော့ နော်ဇာမှာ အငိုလွန်၍ တက်သွားသဖြင့် ကျော်စိန်ဝင်းက ပွေ့ချီထားပြီး ပြုစုနေသည်။ ကျွန်ုပ်တို့ ရင်ခွဲတိုက်ထဲမှ နော်ဇာအား သယ်ထုတ်ခဲ့ပြီး နှိပ်နယ်ပြုစုမှ သတိပြန်ရပါသည်။ ကျွန်ုပ်တို့ နော်ဇာအား ဆေးရုံဝင်းအပြင်ဘက်သို့ တွဲခေါ်ခဲ့ရသည်။

**နော်ဇာ** ။ ''ဆရာတို့နဲ့ အဖေနဲ့ ဘယ်လိုပတ်သက်တာလဲဟင်''

**ဗျူနိုဝ်** ။ ''ညည်းကိုခေါ်လာတဲ့ ကျော်စိန်ဝင်းက ရွှေဘုန်းရှိန်ရပ်မှာနေတာ။ ဦးလောက်စိန်တို့ လက်သမားရုံနဲ့ နီးတယ်။ အဲဒါကြောင့် ခင်နေကြတာ။

ဦးလောက်စိန်က နေမကောင်း စဖြစ်စဉ်ကတည်းက ဝတ်စုံဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်တယ်။ ပုတီးစိပ်တယ်၊ တရားထိုင်တယ်''

နော်ဇာ ။ ''ဟုတ်ပါတယ်ရှင်။ ကျွန်မအဖေက အလွန်သဘော ကောင်းတဲ့ သူတော်ကောင်းကြီးပါ။ မန္တလေးမှာ အတူနေကြတုန်းကလည်း မကြာခဏ ခရီးထွက်ပြီး ဘာသာရေးကို လုပ်ပါတယ်။ လူချစ်လူခင်လည်း များပါတယ်။ လက်သမားပညာလည်း အလွန်တော်ပါတယ်ရှင့်၊ အင့် . . . ဟီး . . . ဟီး''

✡✡✡✡✡✡✡✡✡✡

အခုမှ ကျွန်ုပ်သတိရမိသည်။ ကျွန်ုပ်၏ ပရိဘောဂလုပ်ငန်းတွင် လက်တစ်ဖက် ပြုတ်သွားပြီဖြစ်သည်။ ရှေ့သို့ ဘယ်လိုဆက်လုပ်ရမှန်း မသိနိုင်တော့ပါ။

တော်ပါသေးသည် ရဲအစောင့်များမှာ ဦးလောက်စိန် သေဆုံးသဖြင့် ပြန်သွားကြသောကြောင့် နော်ဇာတို့နှင့် မဆုံလိုက်တော့။ ဦးလောက်စိန် အသက်ထင်ရှား ရှိနေလျှင်တော့ ရဲများမှာ တာဝန်အရ စောင့်နေကြရဦးမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့ ညှိနှိုင်းတိုင်ပင်ကြပြီး မနက်ဖြန် နေ့လယ်တွင် အသုဘချရန် စီစဉ်ရတော့သည်။ ယခုည တည်းခိုအိပ်စက်ရန်ကိုတော့ ကျော်စိန်ဝင်းက သူ့အိမ်သို့ခေါ်သည်။ သူ့အိမ်ကကျယ်ပြီး အခ်မများလည်းရှိသဖြင့် အဆင်ပြေသည်။

ကျွန်ုပ်တို့ညစာအား ကျော်စိန်ဝင်း အစ်မများက စီစဉ်ပေး





သဖြင့် စားရပြီး၊ ကျွန်ုပ်တို့လည်း ထိုညကျော်စိန်ပင်းနှင့်အတူ အိပ်ရသည်။ ညအိပ်ယာဝင်တော့ ည(၁၂)နာရီ ခန့်ရှိပေပြီ။

မနက်ခင်း စောစောထ၍ ကျွန်ုပ်ထောင်သို့ ပြေးရသည်။ ထောင်ပိုင်နှင့် ကိုမြင့်ဆွေအား သတင်းပို့ပြီး လက်သမားဌာနမှ မိုးကြီးတို့အဖွဲ့အား အခေါင်းစပ်ခိုင်းရသည်။

သူတို့ကလည်း လက်သမားဆရာ၊ အပေါင်းအသင်းအတွက် အလွန်သေသပ်ကောင်းမွန်သော ခေါင်းကိုစပ်ပေးကြသည်။

ကျွန်ုပ် ။ ''မိုးကြီးရေ ဦးလောက်စိန် ကျန်ခဲ့တဲ့ အဝတ်အိတ်ကလေးကို ရှာပေးစမ်းကွာ။ အိပ်ဆောင်မှာ ရှိမယ်ထင်တယ်''

မိုးကြီး ။ ''ဟုတ်ကဲ့ဆရာ''

မကြာမီ မိုးကြီးက အဝတ်အိတ်ကလေးကို ယူလာသည်။ အထဲတွင် စွပ်ကျယ်အင်္ကျီနှစ်ထည်နှင့် ရှပ်အင်္ကျီဖြူနှစ်ထည်၊ ပုဆိုးနှစ်ထည်၊ ပုတီးတစ်ကုံးသာ ပါသည်။

ဦးမြင့်ဆွေက အကျဉ်းသားသေဆုံး၍ လွတ်လက်မှတ် ထုတ်ပေးသည်။ ကျွန်ုပ်က ထောင်မှလည်းကြီးဖြင့် အခေါင်းတင်ပြီး ဆေးရုံသို့သွားရမည် ဖြစ်သည်။

ထောင်ပိုင်ကြီးက အသုံးစရိတ် ထုတ်ပေးသည်။ လှည်းတွန်းရန်ကိုတော့ ဝက်ဝယ်သွားစဉ်က ခေါ်သွားသည့် အပြင်ဘုတ် အကျဉ်းသား(၅)ဦးနှင့် ဘုတ်ကိုင်ဝန်ထမ်း တစ်ယောက်အား ခေါ်သွားရန် စီစဉ်ထားသည်။

မိုးကြီးတို့အဖွဲ့ အခေါင်းစပ်နေကြစဉ် ကျွန်ုပ်ဂါတ်ခန်းမှ



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးစီး၍ ရွှေဘုန်းရှိန်ရပ်မှ လက်သမားရုံသို့ ပြေးရပြန်သည်။ ယူနီဖောင်းဝတ်နှင့် ကျွန်တော့်ကို မြင်သည်နှင့် ကျွန်ုပ်တောင်းဆိုသော ဦးလောက်စိန်၏ အဝတ်ထည့် သံသေတ္တာလေးကို ထုတ်ပေးသည်။

ကျွန်ုပ်က သူတို့ရှေ့တွင်ပင် သံသေတ္တာကလေးအား ပါလာသည့်သော့ကလေးဖြင့် ဖွင့်ကြည့်ရာ အဝတ်အစားအချို့ ငွေအနည်းငယ် မှတ်တမ်းစာအုပ်တစ်ခုနှင့် မိသားစုဓာတ်ပုံများ၊ အဝတ်အိတ်ကလေးတစ်ခုဖြင့် ထည့်ထားသည့် ပေမူတစ်ထုပ်အား တွေ့ရသည်။

ကျွန်ုပ်က လက်သမားရုံပိုင်ရှင်အား ဦးလောက်စိန်သေဆုံးသွားပြီဖြစ်၍ နေ့လယ်(၁)နာရီတွင် ဆေးရုံမှ အသုဘချရန်ရှိကြောင်း သံသေတ္တာအားလည်း ဦးလောက်စိန်၏ သမီးအား ပေးရန်ဖြစ်ကြောင်းပြောပြရာ–

**လက်သမားရုံပိုင်ရှင်** ။ "ဆရာ ဦးလောက်စိန်က ကျွန်တော်တို့ အလုပ်ရုံက အလုပ်သမား ဖြစ်ခဲ့သလို ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်။ ကျွန်တော်တို့အားလုံး လိုက်ပို့ပါ့မယ်။ ကုန်ကျစရိတ်ကိုလည်း ကျွန်တော်ပေးပါ့မယ်ဆရာ"

**ကျွန်ုပ်** ။ "ကောင်းပါတယ် ခင်ဗျာ။ ကိုယ့်အလုပ်သမား တစ်ယောက် နောက်ဆုံးခရီးပါပဲ။ (၇)ရက်လည်တဲ့ နေ့ကျရင်လည်း ဒီနားက မြောက်ကျောင်းမှာပဲ သပိတ်သွတ် အလှူအတန်းလုပ်ဖို့ ကျွန်တော်ကြံရွယ်ထားပါတယ်"

**ပိုင်ရှင်** ။ "ဟုတ်ကဲ့ဆရာ။ မြောက်ကျောင်းက ကျွန်တော်တို့နဲ့ နီးပါတယ်။ ကျွန်တော်အားလုံး တာဝန်ယူပါ့မယ် ဆရာ။ လိုအပ်တာရှိရင်လည်း ပြောပါ"

**ကျွန်ုပ်** ။ "ဦးလေး ကျွန်တော် ဒီလိုလုပ်ချင်ပါတယ်။ ဦးလောက်စိန်ထောင်ကျတာကို သူ့သမီး အသိမပေး





ပါနဲ့။ အခုမြေချတဲ့ အစီအစဉ်ကိုတော့ ကျွန်တော်တို့ ထောင်က အားလုံး တာဝန်ယူပါတယ်။

လိုက်ပို့ကြမယ့် ထောင်သားတွေကိုလည်း အရပ်ဝတ် ဝတ်ခိုင်းထားပါတယ်။ ဆေးရုံကနေ သင်္ချိုင်းကို လှည်းတွန်းပြီးပို့မယ်။ဟိုမှာ ဘုန်းတော်ကြီး သရဏဂုံတင်ပြီး အမျှအတမ်းဝေလို့ မြေချပါ့မယ်။

ဘုန်းတော်ကြီးကိုလည်း သင်္ကန်းတစ်စုံ၊ ငှက်ပျောပွဲ၊ အုန်းပွဲ၊ ဝတ္ထုငွေ ကပ်ပါ့မယ်။ ရက်လည်တဲ့ နေ့ကျရင်တော့ ဦးလေးက တာဝန်ယူပါ။ ဘုန်းကြီးငါးပါးကို သင်္ကန်းတစ်စုံစီနှင့်ဝတ္ထုငွေ ကပ်ချင်တယ်။

အကျွေးအမွေးကတော့ မြောက်ကျောင်း ဘုန်းတော်ကြီးများ အပါအဝင် လူ(၅၀)စာလောက် ထမင်းကျွေးချင်ပါတယ်"

**ပိုင်ရှင်** ။ "ရပါတယ်ဆရာ၊ မြောက်ကျောင်းက ကျွန်တော်တို့နဲ့နီးတော့ ကျွန်တော်အားလုံး တာဝန်ယူစီစဉ်ပါ့မယ်။ တနလာနေ့က ဆုံးတာဆိုတော့ ဒီနေ့အင်္ဂါနေ့ အသုဘချမယ်။

လာမဲ့စနေနေ့မှာ အလုပ်အကိုင်၊ တနင်္ဂနွေနေ့မှာ အလှူပေါ့ ဆရာရယ်နော်။ နေ့ဆွမ်းပေါ့ဆရာ . . . နော်"

**ကျွန်ုပ်** ။ "ဟုတ်ပါတယ် ဦးလေး။ ကျွန်တော် ထောင်ပြန်ပါဦးမယ်။ နေ့လယ် (၁)နာရီမှာ ဆေးရုံကနေ အသုဘချမှာပါ။ နေ့လယ် (၁)နာရီ မထိုးမီ အရောက်လာခဲ့ပါ"

**ပိုင်ရှင်** ။ "ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော့် အလုပ်သမားတွေနဲ့ အတူလာပါ့မယ်။ ဦးလောက်စိန်သမီးကိုလည်း ကျွန်တော်တွေ့ချင်ပါတယ်။ အကူအညီလည်း ပေးချင်ပါတယ်။

**ကျွန်ုပ်** ။ "ကောင်းပါတယ်ဗျာ။ ကျေးဇူးတင်ပါတယ်။ သွား



www.burmeseclassic.com

www.burmeseclassic.com



လေသူအတွက် နောက်ဆုံးဂါရဝ ပြုခြင်းပေါ့။ ကဲ . . . ကျွန်တော်ပြန်ပါဦးမယ်''

✡✡✡✡✡✡✡✡✡✡

ကျွန်ုပ် သံသေတ္တာကလေးအား စက်ဘီးနောက် ကယ်ရီယာပေါ်သို့တင်၍ ပြန်ခဲ့သည်။ ကျော်စိန်ဝင်းတို့အိမ်ရောက်မှ သံသေတ္တာလေးထဲမှ ပေစာထုပ်နှင့် အဝတ်အိတ်ကလေးထဲမှ မြေပုံပါသည့် စွပ်ကျယ်ကလေးကိုသာယူ၍ ကျော်စိန်ဝင်းအား သိမ်းဆည်းထားရန် အပ်လိုက်သည်။ ကျန်သည့်ပစ္စည်းများကိုတော့ အိမ်ပေါ်ထပ်တက်၍ သူကြီးဦးဂျိုးဖက်နှင့် သမီးနော်ဇာတို့အား အပ်လိုက်သည်။

**ကျွန်ုပ်** ။ ''ညီမလေး နော်ဇာရေ ဒါတွေဟာ ညီမလေးအဖေ ကျန်ခဲ့တဲ့ ပစ္စည်းတွေပါ။ အမှတ်တရ သိမ်းထားပါ။ ဒီနေ့ မြေချသင်္ဂြိုလ်မဲ့ ကိစ္စကိုတော့ အစ်ကိုတို့က အားလုံးတာဝန်ယူဆောင်ရွက်ပါ့မယ်။

ရက်လည်တဲ့နေ့ကျရင်တော့ သူ့အလုပ်ရှင်ပိုင်ရှင်က အားလုံးတာဝန်ယူဆောင်ရွက်ပါလိမ့်မယ်။ ဒီနားက မြောက်ကျောင်းမှာပဲ အလှူအတန်း အကျွေးအမွေး လုပ်မှာပါ။ အစ်ကိုအားလုံး အစီအစဉ်လုပ်ပြီးပါပြီ''





**နော်ဇာ** ။ ''အဲဒီလိုဆို ညီမတို့က ညီမအဖေအတွက် ဘာမှအလှူမလုပ်ရတော့ဘူးလား အစ်ကို''

**ကျွန်ုပ်** ။ ''လုပ်လို့ရပါတယ်။ ညီမတို့က ဝတ္ထုငွေနဲ့ အချိုပွဲ လှူပေါ့ကွာ။ ကောင်းတယ် မဟုတ်လား ဦးဂျိုးဖက်''

**ဦးချိုးဖေထ်** ။ ''ဆရာရယ် ကျွန်တော်တို့က ကာယကံရှင်တွေဖြစ်လျက်သားနဲ့ ဆရာကသာ အပင်ပန်းခံ လိုက်လုပ်နေတာ အားနာပါတယ်ဗျာ။ လိုတာရှိရင် ပြောပါဗျာ။ ကျွန်တော့်မှာ ငွေကြေးအလုံအလောက် ပါပါတယ်''

**ကျွန်ုပ်** ။ ''ကိစ္စမရှိဘူး ဦးဂျိုးဖက်။ ကျွန်တော်တို့ မိတ်ဆွေဦးလောက်စိန်အတွက် ကျွန်တော်တို့ တတ်နိုင်သမျှကူညီတာပါ။ ငွေကြေးမလိုပါဘူးခင်ဗျာ''

**ဦးချိုးဖေထ်** ။ ''ဩော် . . . ဆရာတို့လို လူတွေနဲ့မိတ်ဆွေ ဖြစ်ရတာ နောက်ကျလိုက်တာဗျာ။ အစောကြီးကတည်းက သိကြ၊ ကျွမ်းကြရမှာပါ''

**ကျွန်ုပ်** ။ ''တွေ့ကြုံဆုံကွဲ မတည်မြဲတဲ့ လောကကြီးပါ ဦးဂျိုးဖက်ရယ်။ တွေ့ရမယ့်အချိန်မှာ တွေ့ရမယ်။ ကွဲရမယ့် အချိန်မှာကွဲရမယ်ပေါ့။ တားထားလို့၊ လုပ်ယူလို့ မရပါဘူးဗျာ''

**ဦးချိုးဖေထ်** ။ ''ကိုကျော်စိန်ဝင်းတို့ မိသားစုဆိုရင်လည်း အလွန်သဘောကောင်းတယ်ဗျာ။ လိုလေသေးမရှိအောင် ပြုစုကြတာ။ ဒါကြောင့်လည်း သမီးနော်ဇာ စိတ်ဖြေနိုင်ရှာတာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



**ဇော်ဇာ** ။ ''ဟုတ်ပါတယ် အစ်ကို။ သမီးအဖေ ဆုံးသွားပေမယ့် ဒီက မိသားစုက ဝိုင်းဝန်းကူညီ ဖျောင်းဖျကြလို့ သမီးဖြေနိုင်တာပါ။ အစ်ကိုတို့ကိုလည်း အလွန်ကျေးဇူးတင်ပါတယ်''

**ကျွန်ုပ်** ။ ''ကဲ . . . ကျွန်တော် ထောင်ပြန်ရဦးမယ်။ လုပ်စရာလေးတွေ ရှိသေးလို့ပါ။ မွန်းလွဲ(၁)နာရီမှာ ဆေးရုံကို လာခဲ့ပါ။ ကျော်စိန်ဝင်း စီစဉ်ပေးပါလိမ့်မယ်''

**ဦးရှိုးဇော်** ။ ''ကောင်းပါပြီ ခင်ဗျာ''

✲✲✲✲✲✲✲✲✲✲

ကျွန်ုပ်အား ကျော်စိန်ဝင်းက အောက်ထပ်လိုက်ပို့ရာ –

**ကျော်စိန်ဝင်း** ။ ''ကိုသိန်းဝင်း ပေမူတွေက ဘာတွေလဲဗျ။ ဆေးကျမ်းလား၊ စွပ်ကျယ်အင်္ကျီကရော ဘာလဲ''

**ကျွန်ုပ်** ။ ''ဖိုးကျော် နောက်မှ ပြောပြမယ်။ လုံခြုံအောင်သိမ်းထားပါ။ အဲဒါတွေက ဦးလောက်စိန် ပေးသွားတာ။ ကဲ . . . ကိုယ် ထောင်ကိုပြန်ရဦးမယ်။ သူတို့ သားအဖအတွက် မင်းဘယ်လို စီစဉ်ထားသလဲ''





**ကျော်စိန်ဝင်း** ။ ''ဦးနေအောင်တို့လည်း လိုက်ပို့မယ်ပြောတယ်ဗျ။ သူတို့ရုံးက ဂျစ်ကားကိုပဲ သုံးရမှာပေါ့''

**ကျွန်ုပ်** ။ ''အေး . . . ငါကတော့ စက်ဘီးနဲ့တစ်လှည့် ကုန်းကြောင်းတစ်လှည့်ပေါ့ကွာ''

**ကျော်စိန်ဝင်း** ။ ''ဒီဇာတ်လမ်းမှာ ခင်ဗျားက အခရာပဲ ဒီလောက်တော့ရှိမှာပေါ့။ ခင်ဗျားပြောခဲ့ဖူးသလို ပြောရရင်တော့ ပဋ္ဌာန်းဆက်တွေပေါ့နော်၊ ဟဲ . . . ဟဲ''

**ကျွန်ုပ်** ။ ''ဟုတ်ပါ့ကွာ . . . မမျှော်လင့်ဘဲ ပြန်ဆုံကြရတာ။ မြတောင်ဘိုတဲမှာလည်း ညနေပိုင်း ငါခဏမှေးတုန်း အိပ်မက်မက်ခဲ့တာ၊ လူတစ်ဦးနဲ့တစ်ဦး စိတ်ဓာတ်ခြင်း ဆက်နွယ်နေတယ်ဆိုတာ အမှန်ပဲဟေ့''

**ကျော်စိန်ဝင်း** ။ ''ဟုတ်ပါ့ဗျာ . . . ဦးနေအောင်က ခင်ဗျားအိပ်မက်က တိုက်ဆိုင်နေတာကိုပြောပြီး အံ့သြနေတယ်။

**ကျွန်ုပ်** ။ ''ကဲ . . . ဖိုးကျော်ရေ ဆေးရုံကို (၁)နာရီ အရောက်လာပေရော့။ ငါထောင်ပြန်ပြီး ဆေးရုံကို အခေါ်ပို့ရဦးမယ်၊ အပြင်ဘုတ် အကျဉ်းသားတွေကိုလည်း အရပ်ဝတ်လဲပြီး လှည်းတွန်းခိုင်းရဦးမယ်။ ကဲ . . . ငါလစ်ပြီဟေ့''

✲✲✲✲✲✲✲✲✲✲



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စက်ဘီးဆွဲ၍ ထောင်သို့ပြန်ခဲ့သည်။ ရွှေဘုန်းရှိန်ရပ်၊ ကျော်စိန်ဝင်းတို့အိမ်နှင့် ထောင်မှာ မဝေးလှ၍ တော်ပေသေးသည်။

ထောင်ရောက်တော့ ကိုမြင့်ဆွေ၏ အစီအစဉ်အရ ထောင်လှည်းပေါ်တွင် ဦးလောက်စိန်၏ အခေါင်းကြီးအသင့် တင်ထားပြီဖြစ်သည်။ စာပင်ရေးထားသေးသည်။ ဦးလောက်စိန် အသက်(၆၂)တဲ့လေ။

ကျွန်ုပ်ရိက္ခာရုံးဝင်၍ နေ့လယ်စာ စောစောစားသည်။ ပြီးနောက် အပြင်ဘုတ် အကျဉ်းသား (၅)ဦးအား အရပ်ဝတ်လဲပေးသည်။ ဘုတ်ကိုင်ဝန်ထမ်းကိုလည်း အရပ်ဝတ်နှင့် လိုက်စေသည်။

ထောင်လွှတ် လက်မှတ်ကိုတော့ ကျွန်ုပ်သိမ်းဆည်းထားသည်။ လိုက်ပါမည့် အဖွဲ့အားလည်းထောင်နှင့် ပတ်သက်သောတစ်စွန်းတစ်စ မပြောရန်မှာကြားရသေးသည်။ ပြီးနောက် ကြိုတင်၍ ကျွန်ုပ်တို့အဖွဲ့ ကသာဆေးရုံသို့ လှည်းကြီးတွန်း၍ လမ်းလျှောက်ခဲ့ကြသည်။

လမ်းဆုံကိုကျော်၊ မီးသတ်ကိုကျော်၊ ဈေးကိုကျော်ပြီး အားကစားကွင်းကျော်မှ ဆေးရုံသို့ရောက်သည်။ ရင်ခွဲရုံရှေ့တွင် အသုဘ အခမ်းအနားကို ပြင်ဆင်ကြရသည်။

ကန့်တော့ပွဲနှင့် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပြီး ဦးလောက်စိန်ကိုလည်း အဝတ်လဲပေးရသည်။ ပိန်သောသူဖြစ်၍ အရည်မကျ၊ အနံ့မထွက်၍ တော်ပါသေးသည်။

ကျွန်ုပ်တို့ပြင်ဆင်ပြီး နေ့လယ်(၁၂)နာရီကျော်ခန့်တွင် ကျော်စိန်ဝင်းတို့အဖွဲ့ သစ်တောရုံးမှ ဂျစ်ကားလေးဖြင့် ရောက်လာကြသည်။ တော်ပါသေးသည် ကျွန်ုပ်မေ့နေသော ဘုန်းကြီးကိစ္စကို ကျော်စိန်ဝင်းက သတိရ၍ ဘုန်းကြီးပင့်လာသည်။

ဦးနေအောင်နှင့် ကိုဇော်မင်းလည်းပါသည်။ ဦးစောဂျိုးဇက်





နှင့် နော်ဇာလည်း ပါလာသည်။ နော်ဇာက အဖေ့အလောင်းအား ကြည့်၍ ငိုယိုနေစဉ် ဂျစ်ကားတစ်စီး ထပ်ရောက်လာပြန်သည်။ လက်သမား အလုပ်ရုံပိုင်ရှင်နှင့် အဖွဲ့ဖြစ်သည်။

''လာဗျို့ဆရာကြီး ကျွန်တော်တို့ အသင့်ပြင်ပြီးပါပြီ။ တရားနာကြရုံပါပဲ''

ကျွန်ုပ်က လက်သမားအလုပ်ရုံပိုင်ရှင်အား အားလုံးနှင့်မိတ်ဆက်ပေးရာ ပိုင်ရှင်က

''ကျွန်တော့်နာမည် ဦးတင်မြင့်ပါ။ ဦးလောက်စိန်တို့ လက်သမား အလုပ်ပိုင်ရှင်ပါ။ သူတို့ကတော့ ကျွန်တော့် အလုပ်သမား ဦးလောက်စိန်ရဲ့ တပည့်တွေပါ။

ဒါကတော့ ဘုန်းတော်ကြီးအတွက် သက်နုံးတစ်စုံနဲ့ အလှူငွေပါ။ ဒါကတော့ ဦးလောက်စိန် သမီးလေးအတွက် ကျွန်တော့် အလုပ်ရှင်က ပေးတဲ့အလှူငွေ(၃,၀၀၀)ကျပ်ပါ။

ရက်လည်တဲ့နေ့ကျရင်လည်း အကျွေး၊ အမွေးကိစ္စ ကျွန်တော် အားလုံးစီစဉ်ပြီးပါပြီခင်ဗျာ''

✧✧✧✧✧✧✧✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောကိစ္စ လွန်ပြီဖြစ်၍ ကျွန်ုပ်မပြောလိုသော်လည်း သစ်ကိစ္စအမှုဖြစ်စဉ် ဦးတင်မြင့်က သူ့အမှုအား ဦးလောက်စိန်အပေါ် လွှဲချခြင်းကိုတော့ ကျွန်ုပ်မကျေမနပ် ဖြစ်မိသည်။

သို့သော်လည်း ဦးလောက်စိန်ပြောပြ၍ ကျွန်ုပ်သာသိသော အမှုကိစ္စဖြစ်၍ ကာယကံရှင်မဟုတ်သော ကျွန်ုပ်အနေဖြင့် ရေငုံနှုတ်ပိတ်နေရန်သာ ရှိတော့သည်။

ကျွန်ုပ်တို့အဖွဲ့အား ဘုန်းတော်ကြီးက ငါးပါးသီလပေး၍ ဦးလောက်စိန်အား သရဏဂုံတင်ပေးသည်။ ပြီးနောက် နော်ဇာက ဦးလောက်စိန်၏ အလောင်းအား ကန်တော့၍ ငိုသည်။

ကျွန်ုပ်က အမိန့်ပြန်ရန် ဖြစ်သော်လည်း လွတ်လက်မှတ်အား အခေါင်းထဲထည့်၍ စိတ်ကသာ သွားလိုရာသွားနိုင်ကြောင်း ခွင့်ပြုလိုက်သည်။

အလောင်းအား အခေါင်းထဲထည့်၍ ရေမှ လှည်းတွန်းပြီး နောက်မှ ဂျစ်ကား(၂)စီးက တရွေ့ရွေ့ လိုက်ခဲ့ကြသည်။ သင်္ချိုင်းမှာ ပတ္တမြားရပ်ကွက်သစ်အနီးတွင် ရှိ၍တစ်မိုင်ခန့်တော့ လမ်းလျှောက်ကြရသည်။ သင်္ချိုင်းရောက်တော့ အသင့်တူးဖော်ထားသော ကျင်းအတွင်း မြှုပ်နှံ၍ သင်္ဂြိုဟ်လိုက်ကြတော့သည်။

အပြန်တွင်တော့ ဦးနေအောင် နှင့် ဦးတင်မြင့်တို့က ခေါ်သော်လည်း ကျွန်ုပ်တွင် တာဝန်ရှိသဖြင့် ထောင်အဖွဲ့နှင့် လှည်းတွန်းကာ ကုန်းကြောင်းပင် ပြန်ခဲ့ကြသည်။ နော်ဇာမှာကျွန်ုပ်အား အလွန်ကျေးဇူးတင်စကားဆိုရင်း မျက်ရည်များ, တတွေတွေကျနေရှာသည်။

နေပူထဲတွင် လမ်းလျှောက်ရင်း ကျွန်ုပ်၏ကောင်းမှုအစုစု အတွက် အမျှပေးဝေရင်း ဦးလောက်စိန် ကောင်းရာသုဂတိလားရန် ဆုတောင်းနေမိပါသည်။





ကျွန်ုပ်တို့ ထောင်ပြန်ရောက်တော့ ထောင်ပိုင်ကြီးအား သတင်းပို့ပြီး လက်သမားရုံနှင့် ဝက်များအား ကြည့်ရပြန်သည်။ လက်သမားရုံတွင် မိုးကြီးတို့အဖွဲ့က ဦးလောက်စိန်၏လက်ရာ အမွေကိုရလိုက်သဖြင့် တော်ပါသေးသည်။

အမှာစာများအတိုင်း အတော်လည်းလုပ်ပြီး ကြပြီဖြစ်သည်။ ထောင်ကြိုးပုတီးများလည်း အတော်ရနေပြီ။ ဝက်ခြံဘက်လှည့်တော့လည်း ဝက်များမှာ ကျန်းမာရေးကောင်းမွန်ပြီး တစ်လအတွင်း အတော်တက်လာပြီဖြစ်သည်။

သန့်ရှင်းရေးလည်း ကောင်းမွန်သည်။ ဆပ်ပြာချက်လုပ်ငန်းမှာလည်း ထောင်တွင်းသုံးရန် လုံလောက်နေပြီ ဖြစ်သော်လည်း အသစ်တီထွင်လုပ်ကိုင်ရန် လိုအပ်ပေသေးသည်။ သို့သော် ဦးလောက်စိန်ရက်လည်ကိစ္စ၊ ရတနာ မြေပုံကိစ္စများကြောင့် ကျွန်ုပ်မအားလပ်သေးပါ။

ကျွန်ုပ်ရိက္ခာရုံးတွင် ထိုင်၍ရုံးလုပ်ငန်းများကို လုပ်ရသေးသည်။ ရိက္ခာဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ ငပိတို့မှာ (၂)လစာခန့်ရှိသေး၍ စိတ်အေးရသေးသည်။

ထောင်ဖွင့်၊ ထောင်ပိတ်၊ တာဝန်မှူး မဝင်နိုင်သည်မှာလည်း ကြာပြီ။ ထောင်မှူးကိုမြင့်ဆွေက ကျွန်ုပ်အစား လုပ်ကိုင်ပေးနေ၍သာ တော်တော့သည်။

ညနေတော့ ထောင်ပိတ်ဝင်ရန် စိတ်ကူးမိသော်လည်း (၅)နာရီခန့်တွင် ကျော်စိန်ဝင်း ရောက်လာပြန်သည်။

"ကိုသိန်းဝင်း ခဏစကားပြောကြာရအောင်ဗျာ။ ခင်ဗျားအားပြီလား"

ထျှန်ဝ် ။ "အေးလေ . . . မင်းရောက်လာမှတော့ အားရတော့မှာပေါ့။ ဒါနဲ့ ဦးစောဂျိုးဖက်နဲ့ နော်ဇာတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကြပြီလား''

**ဇော်စိန်ဝင်း** ။ ''မပြန်ကြသေးပါဘူး။ ရက်လည်ပြီးမှ ပြန်ကြလိမ့်မယ်။ ကျွန်တော့်အိမ်မှာပဲ တည်းနေကြပါတယ်။ ခင်ဗျားနဲ့ ဟိုကိစ္စဆွေးနွေးချင်လို့''

**ထွန်းဝ** ။ ''ကဲ . . . သူငယ်ချင်းရေ။ အနောက်ဘူးပေါ် လိုက်ခဲ့ကွာ။ ကိုယ်ရေမိုးချိုး၊ အဝတ်အစားလဲပြီး ပြောကြတာပေါ့''

ကျွန်ုပ် ကိုမြင့်ဆွေအား အကျိုးအကြောင်းပြောပြီး အနောက်ဘူးဘက်သို့ ထွက်ခဲ့ကြသည်။ လမ်းတွင် –

**ထွန်းဝ** ။ ''ဖိုးကျော်ရေ မင်းကိုပေးခဲ့တဲ့ စွပ်ကျယ် အင်္ကျီနဲ့ ပေစာထုပ်က ရတာမြေပုံဟ။ ငါတို့ အဖွဲ့တွေ ဘူးပေါင်းပြီး ရှာကြတာပေါ့။ ဦးလောက်စိန်မသေမီက ငါ့ကိုအပ်ခဲ့တာပါ။ ရရင်တော့ ဦးလောက်စိန် မှာခဲ့တဲ့အတိုင်း ငါကခွဲဝေပေးရမှာပါ။ လူများများတော့ မသုံးချင်ဘူးကွာ။ ငါရယ်၊ မင်းရယ်၊ ဦးနေအောင်ရယ်၊ ကိုဇော်မင်းတို့လောက်ပဲ သုံးချင်တယ်''

**ဇော်စိန်ဝင်း** ။ ''ရပါတယ်ဗျာ၊ ကျွန်တော်လည်း ထင်ပါတယ်။ ပေစာထုပ်ကိုတော့ မကြည့်ရသေးပါဘူး။ စွပ်ကျယ်အင်္ကျီပေါ်က မြေပုံကိုတော့ ကျွန်တော်ကြည့်ပြီးပါပြီ။ သူက အတော်လျှို့ဝှက် ရေးထားတာပဲ။ မြေပုံတွေ့ရုံနဲ့တော့ ဘာမှန်းသိမှာ မဟုတ်ပါဘူး။ စာလည်း ရေးမထားဘူး။ အမှတ်အသားတွေသာပါတာ''

**ထွန်းဝ** ။ ''ငါ့ကို လမ်းညွှန်ပြီး အကုန်ပြောသွားပါတယ်။





မြေပုံကြည့်ရင် ငါသိပါပြီ။ အသေးစိတ်ကတော့ ပေစာထုပ်ကို ဖတ်ရမှာ''

**ဇော်စိန်ဝင်း** ။ ''အဲ့ဒါကတော့ ရှေးလူကြီးတွေရဲ့ အကျင့်ပဲဗျ။ အဖိုးတန်ရတနာတွေကို လွယ်လွယ်ကူကူ ပေးရိုးထုံးစံမရှိဘူး။ လျှို့လျှို့ဝှက်ဝှက် လုပ်တတ်တယ်''

**ထွန်းဝ** ။ ''ကဲ . . . ဖိုးကျော်ရေ။ ခဏစောင့်ကွာ၊ ငါရေချိုး၊ အဝတ်အစား လဲလိုက်ဦးမယ်။ ပြီးတော့ ဦးနေအောင်တို့နဲ့ သွားတွေ့ပြီး တိုင်ပင်ကြတာပေါ့''

**ဇော်စိန်ဝင်း** ။ ''အေးအေးဆေးဆေး လုပ်ပါဗျာ။ ကျွန်တော်စောင့်နေပါ့မယ်။ အချိန်စောပါသေးတယ်။ နော်ဇာတို့က အားနာလို့ ပြန်မယ်လုပ်တာဗျာ။

ကျွန်တော့်အစ်မတွေက တားထားတာ။ ဟဲ . . . ဟဲ ကျွန်တော်တို့ချင်း နီးစပ်နေပြီဗျ။ အစ်မတွေကလည်း နော်ဇာကို သဘောကျနေကြတယ်''

**ထွန်းဝ** ။ ''ဝမ်းသာပါတယ် ကျော်စိန်ဝင်းရာ။ မင်္ဂလာသတင်းပါပဲ။ ရတနာတွေရတော့လည်း မင်းနဲ့ နော်ဇာ ပေါင်းရင် (၂)စုရတာပေါ့''

**ဇော်စိန်ဝင်း** ။ ''ကျွန်တော်က ပစ္စည်းမက်လို့ မဟုတ်ပါဘူးဗျာ။ နော်ဇာလေးကို သနားချစ်ချစ်တာပါ။ ကျွန်တော်တို့မှာ ပြည့်စုံပါတယ်။ ကျွန်တော်က ခင်ဗျားကို အားနာနေတာ''

**ထွန်းဝ** ။ ''ဟ . . . ကောင်၊ ဘာအားနာတာလဲဟ။ သူငယ်ချင်းတွေပဲဟာ''

**ဇော်စိန်ဝင်း** ။ ''ခင်ဗျားက အပင်ပန်းခံပြီး၊ အကျိုးအမြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စားသလိုဖြစ်နေလို့ပါ။ နော်ဇာ့ကိစ္စ၊ ရတနာ မြေပုံကိစ္စလေ''

**ကျွန်စ်** ။ ''ဟော့ကောင်ရဲ့ ငါ့မှာရည်းစားရှိပြီးသား။ အင်းစိန်ထောင်က အမျိုးသမီးထောင်မှူးပဲ။ ဒေါ်ခင်မြကြွယ်တဲ့။ နော်ဇာ့ကို ငါက မိဘမဲ့ပို့ ညီမလေးအရင်း တစ်ယောက်လို သံယောဇဉ်ထားတာပါ။

ရတနာမြေပုံကိစ္စကလည်း ဦးလောက်စိန်က ငါ့ကိုယုံကြည်လို့ လွှဲခဲ့ပေမယ့် တစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စမှ မဟုတ်ဘဲ။ နောက်ပြီး ငါက အပေါင်းအသင်းတွေ ဝေမျှခံစားချင်တာပါ''

**ကျော်စိန်ဝင်း** ။ ''အေးဗျာ . . . ခင်ဗျားစိတ်ဓာတ်ကို လေးစားပါတယ်။ ခင်ဗျားရောက်လာမှပဲ ကျွန်တော်တို့အဖွဲ့ ပိုစည်းလုံးသွားတာပါ။ တစ်သက်လုံး လက်တွဲလို့ ရပြီပေါ့ဗျာ''

ကျွန်ုပ်ရေချိုး၊ အဝတ်အစားလဲပြီး စက်ဘီးကိုယ်စီနှင့် ဦးနေအောင်တို့ သစ်တောရုံးဘိုတဲသို့ ထွက်ခဲ့ကြသည်။

✤✤✤✤✤✤✤✤✤✤

## အခန်း (၇)

ကျွန်ုပ်တို့နှစ်ဦး ထောင်မှ ရွှေဘုန်းရှိန်ရပ်၊ ကျော်စိန်ဝင်းတို့ အိမ်သို့ ခေတ္တဝင်ကြသည်။ ကျွန်ုပ်ကျော်စိန်ဝင်းမိသားစုနှင့် နော်ဇာတို့ တူဝရီးအား နှုတ်ဆက်နေစဉ် ကျော်စိန်ဝင်းက မြေပုံနှင့် ပေစာထုပ်အား ယူသည်။

ပြီးနောက် ကျွန်ုပ်တို့ မြို့လယ်လမ်းအတိုင်း မြောက်ဘက်သို့ စက်ဘီးကိုယ်စီ နင်းခဲ့ကြသည်။ မီးသတ်လမ်းဆုံကိုကျော်တော့ မြို့လယ်ဈေးရောက်သည်။

ထိုမှ အနောက်ဘက်သို့ချိုး၍ ဘူတာလမ်းအတိုင်း နင်းခဲ့ကြရာ သစ်တောရုံးအနောက်ဘက် ဦးနေအောင်၏ ဘိုတဲသို့ရောက်သည်။

**ဦးနေအောင်** ။ ''ကိုသိန်းဝင်းတို့ လာကြဗျို့။ အတော်အလုပ်များသွားကြတယ် ထင်ပါရဲ့။ ဒီနေ့တော့ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



လာကြမယ်ထင်လို့ မျှော်နေတာ။ ကိုဖော်မင်းက ညနေစာ အဆင်သင့် လုပ်နေတယ်''

**ကျွန်ုပ်** ။ ''ကောင်းပါရဲ့ဗျာ။ ကျွန်တော်လည်း ဒီနေ့အတော် ပင်ပန်းလို့ အပန်းဖြေချင်နေတာ။ နောက်ပြီး ဦးနေအောင်တို့ ကိုဖော်မင်းတို့နဲ့လည်း တိုင်ပင်စရာ ရှိနေတယ်''

**ဦးနေအောင်** ။ ''လာ . . . ထိုင်ကြဗျာ။ ဘာကိစ္စများတုန်း ဦးသိန်းဝင်းရဲ့''

ကျွန်ုပ်က ဦးလောက်စိန် မှာသွားသော စကားနှင့်ရတနာ မြေပုံကိစ္စအား ရှင်းပြရာ ဦးနေအောင်တို့ အလွန်စိတ်ဝင်စားကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရတနာမြေပုံနှင့် ပေစာထုပ်အား ထုတ်ကြည့်ကြသည်။

**ဦးနေအောင်** ။ ''ကိုသိန်းဝင်းရေ ခင်ဗျားဟာ ''တုံငယ်ဝရတနာ သိုက်''ပေါ့ဗျာနော်''

စွပ်ကျယ်အင်္ကျီပေါ်မှ မြေပုံတွင်စာမပါ အမှတ်အသားနှင့် မြေပုံသာပါသည်။ ဦးနေအောင်တို့ နားမလည်ကြ။ ကျွန်ုပ်သာ ဦးလောက်စိန် အမှာစကားကြောင့် နားလည်သည်။

တုံငယ်မြို့ဟောင်းမှာ ယခင်က တကောင်းမြို့နှင့် ဆက် နေသော်လည်း ဧရာဝတီမြစ်ကြောင်း ပြောင်းလဲ၍ တုံငယ်မြို့ဟောင်း နှင့် တကောင်းမြို့မှာ အနောက်၊ အရှေ့နှစ်ပိုင်း ကွဲသွားဟန်တူသည်။

ပေစာထုပ်အား အဝတ်အိတ်ကလေးထဲမှ ထုတ်ကြည့်ကြရာ





ပေစာများမှာ မဆွေးမြေ့ဘဲ အတော်လတ်နေသေးသဖြင့် ရှေးဟောင်း ပေစာ မဟုတ်မူဘဲ ဦးလောက်စိန်၏ အဘိုးဖြစ်သူမှ ပြန်လည်ရေးသား ထားဟန်တူသည်။

## "တုံငယ်ဝရတနာသိုက်"

ကျွန်ုပ် လောက်စိန်သည် တရုတ်မျိုးနွယ်စုဝင် ဖြစ်သော်လည်း တကောင်းသားစစ်စစ် ဖြစ်သည်။ ကျွန်ုပ်အား ပထမကမ္ဘာစစ်ကာလ (၁၉၂၄)ခုနှစ် တွင် တကောင်းမြို့၌ မွေးသည်။

မိခင်၊ ဖခင်တို့မှာ တံငါသည်များ ဖြစ်ကြသော်လည်း ကျွန်ုပ်က တောနှင့်နီး၍ မုဆိုးအလုပ်ကို ဝါသနာထုံသည်။ ထို့ကြောင့် မြတောင်တော နှင့်ယင်းခံတောများမှာ ကျွန်ုပ်၏ကျက်စားရာ နေရာများ ဖြစ်သည်။

တစ်နေ့ ကျွန်ုပ်အိပ်နေစဉ် အိပ်မက်မက်သည်။ ဧရာဝတီမြစ် အတွင်းဝင်သည့် ချောင်းလက်တက်တစ်ခုအတွင်း အမြစ်ကျွတ်၍ လဲကျနေ သော ပျဉ်းမပင်ကြီး၏ပင်ခြေတွင် ရတနာအိုးတစ်လုံးရှိသည်ဟု ဝတ်ဖြူ စင်ကြယ်ဝတ် အဘိုးအိုတစ်ဦးက ကျွန်ုပ်အား လမ်းညွှန်ပြသည်။

ထိုချောင်းလက်တက်ကို ကျွန်ုပ်သိသည်။ ယင်းခံတောနှင့် မြတောင် တောအစပ်က ချောင်းဖြစ်သည်။ နေရာကိုလည်း ကျွန်ုပ်မှတ်မိသည်။ ထိုပျဉ်းမ ပင်ကြီးမှာ ကျွန်ုပ် အမဲလည်စဉ် နားခိုနေကျ၊ တောဦးတားများများအား ပုန်းအောင် နေကျ အဓိကာရ အပင်ကြီးဖြစ်သည်။

လွန်ခဲ့သော အပတ်ကပင် ကျွန်ုပ်အမဲလည်ပြီး နားခိုခဲ့ဖူးသေးသည်။ ချောင်းကမ်းပါးဖြစ်၍ ရေတိုက်စားပြီး ပျဉ်းမပင်ကြီး လဲသွားဟန်တူသည်။

နောက်တစ်နေ့ မနက်စောစော ကျွန်ုပ်အိပ်ယာက[illegible] စမြိုင်



www.burmeseclassic.com

www.burmeseclassic.com



စာထုပ်ကို ပြင်ဆင်ကာ လက်နက်လေးများကိုင်ဆောင်၍ တောဝင်ခဲ့သည်။ တကောင်းမြို့နှင့် ယင်းခဲတောမှာ အတော်လှမ်းသည်။

သို့သော် ကျွန်ုပ် ဗိုလ်ယကောင်းသဖြင့် နေမွန်းလွဲခန့်တွင် ကမ်းပါးပေါ်သို့ လဲကျနေသော ပျဉ်းမပင်ကြီးအနီးသို့ ရောက်သည်။ ကျွန်ုပ်၏ ထုံးစံအတိုင်း ပျဉ်းမပင်မှ ရုက္ခစိုးကြီးအား စားဦးစားဖူးများဖြင့် ပူဇော်ပြီး ကျွန်ုပ် နေ့လယ်စာစားသည်။

ထမင်းစားပြီးမှ ချောင်းထဲဆင်း၍ ပျဉ်းမပင်အမြစ်များအကြား ရှာဖွေရာ မဲနက်ပြောင်လက်နေသော မြေအိုးကြီးတစ်လုံးအား တွေ့ရသည်။ ရွှံ့မြေများ ပေကျံနေသဖြင့် ကျွန်ုပ်ချောင်းရေဖြင့် ဆေးကြောသန့်စင်ရာ အိုးဝတွင် ရွှံ့နှံ့များ ကျန်စင်သွားသော်လည်း ပျားဖယောင်းဖြင့် အထပ်ထပ် ပိတ်ထားကြောင်း တွေ့ရသဖြင့် ကမ်းပေါ်သို့တင်ခဲ့ပြီး ဖယောင်းအစို့ကြီးအား ဓားဦးနှင့်ဖွဲ့ထုတ်ရသည်။

နှစ်ကာလကြာမြင့်ပြီး မြေမြှုပ်ထားခြင်းကြောင့် ဖယောင်းခဲကြီးမှာ ဖန်သားပြင်ကဲ့သို့ မာတောင့်နေသည်။ ဓားနှောင့်ဖြင့် တဖြည်းဖြည်းရိုက်ခွဲမှ ဖယောင်းကြီးမှာ ပဲ့ကြွေပြီး အထဲတွင် ရှေးဟောင်းပေစာတစ်ထုပ်နှင့် ရွှေငွေရတနာများအား တွေ့ရတော့သည်။

ရတနာများမှာ တစ်ပြည်သားကျော်ခန့်ရှိသည်။ လွန်စွာအရည်ကောင်းသော ကျောက်များမြှုပ်နှံထားသည့် ရှေးဟောင်းရွှေထည်၊ လက်ဝတ်လက်စားများဖြစ်သည်။

ကျွန်ုပ်အလွန်အံ့သြပြီး ဝမ်းသာမိသည်။ လဲနေသော လှူလေးပါး ဘက်မှရှိ ပျဉ်းမပင်မှ ရုက္ခစိုးအဘိုးအားလည်း ကျေးဇူးတင်ကြောင်း ပြောဆိုပြီး လက်အုပ်ချီမိုး ရှိခိုးတော့မိသည်။

ကျွန်ုပ် ပေစာထုပ်အား ဖွင့်ဖတ်ကြည့်ရာ အမှိုခတ်ကြောင့် အတော်ဆွေးမြေ့နေပြီ ဖြစ်သည်။ အကြောင်းအရာအား အကျဉ်းချုံး၍ တင်ပြရသော်





အောက်ပါအတိုင်းဖြစ်သည်။

"ကျွန်ုပ် အရှေ့ပြင် သူဌေးရတာဒီပ်လောက်ဖျားသည် နောင်လာနောက်သားတို့ ချမ်းသာချင်းအလို့ငှာ အဖိုးတန် ကျောက်မျက်ရတနာများနှင့် တကောင်းမြို့ရာဇဝင် အား ဖေးထိုးထားခဲ့သည်။

ကျွန်ုပ်သည် အရှေ့ပြင်သူဌေးဖြစ်၍ တကောင်းမြို့ ရွှေစည်းခုံ ဘုရားကြီးကို နှစ်စဉ်နှစ်တိုင်း ပြင်ဆင်၍ အလှူဒါနပြုခဲ့၏။ ဘုရားစေတီ မြောက်မြားစွာကိုလည်း တည်ဆောက်လှူဒါန်းခဲ့၏။

ကျွန်ုပ်အသက်ကြီးလာသော် ခြွေရံသင်းပင်းကလွဲ၍ မိသားစု အရင်းအခြာများ မရှိတော့။ ကွယ်လွန်ကြလေပြီ။ ဥစ္စာပစ္စည်း၊ ရွှေငွေရတနာ ဟူသမျှ ထိုက်မှစားရကြောင်း ကျွန်ုပ်သဘောပေါက်တော့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်နှင့် ပဋ္ဌာန်းဆက်ရှိသော ဆွေတော်မျိုးတော်များ ထိုက်သူခံစားနိုင်ရန် အလို့ငှာ ရွှေငွေပစ္စည်းများနှင့် တကောင်းရာဇဝင် ပေစာထုပ်အား ထားရစ်ခဲ့သည်။

ဝေမျှခံစားကြပြီး လက်လှမ်းမီသမျှ ကောင်းမှုကုသိုလ် ပြုကြရန်ဖြစ်သည်။ လှူပါ၊ စားပါ၊ ဝေငှပေးကမ်း စွန့်ကြပါ။ မျက်မှောက်သံသရာနှစ်ဖြာ ကောင်းကျိုးကို ဆောင်ရွက်ကြပါကုန်"

မြန်မာအစ တကောင်းကဟု အဆိုရှိ၏။ "အော့အံ့ချောင်း တကောင်းတည်း၊ တကောင်းအစ တံငယ်ဝ" ဟုလည်း ဆိုသဖြင့် တံငယ်ဝမှာ တကောင်းမပေါ်မီကပင် ရှိခဲ့သည်ဟု ယူဆရမည်။

တံငယ်ဝမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း မဲကချောင်းဝ အနီးတွင်ရှိသည်။ အမြင့်ပေ (၁၀၀)ခန့်ရှိ တောင်ပူစာတစ်ခုပေါ်တွင် တည်ရှိထားသည်။

တောင်ဘက်နှင့် အနောက်ဘက်တွင် မင်းဝံတောင်တန်းကြီးနှင့် တော



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိသည်။ တုံငယ်ပိမြို့ဟောင်းအား ကျောက်မြို့ရိုးနှစ်ထပ် ကာရံထားသည်။

တကောင်းမှာ ရှမ်းဘာသာစကား ဖြစ်သည်။ တ = ကူးတို့ဆိပ်၊ ကောင်း = အစုအပုံဖြစ်၍ တကောင်းမှာ ကုန်ပစ္စည်းများစုပုံရာ ကူးတို့ဆိပ်ဟု အဓိပ္ပါယ်ရသည်။ "မြန်မာအစ၊ တကောင်းက၊ မြောက်ကြစဉ်အလော၊ သာကီနွယ်ဝင်၊ ဝင်ရောက်ခဲ့ပြီး မင်းအဘိရာဇာ" ဟူသည့် စကားပုံရှိရာ သက္ကသာကီမင်းမျိုး ဖြစ်သည့် အဘိရာဇာဘုရင်သည် တကောင်းတွင် အခြေစိုက်ခဲ့ကြောင်း သိသာနိုင်သည်။

တကောင်းပြည်ကို "သင်းတွဲပြည်" ဟုလည်း ခေါ်ကြ၏။ တကောင်းမြို့သည် အနော်ရထာမင်းတည်ခဲ့သော ကင်းမြို့(၄၃)မြို့တွင် အပါအဝင်ဖြစ်သည်။ ကောင်းစပ်၊ ကောင်းတုံ၊ ရေနီ၊ ရေငံ၊ ရွှေကူ၊ ယင်းခံ၊ မိုးတား၊ ကသာ၊ ထီးချိုင့် မြို့တော်တို့ဖြစ်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း (၉၀၀)ကျော်က အနော်ရထာမင်း တည်ခဲ့သော ကင်းမြို့များဖြစ်ကြသည့် ကြာညှပ်၊ ဟံသာဝတီ၊ စပွာယ် နဂါးမြို့များလည်း ရှိသေးသည်။

ထိုတကောင်းနယ်မြေတွင် ပေါ်ထွန်းခဲ့သော နဂါးနိုင်မင်း မောင်ပေါက်ကျိုင်း၏ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်ပါဟူသော စကားပုံမှာလည်း ထင်ရှား၏။

ပန်းပဲဆရာကြီး မောင်တင့်တယ် (အိမ်တွင်းဖခင်ကြီး)မှာလည်း တကောင်းသားပင် ဖြစ်သည်။ တကောင်းမှာ ရှေးယခင်က ဆိပ်ကမ်းကောင်းကြီးတစ်ခု ဖြစ်သည်။

ရာဇဝင်တွင် ထင်ရှားသည့် ဘုရင်များ ထီးနန်းစိုက်ရာ မြို့လည်းဖြစ်ခဲ့သည်။ အေဒီ (၁၁၉၆)ခုနှစ်တွင် ရေထိုးထားခဲ့သည်။ ပုဂံဓမ္မရာဇိက ဘုရားကျောက်စာတွင် "အရှေ့သို့ဝင်လာသော နိုင်ငံကား၊ တောင်ကာ (ထား)(ဝ)ယ်၊ သပိ(တ)တိ (တနင်းသရေ၊ (တကွာ)ရွာ၊ သလင်ကြော၊ မန္တကရီ (ထွရဝတီ)





အနောက်မန္တကရီ၊ ပတ္တိကရာ၊ (တ)ကောင်း၊ ဧသောင်းရှံ" ဟု ပါရှိသည်။

သက္ကရာဇ် (၁၀၇၆–၁၀၉၅)တွင် နန်းတက်သည့် တနင်္ဂနွေမင်း နန်းတက်သည့် လက်ထက်၊ ဦးကုလား မဟာရာဇဝင်တော်ကြီးတွင် သာသနာတော် သက္ကရာဇ် (၂၀)ရောက်သောအခါ မြန်မာတို့တိုင်းဖြစ်သော တကောင်းပြည်ကြီးကို အစိုးရသော တကောင်းမင်းကြီးသည် နတ်ရွာစံ၍ သားတော်အိမ်ရှေ့မင်း သတိုးမင်းကြီး နန်းတက်သည်ဟု ဖော်ပြထားသည်။ တဖန် မြန်မာ့ရာဇဝင်သစ်၌လည်း သတိုးမင်းများကား တကောင်းမင်းမျိုးဖြစ်သည်ဟု တွေ့ရသည်။

ထို့အတူ ဆင်ဖြူရှင်မင်းလက်ထက် (၁၁၂၅–၃၈)တွင် မင်းရာဇာကျော်ခွ ဦးဖျော်ရေးသားသည့် ပလိပ်စားဧချင်းတွင် "မဇ္ဈိမတိုက်မှ၊ ထွက်စိုက်ရာဟောင်း၊ လေးကြိမ်လောင်းသား၊ တကောင်းဟောင်းထား၊ နရများက၊ ဆက်ပွားစီလျော်၊ နန်းစဉ်စိုးနေ၊ သတိုးရွှေဟု မြဲတေထွန်းဝင်း၊ ထိုသည်မင်းလျှင်" ဟု၍ရှိခြင်း –

ရာဇသတေးကဗျာတွင် "မင်းအဘိရာဇာငယ် မဇ္ဈိမာဒေသ၊ ဝန်းကိုးရာ မဏ္ဍလမှသက်သမည်သာ၊ သင်းတွဲတကောင်းပြည်သို့ ပြောင်းခဲ့၍ မြို့ပြစ်တည်လာ" ဟုပါရှိပြီး တကောင်းမင်းဆက်မှ ဓညဝတီကိုစုန်၍ ပြန့်နှံ့ရာ ကုန်းဘောင်မင်းဆက်သို့ပင် တိုင်လေသည်ဟုသိရသဖြင့် မြန်မာဘုရင်မင်းဆက်အားလုံးသည် တကောင်းမင်းမျိုးနွယ်များဖြစ်သည်ဟု ယူဆနိုင်ပေသည်။

နောက်ဆုံးမှာကြားလိုသည်မှာ တကောင်းကို မမေ့နှင့်၊ မြန်မာကို မမေ့နှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို မမေ့နှင့်။ မြန်မာ့ဖြစ် ပေါ်လာရန် အတွက် တကောင်းသည် အစကနဦး ကျေးဇူးရှင်ဖြစ်သည်။ သင်တကောင်းအတွက် လှူဒါန်းပေးသော ရတနာပစ္စည်းများနှင့် တတ်နိုင်သမျှ ကျေးဇူးပြုပါ။

ရတနာ့ဒီပံ့လောက်ဖျား
"တကောင်းသား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖော်ပြထားသဖြင့် ကျွန်ုပ်သည်ရရှိသော ရတနာပစ္စည်းများထဲမှ (၁၀)ပုံ၊ (၁)ပုံကိုသာ ယူ၍သုံးစွဲသည်။ လှူဒါန်းသည်။ ကျန်(၁၀)ပုံ (၉)ပုံအား နောင်လာ၊ နောက်သား ကျွန်ုပ်၏သားမြေးများ သုံးစွဲရန်နှင့် လှူဒါန်းနိုင်ရန်အတွက် ချန်ထားရစ်ခဲ့သည်။

နောက်ဆုံး ပေစာရွက်ပေါ်၌လည်း ကျွန်ုပ် ပြောင်းရွှေ့မြှုပ်နှံခဲ့သည့် "တုံငယ်ဝ ရတနာသိုက်" မြေပုံညွှန်းအားလည်း ရေထိုးထားခဲ့သည်။

ဦးလောက်စိန်
"တကောင်းသား"

✲✲✲✲✲✲✲✲✲

**ထွန်းဝိ** ။ "တရုတ်မျိုးနွယ်တွေ ဖြစ်ပေမယ့် မြန်မာနဲ့ တကောင်းကို အတော်ချစ်တဲ့ ပုဂ္ဂိုလ်တွေပဲဗျို့။ ဘာသာသာသနာကိုလည်း လေးစားတယ်။ စာပေကျမ်းဂန်လည်း နှံ့စပ်တယ်။ အတော်လေးစားထိုက်တဲ့ သူတွေပဲဗျို့"

**ဦးမနဓောာ်** ။ "ကိုသိန်းဝင်းနဲ့တော့ ပဋ္ဌာန်းဆက်အမျိုးတွေ ထင်ပါရဲ့ဗျာ။ ဒါနဲ့ ဦးလောက်စိန်ဆွဲခဲ့တဲ့ မြေပုံက စာတွေ မပါတော့ အတော်ရှာရခက်မယ် ထင်ပါရဲ့"

**ထိုဇော်ဓင်း** ။ "လျှို့ဝှက်ချက်ကို ကိုသိန်းဝင်း သိမယ်ထင်ပါရဲ့။ ဦးလောက်စိန်နဲ့ နောက်ဆုံးစကားပြောဖြစ်ခဲ့တာ။





ကိုသိန်းဝင်းပဲလေ။ နောက်ပြီး ဦးလောက်စိန်က ကိုသိန်းဝင်းကို အလွန်အားကိုးတာ"

**ထွန်းဝိ** ။ "မှန်ပါတယ် . . . ကိုဇော်မင်းပြောတာ မှန်ပါတယ်။ မြေပုံဆိုတာ လျှို့ဝှက်ချက်တော့ ရှိစမြဲပဲ။ ဦးလောက်စိန်မဆုံးမီ ကျွန်တော့်ကို အသေးစိတ် ပြောပြခဲ့ပါတယ်။

ကျွန်တော်နေရာ အတိအကျကို ရှာနိုင်မှာပါ။ ရရင်လည်း ခွဲဝေယူပြီး တကောင်းမြို့က ရွှေစည်းခုံဘုရားကြီးမှာလည်း အလှူဒါနပြုလုပ်ဖို့ ရတနာဒီပလောက်ဖျားနဲ့ ဦးလောက်စိန်တို့က ဆန္ဒရှိပုံရပါတယ်။

သူတို့ဆန္ဒအတွက်လည်း လုပ်ပေးပြီး အမျှအတမ်း ဝေကြတာပေါ့ဗျာ။ ဒါမှလည်း တကောင်းကို ကျေးဇူးဆပ်ရာ ရောက်ပေမပေါ့"

**ဇေကျာ်စိန်ဝင်း** ။ "ကိုသိန်းဝင်း ပြောတာမှန်တယ်ဗျို့။ မြန်မာအစ တကောင်းကလို့ဆိုတယ် မဟုတ်လား။ ကျွန်တော်တို့လည်း မြန်မာတွေဖြစ်လို့ တကောင်းကို ကျေးဇူးဆပ်ရမှာပေါ့။ ဒီကိစ္စကတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့ဗျာ"

**ထွန်းဝိ** ။ "ကဲ . . . အားလုံးပေါ့ဗျာ၊ ဒီကိစ္စက တစ်ယောက်တည်း လုပ်လို့ရတဲ့ကိစ္စမဟုတ်တော့ စုပေါင်းလုပ်ရမယ်။ သစ္စာရှိရမယ်။ ပြီးရင်တော့ ဦးလောက်စိန်မှာခဲ့တဲ့အတိုင်း ကျွန်တော်တို့ လေးယောက်ကတစ်ပုံစီ ဦးလောက်စိန်နဲ့ သမီးနော်ဇာအတွက် တစ်ပုံစီ အားလုံး(၆)ပုံရမယ်။

ဦးလောက်စိန်ရမယ့် ဝေစုကိုတော့ တကောင်းမြို့က ရွှေစည်းခုံဘုရားမှာလှူပြီး ကွယ်လွန်သူတွေကို အမျှအတမ်းဝေရမယ်"

**ဦးမနဓောာ်** ။ "ကိုသိန်းဝင်း အစီအစဉ် အလွန်ကောင်းပါတယ်။ ကျွန်တော်တို့က ရတနာပစ္စည်းတွေ ရသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေ၊ မရသည်ဖြစ်စေ လုပ်ပေးရမယ့် တာဝန်ရှိပါတယ်။

ရက်တော့ ရွေးကြတာပေါ့။ ကျွန်တော်တို့ မော်တော်ဘုတ်နဲ့လက်နက်ရိက္ခာ တာဝန်ယူတယ်။ ကျော်စိန်ဝင်းက ပေါက်ချွန်း၊ ပေါက်ပြား၊ ပုဆိန်၊ ဓား၊ ဂေါ်ပြားတွေ စုဆောင်းယူလာခဲ့။

အဲ . . . အိုးခွက်ပန်းကန်လည်း ယူလာခဲ့။ ကျွန်တော်က လိုရမယ်ရ ရွက်ထည် တဲတစ်လုံးပါ ယူခဲ့မယ်။ ဓာတ်မီးတွေ ဆေးဝါးတွေပါ ယူခဲ့မယ်''

ကျော်စိန်ဝင်း ။ ''နော်ဇာကိုပါ ခေါ်ခဲ့ဦးမလား''

ထွန်းနိုင် ။ ''အမျိုးသမီးပါရင် နောက်ဆံတင်းနေလိမ့်မယ်။ သူတို့ကိုလည်း အသိမပေးရသေးဘူး။ ဒါပေမယ့် အများသဘောတူရင် ခေါ်ပါ''

ထိုဇော်ဝင်း ။ ''သူ့အဖေ၊ သူ့အဘေးတွေ ပစ္စည်းဆိုတော့ သံသယ ရှင်းရအောင်ခေါ်ရင် ကောင်းမယ်ထင်တယ်။ နောက်တန်းတဲ စောင့်လဲရမယ်။ ဟင်းချက်ရာမှာလည်း အကူအညီရတာပေါ့''

ကျော်စိန်ဝင်း ။ ''ကောင်းပါတယ်၊ ကျွန်တော်လည်း အချက်အပြုတ် သက်သာပြီး အဖော်ရတာပေါ့''

ထွန်းနိုင် ။ ''ကျော်စိန်ဝင်း မင်းအကြောင်းငါသိတယ်နော်။ မင်းက(၂)ခုရမဲ့ကောင်''

ဦးနေအောင် ။ ''ကိုသိန်းဝင်း ကျော်စိန်ဝင်းက ဘာကြောင့် (၂)ခု ရမှာလဲဗျ။ လင်းစမ်းပါဦး''

ထွန်းနိုင် ။ ''ကျော်စိန်ဝင်းတစ်ခု နော်ဇာတစ်ခု နှစ်ခုပေါ့ဗျာ''

ဦးနေအောင် ။ ''ဩော် . . . အဲ့ဒီလိုလား။ ဒီကောင် အတော်လျှို့တဲ့ကောင်ပဲ''





ထိုဇော်ဝင်း ။ ''ကျွန်တော်လည်း သိပါတယ်ဗျာ။ ဆရာ ဦးနေအောင်ကို လူကြီးမို့ မပြောသေးတာပါ''

ဦးနေအောင် ။ ''ဒါဆို နော်ဇာ့ကိုလည်း ခေါ်ရမှာပေါ့''

ထွန်းနိုင် ။ ''ခေါ်တာတော့ ဟုတ်ပါပြီ။ သူ့ဘကြီး ဦးဂျိုးဇက်ကို ဘယ်လိုအသိပေးမလဲ''

ကျော်စိန်ဝင်း ။ ''လွယ်ပါတယ်ဗျာ။ သူတို့မပြန်ခင် နှစ်ဖက်မိဘတွေကို အသိပေးပြီး စေ့စပ်ကြောင်းလမ်းလုပ်ပြီး၊ ခေါ်ထားလိုက်တာပေါ့''

ထွန်းနိုင် ။ ''ဟေ့ကောင် . . . ဖိုးကျော်၊ လွယ်လွယ်မပြောနဲ့ နော်ဇာ့အဖေ ဦးလောက်စိန်က ရက်တောင်မလည်သေးဘူး။ မင်္ဂလာကိစ္စလုပ်လို့ ဘယ်ကောင်းမှာလည်း၊ အချိန်ယူရဦးမှာပေါ့။

နောက်ပြီး ဦးနေအောင်တို့ မင်္ဂလာကိစ္စကိုလည်း ဦးစားပေးရဦးမယ် မဟုတ်လား။ အဲ့ဒီတော့ ငါပြောမယ်၊ မင်းမိသားစုကို အသိပေး၊ နော်ဇာ့ကို တိုးတိုးတိတ်တိတ်စည်းရုံး၊ နော်ဇာ့ကို စိတ်ပြေလက်ပျောက် မင်းအစ်မတွေက ခေါ်ထားတဲ့ပုံစံလုပ်။

ဦးဂျိုးဇက်ကိုတော့ နန်းကျင်ရွာ ပြန်ပို့လိုက်။ သူကလည်း သူ့ဝက်တွေ စိတ်မချလို့ ပြန်ချင်နေတာ။ ကိစ္စတွေပြီးမှ နော်ဇာ့ကို နန်းကျင်ရွာလိုက်ပို့ရင်း နားဖောက်၊ စေ့စပ်ကြောင်းလမ်းလုပ်ပေါ့ကွာ''

ကျော်စိန်ဝင်း ။ ''ဟာ . . . ကောင်းလိုက်တဲ့ အကြံအစည်ဗျာ။ ထောင်ကလူတွေက ဉာဏ်နီ၊ ဉာဏ်နက်ထုတ်တာ အလွန်တော်တာပဲ ကျေးဇူးပဲဗျာ''

ထိုဇော်ဝင်း ။ ''ဖိုးကျော် မင်းအတွက်လည်း အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်ကို စဉ်းစားပေးရသေးတယ်။ ထောင်ကလူတွေကို မထိနိုက်ပါနဲ့"

**ဈေးစိန်ဝင်း** ။ "အေးပါဗျာ။ ကျွန်တော်ပျော်လွန်းလို့ပါ။ ကျွန်တော် စဉ်းစားမထွက်တာကို ကိုသိန်းဝင်း စဉ်းစားပေးလို့ ကျေးဇူးတင်ပါတယ်ဗျာ"

**ထိုက်ဇော်ခင်း** ။ "ကဲ . . . တိုင်ပင်ညှိနှိုင်းလို့ ပြီးတော့လည်း အောင်မြင်ခြင်း အထိမ်းအမှတ် အကြိုပွဲလေးလုပ်ရအောင်။ ကျွန်တော် အသင့်စီစဉ်ထားပါတယ်၊ သုံးဆောင်ကြပါ"

✲✲✲✲✲✲✲✲✲✲

ထိုညက ပင်ပန်းသည်ကတစ်ကြောင်း၊ ရတနာသိုက်အတွက် အစီအစဉ်ဆွဲပြီးသည်က တစ်ကြောင်းတို့ကြောင့် စိတ်ချ၊ လက်ချ သောက်ဖြစ်သည်။

ပြီးနောက် ကျွန်ုပ်တို့ ထမင်းစားကြသည်။ ထမင်းစားပြီးတော့ ညကိုးနာရီခွဲပြီဖြစ်၍ မီးစက်မပိတ်မီ စက်ဘီးနင်း၍ ထောင်သို့ အပြေးပြန်ခဲ့ရသည်။

အနောက်ဂိတ်ကြီးပေါ်ရောက်တော့ ကိုမြင့်ဆွေက –

**ကိုမြင့်ဆွေ** ။ "သူငယ်ချင်း အဆင်ပြေရဲ့လား။ ဒီမှာတော့ အေးအေးဆေးဆေးပါပဲ။ ဝက်တွေကိုတောင် ကိုယ်





သွားကြည့်လိုက်သေးတယ်။ အတော်တက်လာတာပဲ။ ထောင်ပိုင်ကြီးကတော့ အတော်အားရနေတယ်"

**ထွန်းဝ်** ။ "တက်တော့ တက်ပါတယ်။ ဒါပေမယ့် လိုသေးတယ် ကိုမြင့်ဆွေ။ ဝက်ဖန်း အရွယ်ရောက်ရင် VITAMIN အားဆေးတွေနဲ့၊ အသားတက်ဆေး LINCOMIX နဲ့ ပဋိဇီဝဆေးတွေလိုမယ်။ ကာကွယ်ဆေးထိုး ဆေးတွေလိုမယ်။ မန္တလေးကို မှာထားတာ အခုထိ မရောက်သေးဘူး"

**ကိုမြင့်ဆွေ** ။ "ခင်ဗျားက နားလည်တော့ ကောင်းတာပေါ့ဗျာ။ ကျွန်တော်ကတော့ ဝက်ကို အသီးအရွက်တွေလည်း ကျွေးနေတာတွေ့ရတယ်။ အရွက်စိမ်းလည်း စားတာပဲနော်၊ အားရပါးရပဲ"

**ထွန်းဝ်** ။ "အလေ့အကျင့်ပေါ့ဗျာ။ နို့ခွဲစကတည်းက ဝယ်ထားတော့ လေ့ကျင့်ပေးလို့ ကောင်းတာပေါ့။ အသီးအရွက်အစိမ်းက ဝက်တွေကို ဝမ်းမှန်စေ၊ ဝမ်းပျော့စေတယ်ဗျ။

မြန်မာဝက်တွေက အရွက်စိမ်းကို စားခဲ့တယ်။ အရွက်နဲ့ ဆန်ကွဲနဲ့ ကြိုကျွေးရင်တော့ စားကြတယ်။ ဝက်ရောဂါထဲမှာ ဝက်ဝမ်းချုပ်ရောဂါနဲ့ ဝက်ဝမ်းနာကျရောဂါဟာ ကြောက်ဖို့အလွန်ကောင်းတယ်။

ဒါကြောင့် ငယ်စဉ်ကတည်းက အရွက်စိမ်းကျွေးတဲ့ အလေ့အကျင့်ကို လုပ်ပေးရတယ်။ အဆီကပ်လာတာနဲ့ နေ့စဉ်တစ်ကြိမ် ရေမှန်မှန်ချိုးပေးဖို့လည်း ဂရုစိုက်ရတယ်။

ရေချိုးစဉ်၊ အစားကျွေးစဉ်မှာလည်း ဒဏ်ရာအနာရှိ၊ မရှိ စစ်ဆေးရတယ်။ ဒဏ်ရာရှိနေတာကို မသိလို့ ဆေးမဦးလို့ကတော့ အဆီပေါ်တဲ့ကောင်တွေမို့ ချက်ချင်းအနာကြီး ဖြစ်လာပြီး ဆုံး။



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်''

ကျွန်ုပ်တို့ စကားပြောနေကြစဉ် ည(၁၀)နာရီ ထိုးပြီဖြစ်၍ မီးစက်ပိတ်သွားသောကြောင့် ကျွန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသည်။ ထုံးစံအတိုင်း မနက် (၅)နာရီထ၍ ထောင်ဖွင့်ဝင်ရပြန်သည်။

ထိုနေ့ကတော့ အလုပ်အကြွေးတွေဆပ်ရသည်။ ဝက်များကျန်းမာရေးစစ်ဆေး၊ လက်သမားအလုပ်ရုံစစ်ဆေး၊ ဆပ်ပြာချက်ရုံစစ်ဆေးဖြင့် နေ့လယ်(၁၂)နာရီ ထမင်းစားချိန်ရောက်မှ ပြီးတော့သည်။

ရိက္ခာရုံးတွင် ထမင်းစားရပြီး အနောက်ဂိတ်ကြီးပေါ် မပြန်တော့ဘဲ တစ်နေ့လုံး အလုပ်လုပ်နေမိသည်။ ညနေ (၅)နာရီခွဲတွင် ထောင်ပိတ်ပြီးမှ အနောက်ဂိတ်ကြီးပေါ် ပြန်၍ရေမိုးချိုးပြီး ကျွန်ုပ်တာဝန်မှူးဝတ္တရား ထမ်းဆောင်ရပြန်သည်။

ကသာထောင်မှာ ထောင်ငယ်လေးဖြစ်၍ လူအင်အားလည်း နည်းသဖြင့် တာဝန်တော့ ပေါ့ပါသည်။

ဦးလောက်စိန် ရက်လည်သောနေ့တွင် ကျွန်ုပ်နှင့်ကိုမြင့်ဆွေတို့ မြောက်ကျောင်းသို့ ထောင်ဖွင့်ပြီးသည်နှင့် သွားကြသည်။ မြောက်ကျောင်းမှာ ရွှေဘုန်းရှိန်ရပ်တွင် ရှိသဖြင့် ကျွန်ုပ်တို့ထောင်နှင့် နီးပါသည်။

ကျော်စိန်ဝင်းတို့အိမ်နှင့်တော့ ကပ်လျက်ဖြစ်သည်။ လက်သမားရုံပိုင်ရှင် ဦးတင်မြင့်က ဧည့်သည်များအား ထမင်းကျွေးရာ ဝက်သား၊ ကြက်သား၊ ငါးဟင်း အတော်စုံသည်။ အားလုံးကလည်း အလှူအတွက် အားရကျေနပ်ကြသည်။

လူနည်းမည် ထင်ထားသော်လည်း ဟိုဘက်၊ သည်ဘက် မိတ်ဆွေများကြောင့် လူကမနည်း (၁၀၀)ကျော်ခန့်ရှိသည်။ ဘုန်းကြီး





ငါးပါးအားလည်း သက်နီးကပ်၊ ဝတ္ထုကပ်သည်။

ကျော်စိန်ဝင်း စည်းရုံးရေးကောင်းပုံရပါသည်။ နေ့လယ်စာစားပြီးသည်နှင့် ကျွန်ုပ်တို့ ကျော်စိန်ဝင်းအိမ်သို့ ဝင်ကြရာ ဦးဂျိုးဖက်ပြန်ရန်ကျစ်ကားအသင့် စီစဉ်ထားပြီး နော်ဇာနှင့်အတူ ကျော်စိန်ဝင်း၏ အစ်မများကလည်း နန်းကျင်ရွာသို့ လိုက်ပို့ကြရန် စီစဉ်နေသည်။

**ဦးဂျိုးဖက်** ။ ''ဦးသိန်းဝင်းကို အလွန်ကျေးဇူးတင်ပါတယ်ဗျာ။ အားလုံးပဲ အလွန်ကျေးဇူးကြီးလှပါပေတယ်။ သမီးနော်ဇာကတော့ ဒီမှာနေချင်သေးတယ်ဆိုလို့ ကျွန်တော့်ကို လိုက်ပို့ပြီး ပြန်လာကြမှာပါ။ ကျွန်တော်က ဝက်တွေရှိသေးလို့ မနေနိုင်တော့ဘူးဗျ။ ညအိပ် လာလည်ကြပါဦး။ ကျွန်တော် ကောင်းကောင်းပြုစုပါ့မယ်''

**ကျွန်ုပ်** ။ ''စိတ်ချပါ ဦးဂျိုးဖက်၊ ကျွန်တော်တို့ ဒီက အလုပ်သမားတွေအားတာနဲ့ နော်ဇာကိုလိုက်ပို့ရင်း ညအိပ်လာကြမှာပါ။ အဲ့ဒီတော့မှ အားရပါးရ စကားပြောကြရင်း စားကြသောက်ကြတာပေါ့ဗျာနော်''

**ဦးဂျိုးဖက်** ။ ''လာကြပါဗျာ။ ကျွန်တော်မျှော်နေပါ့မယ်''

☆☆☆☆☆☆☆☆☆☆☆



www.burmeseclassic.com

www.burmeseclassic.com



ဦးဂျိုးဇက်တို့ကား ထွက်သွားတော့ ကျွန်တော်တို့ ရတနာမြေပုံအတွက် ခရီးထွက်ဖို့ တိုင်ပင်ရန်ရှိသော်လည်း ကိုမြင့်ဆွေပါ ရှိနေသဖြင့် စကားကို သိုသိုသိပ်သိပ် ပြောကြသည်။

**ဦးနေအောင်** ။ "ကဲ ကိစ္စ၊ ဝိစ္စတွေ ပြီးသွားတော့ ကျွန်တော်တို့ အလုပ်တွေ ပြန်လုပ်ကြရဦးမယ်။ လာမယ့် တနင်္ဂနွေနေ့ ကျွန်တော်တို့ နယ်ဆင်းရဦးမယ်။

ဦးသိန်းဝင်း လိုက်ခဲ့မယ်မဟုတ်လား။ တစ်ညအိပ်တော့ ကြမယ်။ ကိုမြင့်ဆွေကိုပါ ခေါ်ချင်ပေမယ့် ခင်ဗျားတို့ အလုပ်က တစ်ယောက်မရှိ၊ တစ်ယောက်ရှိမှ ဖြစ်မယ် မဟုတ်လား"

**ကိုမြင့်ဆွေ** ။ "ကိုသိန်းဝင်းပဲ ခေါ်သွားပါဗျာ။ ကျွန်တော့်နေရာက ညအိပ်ထွက်လို့ မရဘူး။ ကျွန်တော်ရှိနေမှ ဖြစ်မှာ"

**ဦးနေအောင်** ။ "အဲ့ဒါဆို ညလာခဲ့ကြဦးဗျာ။ ကျော်စိန်ဝင်းလည်း ညနေပြန်ရောက်မှာဆိုတော့ ကျွန်တော့်ဘိုတဲမှာ ဝိုင်းကြရအောင်"

**ကိုမြင့်ဆွေ** ။ "ညကျွန်တော် တာဝန်မှူးကျတယ်ဗျ။ ကိုသိန်းဝင်းပဲ လာလိမ့်မယ်နော်"

ကျွန်တော်တို့ အစီအစဉ်အတွက် အတော်ဖြစ်သွား၍ အဆင်ပြေလှသည်။ ကျွန်ုပ်နှင့် ကိုမြင့်ဆွေထောင်သို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။

ညနေဘက်တွင် လာမည့်တနင်္ဂနွေနေ့ ခရီးထွက်ရန်အတွက် ကျွန်ုပ်၏လုပ်ငန်းများအား စိတ်ချရအောင် ကြိုတင်မှာကြား လုပ်ကိုင်





ရတော့သည်။

ညနေပိုင်း ထောင်ပိတ်ပြီးသည်နှင့် အနောက်ဂိတ်ကြီးပေါ် ပြန်၍ ရေမိုးချိုး၊ အဝတ်အစားလဲပြီး စက်ဘီးစီး၍ ဦးနေအောင်တို့ သစ်တောရုံးသို့ လာခဲ့သည်။

ဦးနေအောင်တို့ဘိုတဲတွင် ကျော်စိန်ဝင်းလည်း ပြန်ရောက်နေပြီဖြစ်သည်။ ကျော်စိန်ဝင်းအပြင် နော်ဇာလည်း ပါလာသည်။ ကျွန်ုပ်က နော်ဇာအား အကျိုးအကြောင်း ရှင်းပြရသည်။

**နော်ဇာ** ။ "အစ်ကိုရယ် နော်ဇာ့အဖေက အလွန်အေးဆေးပြီး လျှို့ဝှက်တဲ့ လူတစ်ယောက်ပါ။ ဒီအကြောင်းတွေကို နော်ဇာ့ကို တစ်ခါမှ ပြောမပြခဲ့ဖူးပါဘူး။ အခု အစ်ကိုပြောမှ သိရတာပါ။ အစ်ကို့ကို ကျေးဇူးအလွန်တင်ပါတယ်"

**ကျွန်ုပ်** ။ "ထိုက်လို့စံရတာပဲမှတ်ပါ ညီမရယ်။ ညီမအဖေက ညီမအတွက် ကြိုးစားခဲ့တာပါ။ အစ်ကိုတို့နဲ့ ဆုံတွေ့ရတာ အတော်နောက်ကျတော့ သူ့ခမြာကိုယ်တိုင် မခံစားရတော့ဘူးပေါ့"

**ကိုဇော်ဝင်း** ။ "ညီမအဖေက ညီမတို့အတွက် လက်ဖွဲ့ခဲ့တာလို့ မှတ်ပေါ့ကွယ်။ မိဘဆိုတာ သားသမီးကောင်းစားတာကို အလွန်မြင်ချင်ကြတာပါ။ ဒါဟာ မိဘတိုင်းက သားသမီးအပေါ်ထားတဲ့ မေတ္တာပဲ။ ညီမတို့ကလည်း ကိုယ့်မိဘတွေ ကျေးဇူးကို မမေ့ကြနဲ့"

နော်ဇာ၏ မျက်နှာကလေးမှာ ပန်းရောင်ရဲလာကာ ခေါင်းလေးငုံ့၍ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်၊ ညီမတို့လည်း မိဘတွေရဲ့ ကျေးဇူးကို အစဉ်သတိရအောက်မေ့ပြီး ကျေးဇူးဆပ်မှာပါရှင်"

**ထွန်းဝိ** ။ "ကဲ . . . အဲဒီတော့ ရတနာပစ္စည်း ရခဲ့ရင် အစ်ကိုရယ်၊ ဦးနေအောင်ရယ်၊ ဦးဖော်မင်းရယ်၊ ကျော်စိန်ဝင်းနဲ့ နော်ဇာအပြင် ကွယ်လွန်သူ ဦးလောက်စိန်အတွက်လည်း တစ်ပုံပုံမယ် အားလုံး (၆)ပုံပေါ့။

ဦးလောက်စိန်ရဲ့ အပုံကိုတော့ တကောင်းမြို့က ရွှေစည်းခုံဘုရားကြီးမှာ လှူဒါန်းပြီး အဖေနဲ့အဘိုးပါ မကျန်ရအောင် မေတ္တာပို့အမျှဝေမယ်၊ ကျေနပ်ရဲ့လားညီမ"

**နော်ဇာ** ။ "အလွန်ကောင်းမွန်လှတဲ့ အစီအစဉ်မို့ အခုကတည်းက သာဓုခေါ်ပါတယ်ရှင်"

**ဦးနေအောင်** ။ "ကဲ . . . အားလုံးသဘောတူရင် တနင်္ဂနွေနေ့မနက်(၇)နာရီမှာ ကသာဆိပ်ကမ်းက မော်တော်ထွက်မယ်။ အပြင်လူမပါရအောင် ကိုဖော်မင်းက မော်တော်မောင်းလိမ့်မယ်။

အားလုံး အချိန်မီလာကြပါ။ ကျွန်တော်တို့ လက်နက်ပစ္စည်းတွေကို ကြိုတင်စုဆောင်းထားမယ်။ တနင်္ဂနွေနေ့ဆိုတော့ မနက်ဖြန်မနက်ကို ပြောတာနော်။ မမေ့ကြနဲ့ဦး"

ကျွန်ုပ်တို့ ညှိနှိုင်းအစည်းအဝေး ပွဲလေးလုပ်ပြီးနောက် စားကြ၊ သောက်ကြသည်။ ပြီးနောက် ခရီးထွက်ရန် ပြင်ဆင်စရာများရှိ၍စောစီးစွာ လူချင်းခွဲ၍ ပြန်ခဲ့ကြသည်။

ကျွန်ုပ်က စက်ဘီးတစ်စီး၊ ကျော်စိန်ဝင်းနှင့် နော်ဇာတို့က စက်ဘီးတစ်စီးနှစ်ယောက် စီးကြသည်။ လမ်းမှာ အတူတူဖြစ်၍ တော်





သေးသည်။

သစ်တောလမ်းမှ မြို့လယ်လမ်းမပေါ်တက်၍ ဈေးနှင့်မီးသတ်ကိုဖြတ်ကျော်ပြီး ရွှေဘုန်းရှိန်ရပ်ကွက်ဘက်သို့ နှင်းရသည်။ ကျွန်ုပ်ကသာ ကျော်စိန်ဝင်းတို့အိမ်အားကျော်ပြီး ကသာထောင်ဘက်သို့ တစ်ဦးတည်း ပြန်ခဲ့သည်။

အုတ်ရိုးအား လက်ျာဘက်ကပတ်၍ ကျွန်ုပ်တို့နေထိုင်ရာ အနောက်ဂိတ်ကြီးသို့ နှင်းခဲ့သည်။ ယနေ့ည ကိုမြင့်ဆွေ တာဝန်မှူးကျသဖြင့် ဂိတ်ကြီးပေါ်တွင် ကျွန်ုပ်တစ်ဦးတည်း အိပ်ရမည်ဖြစ်သည်။

ခေါင်မိုးထုပ်တန်းပေါ်မှ တချွေပေါက်စ၊ မျောက်လောင်းကလေးများနှင့် ဆုံရဦးမည်လားတော့ မသိနိုင်တော့ပါ။

✲✲✲✲✲✲✲✲✲✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညက အနှောင့်အယှက်ကင်းစွာ အိပ်ရသဖြင့် မနက် (၅)နာရီတွင် ထ၍ ထောင်ဖွင့်ရန် သွားရသည်။ မနက်(၆)နာရီတွင် ထောင်ဖွင့်ပြီးသဖြင့် ကိုမြင့်ဆွေအား နှုတ်ဆက်ပြီး ထောင်ပိုင်ကြီးအား သတင်းပို့ခွင့်တောင်း၍ ကသာဆိပ်ကမ်းသို့ ဆင်းခဲ့သည်။

ကသာဆိပ်ကမ်း ''ရွှေဖိမိုးယံ'' စားသောက်ဆိုင်တွင် လှူစုံတက်စုံ ရောက်နေကြပြီဖြစ်သည်။

**ထိုဇော်ခင်း** ။ ''လာဗျို့ . . . ကိုသိန်းဝင်း။ ဒီမှာ လှူစုံနေပြီ။ ခင်ဗျားကို စောင့်နေတာ။ ဘာစားမလဲမှာဗျာ''

**ဇွန်နိုင်** ။ ''ဒီဆိုင်ရောက်မှတော့ ထုံးစံအတိုင်းပေါ့ဗျာ။ ငါးဖန်းမမီးကင်နဲ့ ထမင်းကြော်ဗျို့။ နော်ဇာတို့ရော ဘာစားပြီးကြပြီလဲ''

**ဇော်စိန်ဝင်း** ။ ''ခင်ဗျားမှာတဲ့ အတိုင်းပါပဲဗျာ။ ဒီဆိုင်က ငါး





ဖန်းမ မီးကင်က အတော်ကောင်းတာဗျ။ အဆီကိုရွှဲနေတာပဲ။ ထမင်းကြော်ပူပူလေးနဲ့ အလွန်လိုက်တာ။ နော်ဇာတောင် ကြိုက်သွားပြီ''

**ဦးနေအောင်** ။ ''ကဲ . . . လှူစုံလို့ စားသောက်ပြီးရင် ထွက်ကြရအောင်။ စောလေ ကောင်းလေပဲ။ တော်ကြာ အသိတွေ ရောက်လာလို့ ဟိုမေး၊ ဒီမေး လုပ်နေဦးမယ်''

ကျွန်ုပ်တို့ လက်နက်များနှင့် ရိက္ခာပစ္စည်း အသုံးအဆောင်များအား စစ်ဆေးသည်။ သောက်ရေ သုံးရေ၊ ဓာတ်မီး၊ အိုးခွက်ပန်းကန်၊ ယာယီရွက်ဖျင်တဲကအစပါသည်။ ဆေးဝါးလည်း အစုံပါသည်။ ကျွန်ုပ်တို့ မော်တော်ပေါ်သို့ သယ်ချနေစဉ် –

**ဇွန်နိုင်** ။ ''ဖိုးကျော်ရေ . . . အဓိက အရေးကြီးတဲ့ မြေပုံရော ပါရဲ့လားကွ။ တော်ကြာကျန်နေမှာ စိုးလို့ပါ''

**ဇော်စိန်ဝင်း** ။ ''မမေ့ဘူးဗျို့။ လုံခြုံအောင် ကျွန်တော့်ကိုယ်ပေါ်မှာ မြေပုံစွပ်ကျယ်အကျီကို ဝတ်ထားတယ်မှုနဲ့''

***********



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ပစ္စည်းများ စုံလင်၍ ကသာဆိပ်ကမ်းမှ ထွက်ခွာလာတော့ နှင်းပင်မကွဲသေး။ နေလုံးကြီးကိုပင် မမြင်ရသေးပါ။ ဖက်ဆွတ်တောင်တန်းကြီးနှင့် မင်းဝံတောင်တန်းကြီးတို့ ဝိုင်းရံနေသော ကသာမြို့ကလေးမှာ နှင်းထုထဲတွင် ပျောက်နေသည်။

မနက်ခင်းဖြစ်၍ ဧရာဝတီမြစ်ရေများ အငွေ့ပြန်နေသဖြင့် ရှေ့ကိုက် (၁၀၀)ခန့်သာ မြင်နိုင်သည်။ ကိုဇော်မင်းက U BOAT ကလေးအား ကျွမ်းကျင်စွာ မောင်းနေသည်။

ကျွန်ုပ်တို့ မော်တော်ဘုတ်ကလေး ဧရာဝတီမြစ်ကြီးအား စုန်၍ တကောင်းဘက်သို့ မောင်းလာခြင်း ဖြစ်သည်။ အရှေ့ဘက်ကမ်းတွင် ယင်းခဲကြိုးဝိုင်းသစ်တောနှင့် မြတောတောင်တို့က တရွေ့ရွေ့ကျန်ခဲ့သည်။

ကျွန်ုပ်တို့ မော်တော်ဘုတ်ကလေး ရေစုန်ခရီးတွင် လျှင်မြန်စွာ ခုတ်မောင်းလာရာ (၁)နာရီကျော်ခန့်အကြာတွင် ကသာမြို့မှ မိုင်(၂၀)ကွာဝေးသည့် အင်းရွာအနီး၊ ရွှေလီမြစ်ကြီးက ဧရာဝတီမြစ်ထဲသို့ စီးဝင်နေသည်ကို တွေ့ရသည်။

နာမည်ကျော် ရွှေလီမြစ်ကြီးသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်း၊ တရုတ်ပြည် ယူနန်နယ်ထဲမှ မြစ်ဖျားခံလာသည်။ ရှမ်းပြည်နယ်၏ အရှေ့တောင်မှ အနောက်မြောက်ဘက်သို့ ကွေ့ပတ်စီးဆင်းလာပြီး ဧရာဝတီမြစ်မကြီးထဲသို့ ပေါင်းစုံဝင်ရောက်ခြင်းဖြစ်သည်။

ဤရွှေလီ မြစ်ကြီးအား အသုံးချ၍ အဖိုးတန် သစ်မာများအား ခုတ်လှဲပြီး ရေကြောင်းမှ ဧရာဝတီမြစ်ဖေါင် ဆယ်ဆိပ်အထိ မျှောချနိုင်ခဲ့သည်။

ဆိုလိုသည်မှာ တောတောင်ထူထပ်သော ရှမ်းပြည်နယ်၊ သစ်တောများမှ သစ်လုံးများကို ဧရာဝတီမြစ်အထိ ပို့ဆောင်ပေးနေ





သည်မှာ ရွှေလီမြစ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ မော်တော်ကလေး မြို့တစ်မြို့အနီးသို့ ရောက်လာပြန်သည်။ ဘုရားတန်ဆောင်း၊ သိမ်ကျောင်းများနှင့် လှပစွာ တောင်တန်းပေါ်တွင် တည်ထားသော မြို့ကလေးဖြစ်သည်။ ဦးနေအောင်ပြောပြမှ ထီးချိုင့်မြို့ဖြစ်ကြောင်း ကျွန်ုပ်သိရသည်။

**ဦးဝနေအောင်** ။ "ဦးသိန်းဝင်းရေ ကသာက ထီးချိုင့်ကို မိုင်(၃၀) လောက်ဝေးတယ်။ လမ်းမှာတော့ ရေမုတ်ရွာ၊ ညောင်ခြေထောက်ရွာ၊ သပြာရွာ၊ ကာလန်ရွာ၊ သဂရရွာ၊ အင်းရွာလေးရွာ၊ မဲဟင်းရွာ၊ ကြက်တစ်ကောင်ရွာ၊ ဒေါင်းကြီးရွာ၊ အင်းရွာကြီးရွာ၊ ကမ်းနီရွာတွေဟာ ဧရာဝတီမြစ်ကြီးတစ်ဖက် တစ်ချက်က ရေလုပ်ငန်းနဲ့ သစ်လုပ်ငန်းလုပ်ကြတဲ့ ရွာကြီးတွေပေါ့ဗျာ"

ထီးချိုင့်မြို့နောက်ခံတွင် မြသိန်းတန်တောင်ကြီးက စီးမိုး၍နေသည်။ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းတွင် မြတောင်ရွာရှိသည်။

မြတောင်ရွာ ဘက်ခြမ်း၌လည်းကောင်း၊ တောင်ကြီးများပေါ်တွင် ဘုရားတန်ဆောင်း၊ ကျောင်းကန်၊ ပြသာဒ်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

**ဦးဝနေအောင်** ။ "ထီးချိုင့်ဟာ စစ်ကိုင်းတိုင်းမြောက်ပိုင်းမှာ ရှိတယ်ဗျ။ တောင်ဘက်မှာ သပိတ်ကျင်းမြို့နယ်နဲ့ မဘိန်းမြို့နယ်ရှိတယ်။ မြောက်ဘက်မှာ အင်းတော်မြို့နယ်နဲ့ ဝန်းသိုမြို့နယ်၊ အနောက်ဘက်မှာ ကောလင်းမြို့နယ်နဲ့ ကန့်ဘလူမြို့နယ်၊ အရှေ့ဘက်မှာ မိုးမိတ်မြို့နယ်ရှိတယ်။ မြို့နယ်အတော်များများနဲ့ ထိစပ်နေတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မော်တော်ကလေး စုန်ဆင်းခဲ့ရာ မြတောင်ရွာကို ကျော်တော့ ဦးနေအောင်က –

"ဟိုရှေ့ ညာဘက်က စီးဝင်နေတာ မဲဇာချောင်းလေ ကိုသိန်းဝင်း။ ခင်ဗျားနဲ့ ကျွန်တော် မြတောင်တောထဲမှာ ဆွေးနွေးခဲ့တဲ့ လက်ဝဲသုန္ဒရအမတ်ကြီးဦးမြတ်စံ အပိုင်ခံရတဲ့ မဲဇာအရပ်က လာတဲ့ မဲဇာချောင်းပေါ့။

မဲဇာမြစ်လို့လည်း ခေါ်တယ်။ မဲဇာမြစ်နဲ့ ဧရာဝတီမြစ်ဆုံရာမှာ ညောင်ပင်သာရွာ ရှိတယ်။ ကျွန်တော်တို့ဌာနရဲ့ သစ်ဆယ်၊ သစ်ဖမ်း စခန်းပေါ့ဗျာ။

ဟော . . . ဟိုအတွင်းမှာတော့ ချွန်းတောင်းမြို့ဟောင်း ရှိတယ်ဗျ။ ညာဘက်မှာလေ"

**ကျွန်ုပ်** ။ "ချွန်းတောင်းမြို့ ဟုတ်လား။ ကျွန်တော်တော့ မကြားဖူးဘူး ဦးနေအောင်ရေ"

**ဦးနေအောင်** ။ "ချွန်းတောင်းမြို့ဟာ ဟိုးရှေးတုန်းက ထီးချိုင့်၊ မြတောင်မြို့တွေနဲ့ တစ်ပြိုင်တည်းတည်ခဲ့တဲ့ မြို့ဟောင်းကြီးဗျ"

ကျွန်ုပ်တို့၏ မော်တော်ကလေး ဆက်လက်မောင်းနှင် စုန်ဆင်းလာရာ သပိတ်ကျဉ်းမြို့နယ် အတွင်းသို့ ဝင်ရောက်လာသည်။ သပိတ်ကျဉ်းမြို့နယ်သည် မန္တလေးတိုင်းအတွင်း၌ ပါဝင်သည်။

**ဦးနေအောင်** ။ "ကိုသိန်းဝင်းရေ တကောင်းရောက်တော့မယ်ဗျ။ ဟော . . . ဟိုညာဘက်ကမ်းမှာ တံ့ငယ်ဝမြို့ဟောင်း ရှိတယ်။ နီးလာပြီ မြင်ရတော့မယ်"





ကျွန်ုပ်တို့သည် "တံ့ငယ်ဝမြို့ဟောင်း"ရှိရာ ဧရာဝတီမြစ် ကြီးအနောက်ဘက်ကမ်းသို့ မျှော်ကြည့်လိုက်မိသည်။

**ဦးနေအောင်** ။ "ကိုသိန်းဝင်းရေ "တကောင်းအစ တံ့ငယ်ဝ"လို့ အဆိုရှိတယ်ဗျ။ တံ့ငယ်မြို့ဟောင်းဟာ အရင်က တကောင်းမြို့နဲ့ ဆက်နေသတဲ့။ ဧရာဝတီမြစ်ကြီး ရေစီးကြောင်းပြောင်းသွားတာနဲ့ အနောက်နဲ့အရှေ့နှစ်ပိုင်း ကွဲသွားတာလို့ သိရသဗျ။

တံ့ငယ်မြို့ဟောင်းနဲ့ တကောင်းက (၆)မိုင်ပဲ ဝေးတော့တာ။ မြစ်ကြောင်းပြောင်းလဲမှုနဲ့ မြစ်ရေတိုက်စားမှုတွေကလည်း ဟိုးရှေးရှေးက အနေအထားတွေကို ပြောင်းလဲသွားစေတတ်တယ်ဗျ။

ဧရာဝတီမြစ်ကြီးရဲ့ ပထမမြစ်ကျဉ်းနဲ့ အပြိုင်ဖြစ်ကြောင်း ပြောင်းပြီး စီးဆင်းခဲ့တဲ့ အထောက်အထားတွေကို ရွှေကူမြို့နယ်ထဲက ဧရာဝတီမြစ်ကြောင်း အဟောင်းကြီးက သက်သေခံနေတယ်ဗျ"

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် U BOAT ကလေးအား ကိုဇော်မင်းက တံ့ငယ်ဝမြို့ဟောင်းအနီး ကမ်းပေါ်သို့ တက်ရလွယ်မည့် ဆင်ခြေလျှောတွင် ကပ်ပေးသည်။

ကျော်စိန်ဝင်းက အလျင်ဆင်း၍ မော်တော်ဦးကြိုးစအား အနီးတွင်ရှိသည့် တဖင်းပင် ပင်စည်တွင် ခိုင်မြဲစွာချည်နှောင်ပေးသည်။ ကျွန်ုပ်နှင့် ဦးနေအောင်တို့ အလျင်ဆင်းပြီး ကမ်းပါးပေါ်သို့ တက်လာရာ တံ့ငယ်မြို့ဟောင်းကို ဝန်းရံထားသော ကျောက်မြို့ရိုးဟောင်း နှစ်ထပ်ကို တွေ့ရသည်။

အကျယ်ပေ (၂၀')ခန့်ရှိပြီး အထက်ဆင်း၊ အောက်ဆင်း နှစ်ထပ်ပြုလုပ်ထားသည်။ ကျောက်မြို့ရိုး နှစ်ထပ်ကြားတွင် အကျယ်(၈')



www.burmeseclassic.com

www.burmeseclassic.com



ပေခန့်ရှိသော လမ်းယောင်ယောင်တစ်ခုကို တွေ့ရသည်။

တုံငယ်မြို့ဟောင်းရွာ၏ အရှေ့တောင်ထောင့်တွင် တောင်ပူစာတစ်ခုကို တွေ့ရပြီး တောင်ပူစာခြေရင်းမှ ဗိုလ်ကုန်းရွာအထိ (၂)မိုင်ခန့်ဝေးကြောင်း ဦးနေအောင်က ပြောပြသည်။

ထိုခရီးတွင် ဖို့မြေ တာရိုးဟောင်းကြီးတစ်ခုကိုလည်း တွေ့ရသည်။ တစ်ဆက်တည်းတော့မဟုတ် အချို့နေရာများတွင် ရေစား၍ပြတ်တောက်နေသည်။

ထိုတာပေါင်အကျယ်မှာ ပေ(၄၀)ခန့်ရှိပြီး အမြင့်မှာ (၈')ပေခန့်ရှိသည်။ တုံငယ်မြို့ ကောင်းစားစဉ်က ဖောက်လုပ်ထားသောတာပေါင်ကြီးဟု ဦးနေအောင်က ဆိုပြန်သည်။

ဗိုလ်ကုန်းရွာမှ ဆက်၍ တကောင်းမြို့ အနောက်ဘက်ကမ်းရှိ ဝဲကြီးချောင်းဝအထိ ဖောက်လုပ်ထားခြင်းဖြစ်သည်။

ထိုစဉ် ကိုဇော်မင်းနှင့် ကျော်စိန်ဝင်းတို့ ရောက်လာကြသည်။

**ထွန်းနိုင်** ။ "ကဲ . . . ကျွန်တော်တို့ CAMP ချမယ့်နေရာ ရွေးကြရအောင်။ နေလည်း ပူလာပြီ။ ဗိုက်လည်း ဆာလာပြီ။ စားရင်းသောက်ရင်း မြေပုံကြည့်ပြီး ဆွေးနွေးကြတာပေါ့"

တုံငယ်မြို့ဟောင်းရာပေါ်တွင် သစ်ပင်ကြီးကြီးမားမားမရှိ။ လတာပြင်နှင့်ကပ်နေပြီး ကျောက်မြို့ရိုးဟောင်းများဖြစ်၍ တဖင်းပင်ငယ်နှင့် ကမ်းစပ်တွင် လမုပင်၊ ခရာပင်နှင့် ဂုက်ကြီးတောင်ပင်များလောက်သာရှိသည်။





**ဦးနေအောင်** ။ "ကိုသိန်းဝင်းရေ CAMP ကို ဘယ်နားဆောက်မလဲ"

**ထွန်းနိုင်** ။ "လေကွယ်ရာနဲ့ ရေနဲ့နီးတဲ့ မြေပြန့်နေရာ ရွေးရမှာပေါ့"

**ထိုက်ဇော်ဝင်း** ။ "ဒါဆို တာဘောင်ကြီးအကျော် တောင်ပူစာခြေရင်းက ဟိုမြေပြန့်လေး မကောင်းဘူးလား"

**ထွန်းနိုင်** ။ "ကဲ . . . ဦးနေအောင်ရေ သွားကြည့်ကြရအောင်ဗျာ။ ဒီနေရာတွေက မြို့ဟောင်းတွေဆိုတော့ မြွေပေါတယ်လို့ ဦးလောက်စိန်က ပြောဖူးတယ်။ ပတ်ဝန်းကျင်အခြေအနေ လေ့လာကြတာပေါ့"

✲✲✲✲✲✲✲✲✲✲✲

ကျွန်ုပ်တို့ မြို့ရိုးဟောင်းကျော်ပြီး ဆင်ခြေလျှောလမ်းလေးအတိုင်း တစ်ဖက်သို့ဆင်း၍ တောင်ပူစာအခြေသို့ သွားကြသည်။ တောင်ပူစာအခြေတွင် သဲနုံးမြေပြန့်ကလေးမှာ အကျယ်အဝန်းပေ (၅၀') ရှိသည်။

နောင်ပူစာခြေရင်း မြေပြန့်ကလေးအစပ်တွင် (၁၀')ပေပတ်လည်ခန့်ရှိသော ရေအိုင်ကလေးတစ်ခုရှိသည်။ ဧရာဝတီမြစ်မှ ရေဝင်နေဟန်ရှိသည်။ ရေမှာ ကြည်စိမ်းနေသည်။ သို့သော် ရေအောက်ကို မတွေ့ရ။ အောက်ရေဝင်ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ သဲနုံးမြေပြန့်ကလေး ပတ်ဝန်းကျင်အား အသေးစိပ်လေ့လာ စစ်ဆေးကြသည်။ မြွေတွင်း၊ ဂဏန်းတွင်းများ မတွေ့ရ။ ကမ်းဘက်အုတ်ရိုးများကြားတွင်တော့ ပက်ကြားအက်များရှိသည်။

**ထွန်းဝိ** ။ "ကောင်းပါတယ်။ ရေနဲ့လည်း နီးတယ်၊ လေကွယ်တယ်၊ ဒီနေရာပဲ ရွေးလိုက်ကြတာပေါ့"

**ဦးနေအောင်** ။ "ကဲ . . . ဒါဆို ပစ္စည်းတွေချမယ်။ CAMP ဆောက်မယ်"

အလုပ်သမားမပါသဖြင့် ကျွန်ုပ်တို့ပင် ပစ္စည်းများအား အခေါက်ခေါက်အခါခါထမ်း၍ ချရသည်။ နော်ဇာမှာလည်း မနေနိုင်၊ နိုင်သလောက်ရွက်၍ သယ်ရရှာသည်။

ပစ္စည်းချပြီးသည်နှင့် အသင့်ပါလာသော ရွက်ထည်တဲအား အမြန်ဆောက်ရသည်။ တက်ညီလက်ညီဆောက်၍ ပြီးစီးသည်နှင့် ခြေလက်ဆေးကာ ကသာဆိပ်ကမ်း "ရွှေဖီမိုယ်း"ဆိုင်ကြီးမှ အသင့်ဝယ်လာသည့် ထမင်းထုပ်များအားဖြေ၍ တပျော်တပါး စားကြသည်။

**ဦးနေအောင်** ။ "ကျော်စိန်ဝင်းရေ စားပြီးထမင်းကျန်၊ ဟင်းကျန်နဲ့ အမှိုက်တွေကိုတော့ ဝေးဝေးသွားပစ်ကွာ။ အကောင်ပလောင်တွေ ဟင်းနံ့ရရင်လာမှာ စိုးရတယ်"

**ထွန်းဝိ** ။ "ကဲ . . . ဖိုးကျော်ရေ မြေပုံထုတ်စမ်းကွာ။ အသေအချာလေ့လာပြီး အလုပ်စရအောင်"

ကျွန်ုပ်၊ ကိုဇော်မင်းနှင့် ဦးနေအောင်တို့ ကျော်စိန်ဝင်း ချတ်





ပေးသော စွပ်ကျယ်အင်္ကျီပေါ်မှ မြေပုံအား အသေအချာ လေ့လာကြသည်။

**ဦးနေအောင်** ။ "ဒါက ရောဝတီမြစ်ကြီး ၊ ဒါက မြို့ရိုးဟောင်း ၊ မြို့ရိုးဟောင်းကနေ မြောက်ဘက်ကို မြားပြထားတယ်။ မြို့ရိုးအဆုံးမှာ ဒါက ဘာလဲချောင်းလား။ အဲဒါကျော်မှ အစက်နှစ်စက် ပြထားတယ်။

အစက်နှစ်စက်နားမှာ ဒါကဘာလဲ။ ဘုရား စေတီကလေးနဲ့ တူတယ်။ အဲဒီမှာ ဆုံးနေပြီ။ ကဲ . . . ကိုသိန်းဝင်းက မြေပုံဖတ်ပေးစမ်းပါဦး"

**ထွန်းဝိ** ။ "မြို့ရိုးဟောင်းဆုံးတော့ လျှိုကြီးဗျ။ လျှိုကမ်းပါးပေါ်တက် မြောက်ဘက်ကို ဆက်လျှောက်ရင် တောစပ်ကိုရောက်မယ်။ အဲဒီအစက်နှစ်စက်က ကညင်ပင်မောင်နှမပဲ။ အဲဒီအနီးနားမှာ စေတီကလေးကို တွေ့ရမယ်။

စေတီကလေးတည်ထားတဲ့ တောင်ကမူကလေး အောက်ခြေမှာ ဂလိုဏ်ပေါက်ကြီးရှိတယ်။ အဲဒီ ဂလိုဏ်ကြီးထဲမှာ ရတနာပစ္စည်းရှာရမှာ"

**ကိုဇော်မင်း** ။ "အဲဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ။ အခုသွားပြီးတူးမှာလား"

**ထွန်းဝိ** ။ "ဒီနေ့တော့ အချိန်ရမှာ မဟုတ်ဘူး။ နေတောင်စောင်းနေပြီ။ ဖိုးကျော်နဲ့ နော်ဇာတို့က ထမင်းဟင်းချက်ကြပေါ့။ ကျွန်တော်၊ ကိုဇော်မင်းနဲ့ ဦးနေအောင်တို့က လမ်းကြောင်းသွားကြည့်ကြမယ်။ မြေပုံညွှန်းအတိုင်း မှန်ရင်တော့ မနက်ဖြန်မနက်မှ တူးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



**ဦးနေအောင်** ။ ''အဲ့ဒီအစီအစဉ် ကောင်းပါတယ်။ အသေအချာ လေ့လာပြီးမှ အလုပ်လုပ်တာ အကောင်းဆုံး ပေါ့ဗျာ''

ကျွန်ုပ်တို့သုံးဦး လက်နက်ကိုယ်စီထမ်း၍ လက်နှိပ်ဓာတ်မီးနှင့် ရေဘူးများယူကာ မြို့ရိုးဟောင်းပေါ်သို့ တက်ခဲ့ကြသည်။

ကျော်စိန်ဝင်းတို့ကတော့ ထင်းရှား၊ ရေခပ်ဖြင့် အလုပ်ရှုပ်နေကြသည်။ အမျိုးသမီး တစ်ဦးပါ၍ ချက်ရေးပြုတ်ရေး အဆင်ပြေပါသည်။

ကျောက်မြို့ရိုး နှစ်ထပ်ကြားရှိ (၈')ပေခန့်ကျယ်သော လမ်းယောင်ယောင်ပေါ်မှ ကျွန်ုပ်တို့ မြောက်ဘက်သို့ လမ်းလျှောက်ခဲ့ကြသည်။

ရှေးမြို့ရိုးဟောင်း ဖြစ်သည်နှင့်အညီ လမ်းဟောင်းကလေးမှာ ချိုင့်ခွက်နှင့်ကမူနှင့် မညီညာ။ အထက်ဆင်း၊ အောက်ဆင်းမြို့ရိုးဖြစ်၍ လမ်းယောင်ကလေးမှာ တစ်ဖက်စောင်းနေဟန်ရှိသည်။

ထို့ကြောင့် သတိနှင့်လျှောက်လှမ်းကြရသည်။ ရောဝတီမြစ် ရေကြောင်း ပြောင်းလဲတိုက်စားပါက ဤမြို့ရိုးဟောင်းကလေးလည်း ပြိုကျပျက်စီးသွားနိုင်ပေသည်။

ကျွန်ုပ်တို့ ကိုက် (၂၀၀)ခန့် လမ်းလျှောက်တော့ မြို့ရိုးပြတ်သွားပြီး ရောဝတီမြစ်မှ ရေဝင်သော လျှိုကြီးတစ်ခုသို့ ရောက်သည်။ အကျယ်မှာ ပေ(၂၀')ခန့်သာ ရှိသော်လည်း ဇောက်အတော်နက်သည်။

ပေ (၃၀')ကျော်ခန့် နက်ပေလိမ့်မည်။ ရေများစီးဝင်နေ၍ အနက်ကိုတော့ မခန့်မှန်းတတ်။ နုံးမြေလဲတာပြင် ရွှံ့တောဖြစ်၍ ရေမှာ နောက်ကျိုနေသည်။ သေနတ်ကြီးများ ကိုယ်စီလွယ်ထားသော ကျွန်ုပ်





တို့ လျှိုထဲဆင်းရန် အခက်အခဲတွေ့နေတော့သည်။

**ထွန်းဝိ** ။ ''ဦးနေအောင် မော်တော်ပေါ်မှာ ကြိုးပါသေးသလား။ ကြိုးရှိမှ အဆင်းအတက်လွယ်မှာဗျ။ လျှိုကြီးက အတော်နက်တယ်''

**ထိုက်ဇော်မင်း** ။ ''ဟုတ်တယ်ဗျ။ လျှိုထဲမှာလည်း ဘာကောင်ရှိမှန်း မသိနိုင်ဘူး''

**ဦးနေအောင်** ။ ''တောင်ပူစာဘက်က တက်ရင်လည်း လျှိုကြီးထဲဖြတ်ရမှာပဲ။ တစ်ခုတော့ရှိတယ်ဗျ မော်တော်နဲ့ ဆန်တက်ပြီး လျှိုတစ်ဖက်ရောက်မှ ဆက်သွားရင်တော့ ဖြစ်နိုင်တယ်။ နည်းနည်းတော့ ပိုဝေးသွားမယ်''

**ထွန်းဝိ** ။ ''ဝေးတာ အကြောင်းမဟုတ်ဘူး ဦးနေအောင်ရေ။ အန္တရာယ်ကင်းဖို့ အရေးကြီးတယ်။ ကျွန်တော် ပြောခဲ့သလို ရတနာရှိရာအရပ်ဆိုတာ အခက်အခဲ တွေ့ရှိမှာပေါ့ဗျာ''

ကျွန်ုပ်တို့အဖွဲ့ နောက်ကြောင်းပြန်လှည့်၍ မော်တော်ရှိရာ ကမ်းစပ်သို့ဆင်းခဲ့ကြသည်။

ထိုစဉ် ကျော်စိန်ဝင်းက လှမ်းအော်သည်။

''ကိုယ့်ဆရာတွေ ဘယ်လိုဖြစ်တာလဲ။ သွားလို့ မရတော့ဘူးလား''

**ထိုက်ဇော်မင်း** ။ ''လျှိုကြီးခံနေလို့ဟေ့။ လျှိုကြီးကိုကျော်ပြီး မော်တော်နဲ့သွားမှ ရတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်ဝင်း ။ ''ဒီမှာ ကျောက်အိုင်ထဲက ငါးကြီးတွေ ရထားတယ်။ ငါးရံ့တွေရော၊ ငါးပြေမတွေရော၊ ငါးမြွေထိုးတွေရော စုံနေတာပဲ။ ကျွန်တော်ကောင်းကောင်း အမြည်းလုပ်ထားလိုက်မယ်ဗျို့''

ထွန်းနိုင် ။ ''အေး . . . အေး . . . ကောင်းတယ်။ ကျော်စိန်ဝင်းရေ ငါတို့ခဏနေ ပြန်လာခဲ့မယ်။ လမ်းကြောင်းကြည့်ရုံပါပဲ။ မကြာပါဘူး''

ကျွန်ုပ်တို့ မော်တော်ပေါ်တက်၍ ရေဆန်ခုတ်မောင်းရသည်။ ကမ်းနားကပ်၍တော့မရ။ လျှိုကြီးအတွင်း ဝင်နေသည့် လျှိုဝတွင် ဝဲဂယက်ဖြစ်နေ၍ ဝဲအားကျော်ပြီး ရှေ့မောင်းရသည်။

ဝဲဂယက်မှာ အတော်နက်ဟန်တူသည်။ တဟဲဟဲ အော်မြည်ပြီး လျှိုကြီးအဝတွင် ဝဲကန့်တော့ ထိုးနေသည်။

ကျွန်ုပ်တို့ မော်တော်ကလေး လှေတစ်ဖက်ကမ်း ခပ်လှမ်းလှမ်းတွင် ကမ်းကပ်ရပ်၍ နီးစပ်ရာ လမုပင်တစ်ပင်တွင် ချည်နှောင်ပြီး ကမ်းပေါ် တက်ခဲ့ကြသည်။

ဤနေရာတွင် လတာတောမှာ အတော်ကျယ်ပြောသည်။ လတာလွန်တော့ မြို့ရိုးဟောင်းပေါ် ပြန်တက်ရသည်။ မြို့ရိုးမှာ ရေတိုက်စားထားသဖြင့် ဟိုတစ်စ၊ ဒီတစ်စ ပြတ်တောက်နေသည်။

အချို့မှာ လဲပြိုနေပြီး ရေတိုက်စား၍ ကျောက်တုံး၊ ကျောက်ခဲများ တစ်စစီဖြစ်နေသည်။ ကျွန်ုပ်တို့အဖွဲ့မှာ ၎င်းတို့အပေါ် ဖြတ်ကျော်၍ လာခဲ့ကြရာ တောစပ်သို့ ရောက်လာသည်။

တောစပ်တွင် တဖင်းပင်၊ ညောင်ပင်နှင့် ပျဉ်းမပင်ကြီးများကို ကြိုကြား၊ ကြိုကြား တွေ့ရသည်။ ကျန်အပင်များမှာ မျောက်ချော





ဒီဒူးနှင့် လက်ပံပင်များသာ ဖြစ်သည်။

စိမ့်မြေဖြစ်၍ ရေငန်းနှင့် ကြိမ်ရုံများ၊ တောင်ငှက်ပျောရုံများကိုလည်း တွေ့ရသည်။ တစ်ဖက်တောင်ကုန်းပေါ်တွင် တောကြီးဖြစ်သည်။ စိမ့်စမ်းပေါသောဒေသဖြစ်၍ ကျွန်ုပ်ကအားလုံးအား သတိထားရန် အချက်ပြရသည်။

မကြာပါ၊ တောင်ငှက်ပျောရုံတစ်ဖက်မှ ဝက်အော်သံများကို ကြားရသည်။

''ဝု . . . အီ အီ . . . အစ် အစ်''

ကျွန်ုပ်တို့အဖွဲ့ သေနတ်များအား မောင်းကြိတ်တင်၍ လူဖြန့်လိုက်ကြသည်။ တောင်ငှက်ပျောရုံအရှေ့တွင် စမ်းရေအိုင်ရှိပုံရသည်။ မြင်ကွင်းက မပြတ်သေး။

ရှေ့တွင်ရှိသည့် ဝါးရုံပင်နှင့် မျောက်ချောပင်များအခြေသို့ကပ်လိုက်ကြပြီး ကြည့်ရာ ဝက်ပျိုမ (၃)ကောင် စမ်းအိုင်ထဲတွင် ရေစိမ်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့တစ်ကောင်စီ ရွေးလိုက်ကြသည်။ ပစ်မှတ်ကိုယ်စီရသည်နှင့် ဦးနေအောင်က အချက်ပေးသည်။

''ရှိ''

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း''

ပစ်မှတ်ကို တိကျသေချာစွာ မှန်သည်။ ပေ(၁၀၀)ခန့်သာဝေး၍ ကျွန်ုပ်တို့၏ လက်များအား စိတ်ချသည်။ ဝက်မ(၃)ကောင် စမ်းအိုင်ထဲတွင် ခေါင်းစိုက်လဲနေသည်။ သို့သော် –

တောစပ် ကညင်ပင်ကြီးအကွယ်မှ ဝက်သိုးကြီး ယမ်းခိုးနံ့ခံ၍ တစ်ရှူးထိုးပြေးထွက်လာသည်။ ကျွန်ုပ်၏ ပေါ့ဆမှုပင်ဖြစ်သည်။ ဝက်မရှိလျှင် ဝက်သိုးရှိတတ်သည်ကို ကျွန်ုပ်မေ့နေသည်။ ကျွန်ုပ်တို့ ကျည်သစ်လဲ မောင်းတင်နေချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

ကိုဇော်မင်း၏ နှစ်လုံးပြူးသေနတ်ကြီး ဘယ်ပြောင်းမှ အသံဖြစ်သည်။ သေနတ်မှန်သွားသော်လည်း ဝက်သိုးကြီးမှာ ကိုဇော်မင်းကာဘာယူထားသည့် ထွာဆိုင်ကျော်ခန့်ရှိ မျောက်ချောပင်အား တိုက်မိအောင် တိုက်လိုက်သေးသည်။

မျောက်ချောပင်မှာ အမြစ်ကျွတ်မတတ် ခါရမ်းသွားပြီး ဝက်သိုးကြီးမှာ အစွယ်များကျိုး၍ ဦးခေါင်းကွဲသွားသည်။ ဦးနေအောင်က ထပ်မံပစ်ရန် ချိန်လိုက်စဉ် ကိုဇော်မင်းက လက်ကာ၍

"ဆရာ မလိုတော့ဘူး။ သူ့စရိတ်နဲ့သူ သွားပြီ။ အစော်...သကြီးတဲ့ အကောင်ပဲ။ မျောက်ချောပင်စည်တောင် ဖွာလန်ကျဲသွားပြီ၊ အကာအကွယ်သာ မရှိရင်တော့ သွားပြီပဲ"

**ထျွန်းဝိ** ။ "အေးဗျာ ကျွန်တော်လည်း သတိတစ်ချက် လွတ်သွားတယ်။ ဝက်မတွေရှိရင် ဝက်သိုးကြီးရှိတတ်တာ မေ့သွားတယ်။ တော်သေးတာပေါ့ဗျာ ကိုဇော်မင်း နှစ်လုံးပြူးကြီး ကယ်ပေလို့ပေါ့"

**ဦးနေအောင်** ။ "ဒီလိုအခါမှာတော့ ကိုဇော်မင်း နှစ်လုံးပြူးကြီးက အားကိုးရယ်ဗျို့။ ကျုပ်တို့လည်း မျောက်ချောပင်ကို အကာအကွယ်ယူမိတာ မှားတာပဲ။ မျောက်တောင်ချောတာ လူဘယ်လို တက်လို့ရမလဲ ခေါင်းတောင်ပူသွားတယ်။

ဝက်ပစ်ရတာ အဆုံးအဖြတ်မှားရင် အန္တရာယ် အလွန်ကြီးပေတာပဲ"

**ထျွန်းဝိ** ။ "ကဲ . . . ဦးနေအောင်နဲ့ ကိုဇော်မင်းရေ။ အဓိကရည်ရွယ်ချက် ရှာကြဦးစို့ရဲ့။ အပြန်ကျမှ ဝက်ကောက်ကြတာပေါ့နော်"

**စိတ်ထူးထိစာပေ**



ဦးနေအောင်က မြေပုံအား ပြန်ကြည့်ပြီး –

"ဒီနားတစ်ဝိုက်ပဲ ဖြစ်မယ်ထင်တယ်ဗျ။ ဒါပေမယ့် ကိုသိန်းဝင်းပြောတဲ့ ကညင်ပင်မောင်နှမလည်း မတွေ့၊ ဘုရားစေတီလေးလည်း မတွေ့ပါလား"

**ထျွန်းဝိ** ။ "ဦးနေအောင်ရယ် ဘယ့်နှယ့်ကညင်ပင် မတွေ့ရမှာလဲ။ ဝက်သိုးကြီးထွက်လာတာ ကညင်ပင်ကြီးနောက်ကလေ"

**ဦးနေအောင်** ။ "အင်း . . . ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်လည်း ခေါင်းပူပြီး မေ့သွားတာ။ ဒါပေမယ့် ကိုသိန်းဝင်းရဲ့ အခုမြင်နေရတာ ကညင်ပင်ကြီး တစ်ပင်တည်းပါလား။ ကျန်တစ်ပင်က ဘယ်ရောက်သွားသလဲ"

**ဦးဇော်ခင်း** ။ "သွားကြည့်မှ သိမှာပေါ့ဗျာ။ နည်းနည်းလှမ်းသေးတော့ အခြားအပင်တွေ ကွယ်နေတာ ဖြစ်မှာပေါ့"

**ထျွန်းဝိ** ။ "ကညင်ပင်ဆိုတာ အမြင့်ဆုံးဗျ။ ဟို ကညင်ပင်ကြီးကို ကြည့်ပါလား တောထဲမှာ အမြင့်ဆုံးပဲ။ ကျန်တစ်ပင် ပျောက်နေတာ တစ်ခုခုကြောင့် ဖြစ်မယ်ထင်တယ်"

ကျွန်ုပ်တို့ စိမ့်တောကို ဖြတ်ကျော်၍ တောင်ခြေသို့ ကပ်ခဲ့ကြသည်။ ကညင်ပင်ကြီးအောက်ခြေရောက်မှ (၁၀')ပေခန့်အကွာတွင် ကညင်ပင်ငုတ်တိုကြီးတစ်ခုနှင့် လဲပြိုကျိုးပြတ်နေသော ကညင်ပင်စည်ကြီးတစ်ခုအား တွေ့ရသည်။

မိုးကြိုးထိမှန်ထားဟန်တူသည်။ ကညင်ပင်စည်ကြီးမှာ ဖွာလန်ကျဲ ကွဲအက်နေပြီး အချို့နေရာများတွင် မီးလောင်ဒဏ်ရာများကို တွေ့ရသည်။

**စိတ်ထူးထိစာပေ**

www.burmeseclassic.com

www.burmeseclassic.com



**ထွန်းဝိ** ။ "ကဲ . . . ကညင်ပင် မောင်နှမတော့ တွေ့ပြီ။ စေတီလေးကို ရှာပါဦး"

**တိုးဇော်ဇင်း** ။ "ဟောဟိုရှေ့မှာ ချုံကြီးဗျို့၊ အမြင့်ကြီးပဲ။ တောင်ကမူ ဖြစ်ဟန်တူတယ်။ သွားကြည့်ကြရအောင်"

ကျွန်ုပ်တို့ တောချုံကြီး အောက်ခြေရောက်တော့ တောချုံကြီးမှာ ပေ(၂၀)ကျော်ခန့်မြင့်မားပြီး တစ်စုံတစ်ရာအား နွယ်စိမ်းမှာ ရစ်ပတ်တွယ်တက်ပြီး ဖုံးအုပ်ထားခြင်း ဖြစ်သည်။ အတွင်းကို မမြင်ရ။

တောချုံကြီးမှာ ထုထည်ကောင်းပြီး ပိတ်ဆီးနေသည်။ ကျွန်ုပ်တို့တွင် ဓားရှည်များမပါ။ အမဲလိုက်ဓားမြှောင် ကိုယ်စီသာပါသည်။

**ဦးနေအောင်** ။ "ကျွန်တော်တို့ ဓားတိုလေးတွေနဲ့ ချုံထဲဝင်လို့တော့ မကောင်းဘူးဗျ။ ဝါးလုံးရှည်ရှည်ခုတ်ပြီး အပေါ်က နွယ်တွေကို ဆွဲချကြည့်ကြတာပေါ့"

ကျွန်ုပ်တို့အဖွဲ့ အနီးရှိကြသောင်းဝါးရုံမှ ဝါးရှည်ရှည်တစ်လုံးစီခုတ်ကြပြီး အဖျားတွင် ဝါးဆစ်ချိတ်လုပ်၍ နွယ်စိမ်းများအားဆွဲချကြရာ ရေညှိစိမ်းများတက်နေသော ကိုးတောင်ပြည့်စေတီလေး ပေါ်လာသည်။ ငှက်ပျောဖူးအစပ်မှ ကျိုးနေသဖြင့် ထီးတော်ပင် မရှိတော့။ ဘုရားငုတ်တိုကလေးသာ ဖြစ်သည်။

ကျွန်ုပ်တို့ နွယ်စိမ်းများအား ဆက်၍ဆွဲချကြရာ စေတီလေးအောက်ခြေမှ တောင်ပူစာကလေး ပေါ်လာသည်။ သို့သော် တောင်ပူစာကလေးအပေါ်မှ နွယ်ရင်းများဖြစ်ကြ၍ ဝါးလုံးဖြင့်ဆွဲ၍ မရနိုင်တော့။ ဓားဖြင့်ခုတ်မှသာ ရပေတော့မည်။





**ထွန်းဝိ** ။ "ကဲ . . . တော်လောက်ကြပြီ ထင်တယ်။ ဝါးလုံးနဲ့ မရတော့ဘူး၊ ဓားရှည်နဲ့မှ ရတော့မှာ။ ညနေလည်း စောင်းပြီ။ ဒီနေရာ မှန်တာတော့ သေချာပါတယ်"

**ဦးနေအောင်** ။ "မနက်ဖြန်မနက် လာကြတာပေါ့။ ဝက်တွေကိုလည်း သယ်ရဦးမှာ။ ဝါးလုံးတွေတော့ ထမ်းလာကြဗျို့ ဝက်ထမ်းရဦးမှာ"

ကျွန်ုပ်တို့ (၃)ဦး ဝါးလုံးများထမ်း၍ ဝက်ပစ်ထားရာ စမ်းအိုင်ဆီသို့ ပြန်ခဲ့ကြသည်။ ဝက်မများမှာ အချိန် (၅၀)နီးစီ ရှိသဖြင့် တစ်ယောက်တည်း မနိုင်။ ဝက်တုပ်တုပ်၍ နှစ်ယောက်တစ်တွဲ တစ်လှည့်စီ ထမ်းရသည်။

ဝက်မ(၃)ကောင်အား ကမ်းစပ်ပို့ပြီးနောက် ဝက်သိုးကြီးမှာ အချိန်(၇၀)ကျော်ခန့်ရှိ၍ နှစ်ယောက် ဝါးလုံးလျှိုထမ်းသော်လည်း မနိုင်၍ (၃)ယောက်ထမ်းမှ ရတော့သည်။

ကမ်းစပ်မှ မော်တော်ပေါ်တင်ရာ၌လည်း ရေထဲဆင်း၍ လုပ်ကြရသည်။ ဝက်လေးကောင် မော်တော်ပေါ်ရောက်တော့ ကျွန်တော်တို့ (၃)ယောက်လည်း ဖတ်ဖတ်မောပေပြီ။ တစ်ကိုယ်လုံးလည်း ဝက်သွေးများ ရေများဖြင့် စိုရွှဲနေသည်။

ကျွန်တော်တို့ ပထမနေရာပြန်ရောက်တော့ ကျော်စိန်ဝင်းနှင့် နော်ဇာက ကမ်းစပ်တွင် ဆင်းကြိုနေကြသည်။

**ကျော်စိန်ဝင်း** ။ "ကိုယ့်ဆရာတွေဆီက သေနတ်သံကြားရလို့ အမဲရမှန်းသိလို့ ဆင်းကြိုတာပါ။ ဘယ့်နှယ့်လဲ



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံး စုတ်ပြတ်လို့ပါလား၊ ဟား . . . ဟား . . . ဟား''

**ထိုဇော်ဝင်း** ။ ''အေး . . . အေး . . . မင်းကတော့ ရယ်နိုင်မှာပေါ့။ ဒီမှာတော့ ကံကောင်းလို့ မသေတာ။ ကဲ . . . ဒီတစ်ခါ မင်းအလှည့်ပဲ လာထမ်းလှည့် ကျော်စိန်ဝင်း''

**ကျော်စိန်ဝင်း** ။ ''ကျုပ်က ထမင်းဟင်းချက်ပြီး ရေတောင်ချိုးပြီးပြီဗျ''

**ဦးနေအောင်** ။ ''အေးပါ ထားပါ။ ငါတို့ပဲ လက်စနဲ့ သယ်ပါ့မယ်။ မင်းဖျက်ဖို့ အဆင်သင့်လုပ်ထား''

**ကျော်စိန်ဝင်း** ။ ''ဘာထူးမှာလဲဗျ။ ဝက်ဖျက်တော့ ပိုတောင်ပေဦးမယ်။ ကဲ . . . ကျွန်တော်လည်း ထမ်းဖို့လာခဲ့ပါ့မယ်ဗျာ၊ ဟား . . ဟား . . . ဟား။ ကိုယ့်ဆရာတွေ အခုမှ ကြည့်လို့ကောင်းတာ။ တစ်ခါမှ ပင်ပင်ပန်းပန်း လက်ကြောတင်းအောင်လုပ်တာ မမြင်ဖူးသေးဘူး။ အခုမှ ဟား . . . ဟား . . . ဟား''

ကျော်စိန်ဝင်းပြောသည်မှာ ဟုတ်တော့ဟုတ်ပါသည်။ ယခင်အမဲလိုက်စဉ်က တပည့်တပန်းများပါ၍ ကျွန်ုပ်တို့ အမဲကောင်များအား ထမ်းဖို့မဆိုထားနှင့် လက်ဖျားဖြင့်ပင် ထိစရာမလို။

ယခုတော့ လျှို့ဝှက်ကိစ္စဖြစ်၍ တပည့်တပန်းများ မပါရှိ၍ ကိုယ်တိုင်ထမ်းရခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့အဖွဲ့ ဝက်တစ်ကောင်နှစ်ယောက်တစ်တွဲနှုန်းဖြင့် ပြန်ထမ်းရသည်။

ကျွန်တော်နှင့် ဦးနေအောင်က တစ်တွဲ၊ ကျော်စိန်ဝင်းနှင့် ကိုဇော်မင်းတို့ကတစ်တွဲ ဖြစ်သည်။ ကျွန်တော်နှင့် ဦးနေအောင်က





ပထမဆုံးအတွဲထမ်းကြ၍ ဒုတိယ အခေါက်တွင် ဝက်သိုးကြီးအား လှန်ချထားခဲ့ရာ ကျော်စိန်ဝင်းနှင့် ကိုဇော်မင်းတို့ ဒုတိယအခေါက်တွင် အီးကွဲအောင် ထမ်းကြရတော့သည်။

**ကျော်စိန်ဝင်း** ။ ''အင်း . . . ဆရာတွေဆိုတော့လည်း တပည့်တွေကို ပညာပေးတာပေါ့လေ၊ ခံလိုက်ကြဦးပေါ့။ ဒီတစ်ခါတော့ ကျော်စိန်ဝင်း အလှည့်ပဲ ဝက်သိုးကြီးကို ဝိုက်မလှီးဘဲ ခင်ဗျားတို့ကို ဒီအတိုင်း ချက်ကျွေးမယ် သိကြရောပေါ့''

**ဦးနေအောင်** ။ ''ကျော်စိန်ဝင်း မင်းပါစားရင်း လုပ်လိုက်လေ။ ငါတို့ကတော့ ဝက်သိုးသား မစားဘူး။ ငါးဟင်းနဲ့ပဲစားမှာ''

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဝက်သိုးအားရလျှင် သိုအံ့ကြီးအား ချက်ချင်းလှီးထုတ်ရသည်။ ကြာသွားပါက သိုအနံ့များ တစ်ကိုယ်လုံးပျံ့နှံ့ပြီး စားမရနိုင်တော့ ကျွန်ုပ်တို့ မေ့လျော့သွားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ တဲရှေ့ရေအိုင်ထဲတွင် ရေချိုးကြသည်။ အဝတ်လျှော်ကြသည်။ ရေအိုင်ထဲတွင် ငါများမည်မျှ ပေါသည်မသိ၊ ရေချိုးရင်း ကျွန်ုပ်တို့ ခန္ဓာကိုယ်ကိုပင် ငါးများက တိုက်ခိုက်သွားသေးသည်။

ကျွန်ုပ်နှင့်ဦးနေအောင်က ရေချိုးပြီးသွားတော့ ရွက်ဖျင်တဲရှေ့တွင် မီးကာခင်း၍ ဝိုင်းဖွဲ့ကြသည်။ နော်ဇာက ငါးကင်နှင့်ငါးကြော်များအား အမြည်းအဖြစ် ချပေးသည်။ ကျော်စိန်ဝင်းလက်ရာများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦး စားသောက်နေစဉ် ကျော်စိန်ဝင်း နှင့် ကိုဇော်မင်းတို့က ဝက်များဖျက်နေကြသည်။ နော်ဇာကတော့ အမြည်း လုပ်ရန် ဝက်ကလီစာများ ချက်နေရှာသည်။

**ဦးနေအောင်** ။ ''ကျော်စိန်ဝင်းနဲ့ ကိုဇော်မင်းတို့တော့ ဝက်ဖျက် ပြီးရင်လည်း ပင်ပန်းဦးမှာပဲ။ ဝက်သားတွေက ကြပ်တိုက်ထားမှခံမှာ။ နို့မို့အုပြီး အလကားဖြစ် ကုန်မယ်''

**ထျွန်ုပ်** ။ ''ဟုတ်ပါ့ဗျာ။ ကျွန်တော်တို့လည်း မမျှော်လင့်ဘဲ ဝက်တွေ အများကြီးရလိုက်တယ်။ ကသာမှာဆို ရင်တော့ အဖိုးတန်နေမှာပဲနော်''

**ဦးနေအောင်** ။ ''အေးဗျာ မနက်ဖြန်မှရရင် အလွန်ကောင်းမှာ။ တောကောင်ဆိုတော့လည်း ကြိုးချည်ထားတာ မဟုတ်တော့ ကြုံတုန်းပစ်ရတာပေါ့ ဘယ်တတ် နိုင်မလဲ''

ကျွန်ုပ်တို့က ပူပန်မိနေသော်လည်း ကိုဇော်မင်းနှင့် ကျော် စိန်ဝင်းတို့က မညည်းပါ။ ဝက်ဖျက်ရင်း ကြပ်တိုက်ရင်းဖြင့် ကျွန်ုပ်တို့ ဝိုင်းလာ၍ သောက်လိုက်၊ အလုပ်လုပ်လိုက်နှင့် အဆင်ပြေနေပါ သည်။

အဆင်မပြေသည်က နော်ဇာဖြစ်သည်။ သူ့ခမြာကျော်စိန်ဝင်း နှင့်လည်း စေ့စပ်ကြောင်းလမ်းထားခြင်းပင် မလုပ်ရသေး။ ရည်းစား ဘဝမှာလည်း ရက်ပိုင်းသာရှိသေးသည်။

ကျွန်ုပ်တို့ ယောကျ်ားသားကြီး လေးယောက်နှင့် တဲကလေး





တစ်တဲအတွင်း အတူအိပ်ရမည်ဖြစ်၍ စိုးရွံ့ရှာပေမည်။ နောက်တစ်ခု က လူကြမ်းမုဆိုးကြီးများ ဖြစ်ကြသော ကျွန်ုပ်တို့က အရက်သေစာ များလည်း သောက်စားထားသေးသည်။

ထို့ကြောင့် ကျွန်ုပ်က နော်ဇာအား ကွက်ကြည့်ကွက်ကြည့် လုပ်မိရာ ဦးနေအောင်က တိုးတိုးကလေး နောက်ပြောင်ပါသည်။

''ကိုသိန်းဝင်း သံယောဇဉ်မကုန်သေးရင် ယှဉ်ပြိုင်နိုင်သေး တယ်နော်။ ခင်ဗျားလည်း လူပျိုလူလွတ်ပဲ။ အချစ်နဲ့စစ်ပွဲမှာ မတရား တာ မရှိဘူး။ အချိန်ရှိသေးတယ် ကြိုးစားထား''

**ထျွန်ုပ်** ။ ''မဟုတ်ရပါဘူး ဦးနေအောင်ရယ်။ ကျွန်တော် သဘောရိုးနဲ့ပါ။ ဒီကလေးမ ညကျရင် ယောကျ်ား ကြီးလေးယောက်နဲ့အတူ တဲလေးထဲမှာ အိပ်ရမှာဆိုတော့ သူ့ခမြာ ကြောက်လန့်နေရှာမှာပဲလို့တွေးပြီး စိတ်မကောင်းဖြစ်နေမိတာပါ။ ကြည့်ပါလား သူ့မျက်နှာကလေး မှိုးချုပ်လာတာနဲ့ စိုးရွံ့နေဟန်ကလေး ဖြစ်နေရလို့ပါ''

**ဦးနေအောင်** ။ ''မပူပါနဲ့ ကိုသိန်းဝင်းရယ်။ ခင်ဗျားသူငယ်ချင်း ကျော်စိန်ဝင်းလည်း စည်းရုံးရေးမညံ့ပါဘူး။ နော်ဇာ လည်း ခေတ်သားသမီးပဲ မညံ့ပါဘူး။ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ။ တွေးပြီး ပူမနေပါနဲ့။ စိတ် အေးလက်အေး သောက်စမ်းပါဗျာ''

ကျော်စိန်ဝင်းတို့ အလုပ်က ည(၁၀)နာရီခန့်မှ ပြီးတော့ သည်။ ညအိပ်ယာဝင်ကြတော့ နော်ဇာအား ကျော်စိန်ဝင်းအနီး အစွန် ဆုံးတွင် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ကျွန်ုပ်တို့ (၂)နာရီတစ်ကြိမ် ကင်းစောင့်ရမည်ဖြစ်ရာ ကင်းဦးကို ကိုဇော်မင်းနှင့်ကျော်စိန်ဝင်းအား စောင့်ခိုင်းပြီး နောက်ပိုင်းကျွန်ုပ်နှင့် ဦးနေအောင်က စောင့်ကြရသည်။

ရေဝတီမြစ်မှ လှိုင်းပုတ်သံနှင့် လျှို့ဝှက်ဖွဲ့အော်သံက လွဲ၍ ထူးခြားမှုမရှိပါ။ ညသည် အေးဆေးငြိမ်သက်စွာ ကုန်ဆုံးသွားသည်။

မိုးလင်းပိုင်း တာဝန်ကျသော ကျွန်ုပ်ကင်းစောင့်နေစဉ် မနက် (၄)နာရီခန့်၌ ကျော်စိန်ဝင်းနှင့်နော်ဇာတို့ နိုးထလာကြသည်။

**ကျွန်ုပ်** ။ ''အစောကြီး ရှိသေးတယ်။ ပြန်အိပ်ဦးလေ။ အခုမှ မနက်လေးနာရီကျော်ရုံပဲ ရှိသေးတာ''

**ကျော်စိန်ဝင်း** ။ ''ခင်ဗျားတို့အတွက် BREAK FAST ထမင်းကြော် စီစဉ်ပေးမလို့ပါ။ ကော်ဖီလည်း ဖျော်ရမှာဆိုတော့ ရေနွေးအိုးလည်း တည်ရဦးမယ်လေ။ ဒီအချိန်ထလုပ်မှ မနက်စောစော စားနိုင်မှာပေါ့။ ကဲ . . . ကျုပ်တို့နိုးပြီပဲ ခင်ဗျား ခဏပြန်အိပ်လိုက်ပါဦး။ အချိန်ရပါသေးတယ်''

**ကျွန်ုပ်** ။ ''အေးကွာ . . . အဲဒါဆိုရင်လည်း ခဏပြန်နှပ်လိုက်ဦးမယ်''

ကျွန်ုပ် အိပ်ယာပြန်ဝင်တော့ ကျော်စိန်ဝင်းတို့အတွဲ ထင်းချိုး မီးမွှေးနေသံများကို ကြားနေရသည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် အတွဲညီလှပေသည်။

မကြာမီ ကျွန်ုပ်မှေးခနဲ အိပ်ပျော်သွားတော့သည်။ စိတ်ချ လက်ချ အိပ်ရ၍ ထင်ပါသည်။ မနက်စားစားရန် ကျွန်ုပ်အား နှိုးတော့မှ တစ်ရေးနိုးတော့သည်။ တုံယော်ဝမြို့ဟောင်းတွင် နှစ်ခြိုက်စွာ အိပ်ပျော်





ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ မနက်စာစားသောက်ပြီး ပြင်ဆင်၍ အကုန်သူ ခေါ်ကာ ထွက်ခဲ့ကြသည်။ ကျော်စိန်ဝင်းတို့ ချက်ပြုတ်ရန် ပစ္စည်းများ အား အဆင်သင့်ယူခဲ့ကြသည်။

မနေ့ကအတိုင်းပင် မော်တော်ကလေးအား ဝဲကိုရှောင်ရင်း ဆန်ခုတ်မောင်းပြီး ကမ်းကပ်ခဲ့ကြသည်။ ကမ်းစပ်ကိုကျော်၊ တောစိုကို ရောက်တော့ သတိထားကြရပြန်သည်။

ယမန်နေ့က ဝက်ပစ်သော စမ်းအိုင်ဘက်မှ ရေသံတဝုန်းဝုန်း ကြားနေရသည်။ ဝက်အော်သံတော့ မကြားရ။ ကျွန်ုပ်တို့ (၃)ဦးနေရာ ယူ၍ ကြည့်ကြရာ စမ်းအိုင်ထဲတွင် စပါးကြီးမြွေကြီးတစ်ကောင် ငါးဖမ်း စားနေခြင်းဖြစ်သည်။

**ကိုဇော်မင်း** ။ ''ဆရာ ကျွန်တော်ပစ်လိုက်ရမလား''

**ကျွန်ုပ်** ။ ''မလုပ်ပါနဲ့ ကိုဇော်မင်း။ ဒီဒေသက မြွေပေါတယ် ဆိုတော့ ကျွန်တော်တို့ ရှောင်တာကောင်းပါတယ်။ ညာဘက်က ကွင်းသွားကြတာပေါ့''

ကျွန်ုပ်တို့အဖွဲ့ စမ်းချောင်းအားကျော်၍ တောစပ်ကိုဖြတ်ပြီး တောင်ကုန်းပေါ်တက်၍ ကညင်ပင်ကြီးအောက်တွင် စတည်းချကြသည်။ ကညင်ပင်ကြီးနှင့် ကျွန်ုပ်တို့ရှာဖွေရမည့် စေတီတောင်ကုန်းမှာ ကိုက်(၁၀၀)ခန့်သာဝေးသဖြင့် လှမ်းမြင်နေရသည်။ ခြေရာလက်ရာ မပျက်ပါ။

ကျွန်ုပ် ကညင်ပင်ကြီးအောက်တွင် ခေတ္တနားကြပြီးနောက် ကျွန်ုပ်က တောစောင့်နတ်၊ တောင်စောင့်နတ်များအား တိုင်တည်၍



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသုတ်ကို ရွတ်ဆိုပြီး အမျှဝေသည်။ ပြီးနောက် ခန္ဓသုတ်တော်ကို ရွတ်ဆိုသည်။

(၁) သဗ္ဗသီဝိသ ဇာတိနံ
ဒိဗ္ဗမန္တာ ဂဒံ ဝိယ
ယံနာသေတိ ဝိသံ ဃောရံ

(၂) အာဏာ ခေတ္တမှိသဗ္ဗတ္တ
သဗ္ဗဒါ သဗ္ဗပါဏိတံ
သဗ္ဗသောပိ နိဝါရေတိ
ပရိတ္တံ တံ ဘဏာမဟေ × × × × ×

ပရိတ်တော်ရွတ်ဆိုပြီးနောက် သတ္တဝါအားလုံးအား အမျှဝေ၊ မေတ္တာပို့သည်။ အထူးသဖြင့် မြွေများနှင့် ကွယ်လွန်ကြပြီဖြစ်သော ရတနာသိုက်နှင့် ပတ်သက်သည့် ရတနာဒီပဦးလောက်ဖျား၊ ဦးလောက် ဖိန်နှင့် ဦးလောက်စိန်တို့အား အထူးမေတ္တာပို့၊ အမျှဝေပါသည်။ ကျွန်ုပ်တို့အား ဘေးရန်အပေါင်းမှ စောင့်ရှောက်ကာကွယ်ကြရန်လည်း မေတ္တာရပ်ခံသည်။

ပြီးမှ ကျွန်ုပ်၊ ဦးနေအောင်၊ ကိုဇော်မင်း နှင့် ကျော်စိန်ဝင်းတို့ ဝါးလုံးများ၊ ဓားရှည်များ၊ ပေါက်တူး၊ ပေါက်ချွန်း၊ တူရွင်းများ ယူ၍ စေတီတောင်ကုန်းအား ရှင်းလင်းကြတော့သည်။

ပထမဆုံး တောင်ကုန်းအောက်ခြေမှ နွယ်ပင်ရင်းများနှင့် သစ်ပင်ငယ်များအား ခုတ်ဖြတ်သည်။ ဝါးချိတ်နှင့်ဆွဲယူ၍ စုပုံထားသည်။ တဖြည်းဖြည်း စေတီတောင်ကုန်းမှာ နွယ်ချုံများ ရှင်းလင်းသွားတော့ တောင်ကုန်းအောက်ခြေတွင် ဂူပေါက်ဝတစ်ခု ပေါ်လာသည်။ အကျယ်အဝန်းမှာ လူတစ်ယောက် ခေါင်းငုံ့ဝင်ရုံသာရှိသည်။





ဦးနေအောင်က အမဲလိုက်ဓာတ်မီးနှင့် ထိုးကြည့်ရာ ဂူပေါက်ဝမှာ ကျဉ်းသော်လည်း အထဲတွင် (၁၀')ပေ ပတ်လည်ခန့်ကျယ်သော လိုဏ်ခေါင်းကြီးကို တွေ့ရသည်။

အမှိုက်သရိုက်များနှင့် ရှုပ်ပွနေသည်။ ကျွန်ုပ်တို့ အတွင်းသို့ မဝင်ရဲသေးပါ။ ဦးနေအောင်က မီးထိုးပြပြီး ကျော်စိန်ဝင်းက ဝါးလုံးရှည်ဖြင့် အမှိုက်များအား ကော်ထုတ်နေသည်။

တစ်နာရီခန့်ကြာမှ အမှိုက်များ ရှင်းလင်းသွား၍ ကျွန်ုပ်တို့ ဝင်ရန် အဆင်ပြေသွားသည်။ ကျွန်ုပ်က မဝင်သေးမီ မေတ္တာသုတ်နှင့် ခန္ဓသုတ်အား ရွတ်ဆိုပြီး မေတ္တာပို့ရပြန်သည်။

ဂူထဲသို့ ကျွန်ုပ်တို့ဝင်ကြရာ ဘုရားဂုဏ်တော် သုတ်တော်များ၏ အစွမ်းကြောင့် မြွေဆိုးများကို မတွေ့ရပါ။ ရတနာပစ္စည်း မြှုပ်နှံမည့်နေရာအား ခန့်မှန်းကြသည်။ နေရာအနှံ့တူး၍မဖြစ်။ ကျွန်ုပ်တို့ လေ့လာရင်း ဂူမြေပြင်ဗဟိုလောက်တွင် ကျောက်တုံးတစ်တုံးအား တွေ့ရသည်။

မြေကြီးထဲ မြှုပ်ထားခြင်းမဟုတ်ဘဲ မြေပေါ်တွင် တင်ရုံတင်ထားခြင်းဖြစ်သည်။ ကျောက်တုံးအား မီးထိုး၍ လေ့လာကြည့်ကြရာ ကျောက်တုံးထိပ်တွင် စို့နှင့်ရိုက်၍ ဖောက်ထားသော အပေါက် (၃)ပေါက်ကို တွေ့ရသည်။

**ကျွန်ုပ်** ။ ''ဦးနေအောင် ဒီနေရာပဲဗျ။ ကျောက်တုံးပေါ်က အပေါက်(၃)ပေါက်က မြေပုံထဲက အစက်(၃)စက်နဲ့ တူနေတယ်။ သင်္ကေတပြတဲ့ သဘောနဲ့တူတယ်။ ကျောက်တုံးကို ဖယ်ပြီး ဒီနေရာမှာ တူးကြမယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ တူရွင်းများနှင့် တစ်ယောက်တစ်လက် ဖြည်းညင်းစွာ တူးကြသည်။ တောင်ပို့မြေဖြစ်၍ မြေမှာဝါနေပြီး ပွသည်။ မကြာ[illegible]ပါ အိုးနှုတ်ခမ်းကို စတွေ့သည်။

လက်များ၍ မဖြစ်တော့သဖြင့် ကျော်စိန်ဝင်းကတူးပြီး ကိုဇော်မင်းက မြေခဲများအား လက်ဖြင့်ဖယ်ထုတ်သည်။ ကျွန်ုပ်က ခပ်ဝေးဝေးတွင် သယ်ယူစုပုံပြီး ဦးနေအောင်က မီးပြပေးသည်။

အိုးနှုတ်ခမ်းသားမှ လည်ပင်းနှင့် အိုးကိုယ်ထည်ကြီး တဖြည်းဖြည်းပေါ်လာသည်။ ရွှံ့ကောင်းကောင်းနှင့် ဖုတ်ထားသော အိုးအမဲကြီးဖြစ်သည်။ အိုးဝမှ မြေခဲများအား ဖယ်ရှားလိုက်တော့ ပျားဖ[illegible]ယောင်းဖြင့် ပိတ်ဆို့ထားသဖြင့် အတွင်းထဲသို့ မမြင်ရပါ။

ကျော်စိန်ဝင်းက စိတ်ရှည်လက်ရှည်တူး၍ အိုးအခြေပေါ်သည်နှင့် နှဲ၍ဆွဲထုတ်ကြသည်။ မကြာမီ မြေကြီးထဲမှ အိုးမဲကြီးမှာ မြေပေါ်သို့ ရောက်လာသည်။

ကျွန်ုပ်တို့အိုးပေါ်မှ ကပ်နေသည့် မြေကြီးများအား ပွတ်တိုက်ကြည့်ကြရာ မြေအိုးလည်ပင်းအောက်တွင် ''ရတနာဒီပံလောက်များ''ဟု ရေးထွင်းထားသည်ကို တွေ့ရသဖြင့် ရတနာအိုးဖြစ်ကြောင်း သေချာသွားပြီဖြစ်သည်။ ကျော်စိန်ဝင်းက ပတ်ဝန်းကျင်ကို တူးဆွနေပြန်သဖြင့်

**ထွန်းဝ** ။ ''ဖိုးကျော် ဆက်မတူးနဲ့တော့ တီကောင်တွေ ထွက်လာတော့မယ်။ မြေပုံညွှန်းအရ ဒါတစ်[illegible] တည်းပဲ။ မြေပြန်ဖို့လိုက်တော့''

ကျွန်ုပ်တို့ ခြေရာလက်ရာမပျက် ပြန်ဖို့ခဲ့ပြီး ကိုဇော်မင်းက ရတနာအိုးထမ်း၍ ထွက်လာခဲ့သည်။ ကညင်ပင်ကြီးအောက်ရောက်တော့





**နော်ဇာထ** ။ ''အစ်ကိုတို့ ရတနာအိုးရလာခဲ့ပြီ ထင်တယ်။ ဝမ်းသာလိုက်တာ''

ကျွန်ုပ်တို့ ခဏနား၊ အပန်းဖြေပြီးမှ အိုးအဝ ဖယောင်းများအား အမဲလိုက်ဓားနှင့် ခွာထုတ်ရသည်။ ဖယောင်းများမှာ မြေမြှုပ်ထားသဖြင့် မာကျောနေသော်လည်း ဖန်သားပြင်ကဲ့သို့ မမာပါ။

တဖြည်းဖြည်း ကလော်ထုတ်ရင်း ဖယောင်းခဲကြီးထွက်သွားတော့ အထဲတွင် ဝင်းလက်တောက်ပြောင်နေသည့် ရတနာပစ္စည်းများကို တွေ့ရတော့သည်။ အဖိုးတန်ကျောက်မျက်ရတနာများ မြှုပ်နှံထားသည့် ရှေးခေတ်လက်ဝတ်ရတနာများဖြစ်သည်။ တစ်ပြည်သားခန့်ပင် ရှိလိမ့်မည်။

**ထွန်းဝ** ။ ''ကဲ . . . ဦးလောက်စိန်ရဲ့ အမှာစကားအတိုင်း ဝေပုံကျ ပုံကြစို့။ ကျွန်တော်တို့အထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဦးနေအောင်က ပုံပေးပါ။ ပုံတဲ့သူကတော့ နောက်ဆုံးမှယူရမယ် မျှတအောင်လို့ပါ''

ဦးနေအောင်က စိတ်ရှည်လက်ရှည် မြက်ခင်းပေါ်တွင် ရတနာပစ္စည်းများအား အိုးထဲမှအကုန်သွန်ချပြီး တစ်ပုံချင်းပုံပါသည်။

ကျောက် များ၏ အရည်အသွေးကြောင့် တန်ဖိုးချင်းတူမည်မဟုတ်သော်လည်း ကျွန်ုပ်တို့ အမျှတဆုံး လုပ်ဆောင်ပေးခြင်းသာဖြစ်ပါသည်။ (၆)ပုံ ပုံပြီးသည်နှင့် ကျွန်ုပ်ကဦးဆုံးအပုံအား ကောက်ယူ၍ နော်ဇာအား အပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ထွန်းဝိ** ။ ''ဒါကတော့ ကျေးဇူးရှင် မူလရတနာပိုင်ရှင်များ ဖြစ်ကြတဲ့ ရတနာဒီပံ ဦးလောက်ဖျားနဲ့ ပစ္စည်းတွေ့တဲ့ မုဆိုးကြီး ဦးလောက်ဖိန်၊ ရတနာမြေပုံပေးခဲ့တဲ့ နော်ဇာတို့အဖေ ဦးလောက်စိန်တို့အတွက် ကောင်းမှုကုသိုလ်လုပ်ရမယ့် အပုံပါ။

နော်ဇာသီးခြား သိမ်းထားပါ။ ညည်းတို့ရမယ့် အစုအပုံတွေနဲ့ မရောစေနဲ့နော်''

နော်ဇာက အသင့်ပါလာသော တဘက်ကလေးဖြင့် ထုတ်၍ စုချည်ထားသည်။

**ထွန်းဝိ** ။ ''ကဲ . . . နောက်တစ်ပုံကတော့ ဦးလောက်စိန်ရဲ့ သမီးနော်ဇာအတွက်ပါ ကြိုက်တဲ့ အပုံကိုရွေးယူပါ''

နော်ဇာယူပြီးနောက် ကျော်စိန်ဝင်း၏အလှည့်၊ ကျော်စိန်ဝင်းပြီးတော့ ကိုဇော်မင်းကို အလှည့်ပေးသည်။ ပြီးနောက် ကျွန်ုပ်၏အလှည့်ဖြစ်၍ ကျွန်ုပ်တစ်ပုံယူလိုက်သည်။ နောက်ဆုံးအပုံမှာ ဦးနေအောင်၏ အပုံဖြစ်သည်။

**ဦးနေအောင်** ။ ''ဦးသိန်းဝင်း တော်တယ်ဗျာ။ အလွန်မျှတအောင် လုပ်တတ်တယ်။ ရှေးဟောင်းပစ္စည်းဆိုတာက အလွန်နတ်ကြီးတယ်။ ခံစားထိုက်မှ ခံစားရတာ။ စိတ်ကောင်း စေတနာကောင်းရှိဖို့လည်း အလွန်အရေးကြီးတယ်။ အခုတော့ အောင်မြင်ပါပြီဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်''

**ထိုဇော်ခင်း** ။ ''ကဲ . . . ကျွန်တော်တို့ ပြန်ကြမှာလား''





**ထွန်းဝိ** ။ ''ကိုဇော်မင်းရယ်၊ ကိစ္စပြီးပြီပဲ။ အေးအေးဆေးဆေးပေါ့ဗျာ။ ဒီနေရာက အေးချမ်းပါတယ်။ အနားယူရင်း ချက်ပြုတ်စားသောက်ကြပြီးမှ ပြန်ကြတာပေါ့ မဟုတ်ဘူးလား''

**ဦးနေအောင်** ။ ''ဟုတ်ပါတယ်၊ အဲ့ဒီအစီအစဉ် ကောင်းပါတယ်။ ရည်ရွယ်ချက်လည်း ပြီးမြောက်အောင်မြင်ပြီဆိုတော့ နားနားနေနေပေါ့။ အခုမှ မနက်(၁၀)နာရီကျော်ရုံပဲ ရှိပါသေးတယ်။ ချက်ပြုတ်စားသောက်ပြီးမှ ပြန်ကြတာပေါ့''

**ကျော်စိန်ဝင်း** ။ ''ကောင်းပါတယ်။ အဲ့ဒီအစီအစဉ် ကောင်းပါတယ်။ ကဲ . . . နော်ဇာရေ အစ်ကိုတို့ ချက်ပြုတ်ဖို့ ပြင်ဆင်ကြစို့''

**နော်ဇာ** ။ ''ဟုတ်ကဲ့ အစ်ကို''

ကျွန်ုပ်က ရေခပ်ပေးသည်။ ကိုဇော်မင်းက ထင်းရှာပေးသည်။ ကျော်စိန်ဝင်းနှင့် နော်ဇာတို့က မီးဖိုနှစ်ဖိုခွဲ၍ ချက်ပြုတ်ကြရာ မကြာမီ အဆင်သင့်ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့ အသင့်ပါလာသော ပန်းကန်များဖြင့် ခူးခပ်စားကြရာ အလွန်ပျော်စရာကောင်းသည်။ လုပ်ငန်းအောင်မြင်သဖြင့်လည်းကောင်း၊ ပူပူနွေးနွေးစားရ သောက်ရသဖြင့်လည်းကောင်း အလွန်မြိန်သော နေ့လယ်စာ ထမင်းပွဲဖြစ်သည်။

အရိပ်ကောင်းသည့် ကညင်ပင်ကြီးအောက် မြက်ခင်းပြင်ပေါ်တွင် စားကြ၊ သောက်ကြရသဖြင့်လည်း ပျော်ပွဲစားထွက်သကဲ့သို့ပင် အားလုံးမျက်နှာများ ပြုံးပျော်ရွှင်လန်းနေကြသည်။

ကျွန်ုပ်တို့အဖွဲ့ မွန်းလွဲပိုင်းမှ မော်တော်ဆီသို့ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မော်တော်မောင်း၍ မူလနေရာသို့ ပြန်ခဲ့ကြပြီး ပစ္စည်းများနှင့် ရွက်ဖျင်တဲအား သိမ်းရသည်။

ကြပ်တိုက်၍ နေလှန်းထားသော တောဝက်သားများကိုလည်း သိမ်းဆည်းပြီး ထုပ်ပိုး၍ မော်တော်ပေါ် တင်ရသေးသည်။ တုံငယ်ဝ အပြန် လက်ဆောင်များဖြစ်ပေမည်။

ကျွန်တော်တို့ မော်တော်လေး တုံငယ်မြို့ဟောင်းက ပြန်ထွက်လာတော့ မွန်းလွဲ (၂)နာရီခန့် ရှိပေမည်။ ကျွန်ုပ်တို့အပြန်ခရီးမှာ ရေဆန်ဖြစ်၍ မော်တော်အသွားနှုန်းမှာ အလွန်နှေးသည်။

ကိုဇော်မင်းက မော်တော်ကလေးအား ရေစီးကြမ်းသော ရေလယ်မှ မမောင်းဘဲ ညာဘက်ကမ်းသို့ ကပ်မောင်းသည်။ ထို့ကြောင့် စက်အားကောင်းသော မော်တော်ကလေး၏ အသွားနှုန်းမှာ တဖြည်းဖြည်း မြန်လာသည်။

ကျွန်ုပ်တို့ မော်တော်ကလေး ချွန်းတောင်းမြို့ဟောင်းကို ကျော်ပြီးနောက် မဲဇာချောင်းနှင့် ဧရာဝတီမြစ်ဆုံရာ ညောင်ပင်သာရွာသို့ ရောက်လာသည်။

ဦးနေအောင်က ညောင်ပင်သာရွာ သစ်ဆယ်စခန်းသို့ ဝက်သားများဝင်၍ လက်ဆောင်ပေးသည်။ သစ်အယ်စခန်းမှ ဝန်ထမ်းများ အလွန်ပျော်သွားကြသည်။

ကျွန်ုပ်တို့ ဆက်လက်ထွက်ခွာလာရာ မြတောင်ကိုကျော်၍ ထီးချိုင့်မြို့နယ်အတွင်း ဝင်လာသည်။ မကြာမီ မြသိန်းတန်တောင်ကြီး နောက်ခံထားသော အလွန်လှပသည့် ထီးချိုင့်မြို့သို့ ရောက်လာသည်။

**ထိုဇော်ခင်း** ။ ''ကသာနဲ့ ထီးချိုင့်က မိုင် (၃၀)ဝေးသေးတော့ ညမိုးချုပ်စမှ ကသာကို ရောက်မယ်ထင်တယ်ဗျို့''





**ဦးနေအောင်** ။ ''မိုးချုပ်လေ ကောင်းလေပေါ့ ကိုဇော်မင်းရယ်။ အေးအေးဆေးဆေးပါ။ ခင်ဗျားဆိုင်တွေ မပိတ်လောက်သေးပါဘူး။ မိပါတယ်''

**ထိုဇော်ခင်း** ။ ''အဟဲ . . . ဆရာကလည်း သိနေပြန်ပါပြီ။ ပင်ပန်းတော့ အပန်းဖြေဖို့ လိုတယ်လေဆရာရဲ့၊ ဟဲ . . . ဟဲ . . . ဟဲ''

✡✡✡✡✡✡✡✡✡✡

မကြာမီ ကျွန်ုပ်တို့ မော်တော်ကလေးမှာ အင်းရွာအနီး ရွှေလီမြစ်ကြီး ဧရာဝတီမြစ်အတွင်း စီးဝင်သည့်မြစ်ဝသို့ ရောက်လာသည်။ အင်းရွာမှာ ကသာမြို့မှ မိုင် (၂၀)သာ ကွာဝေးသောနေရာဖြစ်သည်။

မြစ်ဆုံဝဖြစ်၍ လှိုင်းရှိသဖြင့် ကိုဇော်မင်းက မော်တော်ကလေးအား ထိန်းမောင်းနေရသည်။ နောက်တစ်နာရီခန့်အကြာတွင် ကျွန်ုပ်တို့ မော်တော်ကလေး မြတောင်ဇေတာနှင့် ယင်းခဲကြိုးဝိုင်းအစပ်သို့ ရောက်လာသည်။

နေဝင်ပြီဖြစ်၍ တိမ်များတောက်နေသည်။ ကောင်းကင်ပြာကြီးတွင် ရွှေအိုရောင်တိမ်များအား သစ်တောစိမ်းစိမ်းများက အနားသတ်ထားသဖြင့် အလွန်လှပသော မြင်ကွင်းဖြစ်သည်။

ညနေစောင်း၍ ဧရာဝတီမြစ်တွင်းမှ လေနုအေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



တသုန်သုန်တိုက်ခတ်နေရာ အလွန်တရာ ကြည်နူးဖွယ် ကောင်းလှသည်။ နောက်နာရီဝက်ခန့်ကြာတော့ ကသာမြို့ကို နောက်ခံထား၍ ဖက်ဆွတ်တောင်တန်း မဲမဲကြီးက မြို့အရေးကို ကလနားသတ်ထားသည်။

ရောဝတီမြစ်ကမ်းသို့ အခြေပြု၍ တည်ထားသော ကသာမြို့ကို မြစ်ယံအတွင်းမှ မျှော်ကြည့်လိုက်ရာ မီးများလင်းထိန်၍ အလွန်သာယာလှပသော ဆိပ်ကမ်းမြို့ဖြစ်သည်။

ထို့ကြောင့်ပင် ကသာကို ရှေးယခင်က ကမ်းသာမြို့ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်ပေမည်။ မြို့ပတ်ကမ်းနားလမ်းတွင် မြစေတီနှင့် တာဝတီံသာ မဟာအဘယစေတီတော်ကိုလည်း ကြည်နူးဖွယ်ရာ ဖူးမြော်ရသည်။

ထို့အပြင် ဆိပ်ကမ်း၌လည်း မော်တော်များ၊ လှေများနှင့် ရေကြောင်းပြ သင်္ဘောများ ဆိုက်ကပ်ထားသည်မှာလည်း ညနေမှောင်စပျိုးချိန်တွင် စည်ကား၍ လှပလွန်းနေသည်။

ဖက်ဆွတ်တောင်တန်းကြီးနောက်ခံနှင့် ရောဝတီမြစ်ယံအကြားတွင် စေတီဘုရား၊ တိုက်တာအဆောက်အအုံ၊ သင်္ဘောဆိပ်ကမ်းတို့ဖြင့် ကသာမြို့သည် ညချမ်းချိန်ခါတွင် ထည်ဝါဝင့်ကြွားနေတော့သည်။

ကျွန်ုပ်တို့ မော်တော်ဘုတ်ကလေး ကသာဆိပ်ကမ်းရောက်တော့ ည၇ (၇)နာရီခန့်ရှိပြီ။ ဆိပ်ကမ်းတွင် လူသူပြတ်လတ်နေသော်လည်း ကမ်းပေါ်မှ စားသောက်ဆိုင်များတွင် လူစည်ကားလျက် ရှိသည်။

ကျွန်ုပ်တို့ပစ္စည်းများထမ်း၍ ကမ်းပေါ်တက်မှ ဦးနေအောင်၏ သစ်တောဝန်ထမ်းများ အပြေးလာ၍ ကြိုကြသည်။ ကျွန်ုပ်တို့ လက်ဆောင်ပေးရန် ဝက်သားကြပ်တိုက်များအား ခွဲဝေပေးလိုက်ရာ ကျော်စိန်ဝန်းနှင့် နော်ဇာက သူတို့အိမ်သို့ပြန်ကြသည်။





ကျော်စိန်ဝင်း မှာ ရတနာအိုးမဲကြီးအား အဝတ်ဖြင့်ထုပ်၍ အမှတ်တရ ယူဆောင်သွားသလို နော်ဇာက ဝက်သားကြပ်တိုက်များအား အဝတ်နှင့်ထုပ်၍ ရွက်သွားသည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် အတွဲညီသော သူများ ဖြစ်ပါသည်။

**ထိုဇော်ခင်း** ။ ''ဖိုးကျော် ပြန်လာဦးနော်။ ငါတို့ ရွှေဖီမိုးယံက စောင့်နေမယ်''

**ကျော်စိန်ဝင်း** ။ ''အေးပါ၊ မလာမှာ မပူနဲ့။ ရေတောင်မချိုးဘဲ ပြန်လာမှာပါ၊ စိတ်ချ၊''

ဦးနေအောင်က သူ၏တပည့်များအား လက်နက်များ၊ ပစ္စည်းများနှင့် တောဝက်ကြပ်တိုက်သားများအား လွှဲအပ်လိုက်သည်။ ကျွန်ုပ်လည်း ထောင်ပိုင်ကြီးနှင့် ကိုမြင့်ဆွေတို့အားပေးရန် အနည်းငယ်ယူထားလိုက်သည်။

ကျွန်ုပ်တို့ ရွှေဖီမိုးယံဆိုင်ထဲဝင်တော့ လူအတော်စည်ကားနေပြီ။ ကျွန်ုပ်တို့ ဆိုင်အပြင်ဘက် သစ်ပင်အောက်တွင် စားပွဲပြင်ဆင်နိုင်းပြီး ထိုင်ကြသည်။ လွတ်လပ်စွာ စကားပြောနိုင်ရန် ဖြစ်သည်။

**ဦးနေအောင်** ။ ''ကိုသိန်းဝင်း ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ အစီအစဉ်ဆွဲပါဦး''

**ကျွန်ုပ်** ။ ''ပထမဆုံး ဦးစားပေးလုပ်ရမှာက ကွယ်လွန်သူ ကျေးဇူးရှင်တွေဖြစ်တဲ့ ရတနာဒီပံ ဦးလောက်မှုား၊ ဦးလောက်ဖိန်၊ ဦးလောက်စိန်တို့အတွက် တကောင်းကို ပြန်သွားပြီး တကောင်းမြို့က ရွှေစည်းခုံဘုရားကြီးမှာ ဥာပနာအဖြစ်လှူဒါန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပို့ အမျှအတမ်းဝေရမယ်။

အဲ့ဒါကိုတော့ အလေးထားပြီး ဦးနေအောင်တို့ အားမယ့် တစ်ရက်သွားကြတာပေါ့။ ရွှေစည်းခုံဘုရားကြီးဂေါပက အဖွဲ့နဲ့ညှိနှိုင်း လုပ်ဆောင်ရမှာဆိုတော့ နေ့ချင်းတော့ ပြီးမှာမဟုတ်ဘူး။

တစ်ညအိပ် နှစ်ရက်လောက်တော့ အနည်းဆုံးကြာမယ် ထင်တယ်။ ကျွန်တော့်သဘောကတော့ ဘုန်းတော်ကြီး (၅)ပါးလောက်ပါ ပင့်ဖိတ်ပြီး သင်္ကန်းကပ်၊ အကျွေးအမွေးလေးပါလုပ်ပြီး ကွယ်လွန်သွား သူများအတွက် အလှူလုပ် အမျှအတန်းဝေချင်တယ်''

**ဦးနေအောင်** ။ ''လုပ်စမ်းပါဗျာ။ စိတ်တိုင်းကျ လှူစမ်းပါ။ ငွေရေးကြေးရေးလည်း ကျွန်တော်တို့ စုပေါင်းခံပြီး ကုသိုလ်ယူကြတာပေါ့''

**ထိုက်ဇော်ဇင်း** ။ ''ကျွန်တော်ကတော့ အလွန်အားရ ကျေနပ်မိတယ်ဗျာ။ ကိုသိန်းဝင်း ကြိုက်သလို စီစဉ်ပါ။ ကျွန်တော့်သဘောကတော့ ဆရာဦးနေအောင် သဘောအတိုင်းပါပဲ''

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် စားစရာ၊ သောက်စရာများလာချသည်။ သည်ဆိုင်က မှာစရာမလို၊ ကျွန်ုပ်တို့၏အထာကို သိပြီးဖြစ်သည်။ ကျွန်ုပ်တို့ စားသောက်နေကြစဉ် ကျော်စိန်ဝင်း ပြန်ရောက်လာသည်။

**ကျော်စိန်ဝင်း** ။ ''ကဲ . . . ကိစ္စတွေလည်း အောင်မြင်ပြီးဆုံးပါပြီ။ ကျွန်တော့်ကိစ္စ ဘယ်လိုလုပ်ပေးကြမှာလဲ''

**ကျွန်ုပ်** ။ ''ဖိုးကျော် မင်းကိစ္စက ဒုတိယ ဦးစားပေး ၊ ပထမ ဦးစားပေးကိစ္စက တကောင်းကို ပြန်သွားပြီး ကွယ်





လွန်သွားတဲ့ ရတနာဒီပ ဦးလောက်ဖျား၊ ဦးလောက်စိန်၊ ဦးလောက်ဖိန် တို့ ကောင်းရာသုဂတိရောက်အောင် သူတို့ဆန္ဒရှိတဲ့အတိုင်း တကောင်းမြို့က ရွှေစည်းခုံ ဘုရားကြီးမှာ ဥပုသ်နာသွင်း၊ သင်္ကန်းကပ်၊ အလှူလုပ်ဖို့ ငါတို့တိုင်ပင်နေတာ။

အားလုံးသဘောတူထားကြပြီ။ အဲ့ဒီကိစ္စပြီးမှ နော်ဇာကို နန်းကျင်ရွာလိုက်ပို့ရင်း မင်းတို့ကိစ္စကို စီစဉ်ကြတာပေါ့''

**ကျော်စိန်ဝင်း** ။ ''ကောင်းပါရဲ့ဗျာ။ ကုသိုလ်လည်းရ၊ မိန်းမလည်းရ၊ ကျော်စိန်ဝင်းတို့တော့ ကံကောင်းပြီးရင်း ကံကောင်းရင်းပဲ။ ရတနာတွေကလည်း ရထားသေး၊ အဟေး . . . ဟေး . . . ဟေး''

**ထိုက်ဇော်ဇင်း** ။ ''ဟဲ့ကောင် ဖိုးကျော်၊ တိုးတိုးလုပ်စမ်းပါ။ မင်းကတော့ တစ်ကယ့်လူပဲ ဟန်ကိုမဆောင်တတ်ဘူး''

**ကျော်စိန်ဝင်း** ။ ''ကိုယ့်လူရင်းတွေပဲ ဘာဟန်ဆောင်စရာရှိလဲဗျာ။ ပျော်လွန်းလို့ပါ။ ဘာပဲပြောပြော နော်ဇာလေးက ရတနာခဲလေးဗျနော်။ သူ့ကြောင့် ရတနာတွေ ရထာထင်ပါရဲ့''

**ဦးနေအောင်** ။ ''သူ့ကြောင့် မဟုတ်ဘူးဟေ့။ သူ့အဖေကြောင့်ဟ။ သူ့အဖေကလည်း ဦးသိန်းဝင်းကို အားကိုးတကြီး ကျေးဇူးဆပ်ခဲ့တာ။ တကယ်ဆိုရင် ဦးသိန်းဝင်းက အများဆုံးရပြီး နော်ဇာလေးကို စောင့်ရှောက်ရမှာ။

ခုတော့ မင်းကနော်ဇာလေးကို စောင့်ရှောက်ခွင့်ရပြီး ပစ္စည်းလည်း နှစ်ယောက်ပေါင်းပြီး အများဆုံးရသွားတာ''

**ကျွန်ုပ်** ။ ''ဦးနေအောင်ရယ် ကျော်စိန်ဝင်း ကံပေါ့ဗျာ။ ဖူးစာရေစက်ဆိုတာ ထိုက်တဲ့သူနဲ့ရတာပါ။ ကျွန်တော့်

www.burmeseclassic.com



မှာလည်း လက်ထပ်ရမယ့်သူ ရှိပြီးသားမို့ နော်ဇာ ကို ညီမလေးလိုပဲ သဘောထားပါတယ်။ ဒီအကြောင်းကို ကျွန်တော် ကျော်စိန်ဝင်းကိုလည်း ရှင်းပြပြီးပါပြီ''

**တိုဇော်ဓမ်း** ။ ''ဒါနဲ့ဖိုးကျော် မင်းက ရတနာဒီပံလောက်ဖျား ဆိုတဲ့ အိုးကြီးကို အိမ်ယူသွားပြီး ဘာလုပ်ဖို့လဲ''

**ကျော်စိန်ဝင်း** ။ ''အိုးကြီးကို ဆေးကြောသန့်ရှင်းပြီး သောက်ရေအိုး လုပ်မယ်ဗျာ။ သားစဉ်မြေးဆက် ရတနာအိုးကြီးထဲက ရတနာရေကို တစ်ဝကြီးသောက်ကြရင်း ကွယ်လွန်သူ ရတနာဒီပံဦးလောက်ဖျားတို့အဖွဲ့ကို အောက်မေ့သတိရအောင်လို့ပါ''


ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC .com

စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ

NEW IDEA

စိတ်ကူးသစ်စာပေ



စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၉၀၀၀၀၈

www.burmeseclassic.com